ကြေးမုံ The Mirror

၁၃၆၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ရက်၊ ကြာသပတေးနေ့၊ (21-8-2003)(၃၉၆၉)

ဗာဟုသစ္စဉ္စ တေံ မင်္ဂလ မုတ္တမံ။ အကြားအမြင် များခြင်းသည် မြတ်သော မင်္ဂလာမည်၏။

တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာစေတီတော်

အမြင့်သဗ္ဗညု၊ ထုစမ္မရုံ၊ အနုအာနန္ဒာ ဟူသည့်စကားနှင့်အညီ ပန္နက်ပုံစံအလှဆုံး၊ဗိသုကာလက်ရာအကောင်းဆုံး၊ မြန်မာမှုအနုပညာလက်ရာအမြောက်ဆုံး ဘုရားတစ်ဆူအဖြစ် ထူးခြားသပ္ပာယ်လှသော ကျန်စစ်သားမင်းကြီး၏ ကောင်းမှုတော်ဖြစ်သည့် အာနန္ဒာစေတီတော်ပုံစံကိုယူ၍ ကောဇာသက္ကရာဇ် ၁၃၅၈ ခုနှစ် တန်ဆောင်မုန်းလပြည့် (၁၉၉၆ခုနှစ် နိုဝင်ဘာ ၂၅ရက်) တနင်္လာနေ့တွင် တောင်ကြီးမြို့ သိရီပုညဝမ္မနကုန်းတော်မြတ်၌ ရှမ်းပြည်နယ်မြို့တော် တောင်ကြီး၏ ကျက်သရေဆောင် သာသနာထွန်းပြောင်စေမည့် စူဠာမုနိလောကချမ်းသာ စေတီတော်မြတ်ကြီးကို စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်ခဲ့ပြီး ကောဇာသက္ကရာဇ် ၁၃၆၀ပြည့်နှစ် ကဆုန်လပြည့်ကျော် ၆ ရက် (၁၉၉၈ခုနှစ် မေ ၁၆ ရက်) စနေနေ့ နံနက် ၉ နာရီခွဲ၌ စေတီတော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက် မုခ်လေးမုခ်တွင် ပွင့်တော်မူလေပြီးသော ဘုရားလေးဆူကိုယ်စားတော် ကြေးသွန်းရွှေချ ရုပ်ပွားတော်ကြီးများအား ဗုဒ္ဓါဘိသေကအနေကဇာတင်ခဲ့သည်။ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု၊ ရဟန်းရှင်လူဗုဒ္ဓဘာသာဝင်တို့၏ လှူဒါန်းမှုအစုစုတို့ဖြင့် တည်ထားကိုးကွယ်သည့် စူဠာမုနိ လောကချမ်းသာ စေတီတော်မြတ်ကြီးကို ဤသို့သပ္ပာယ်စွာ ဖူးတွေ့ခဲ့ရသည်။

ဓာတ်ပုံမှတ်တမ်း–သွင်အေး(ကြေးမုံ)

သိန်းဝင်းလတ် ရေးသားသော ရှမ်းပြည်နယ် (တောင်ပိုင်း)၏မြို့တော် တောင်ကြီးနှင့် မြို့ ကျက်သရေဆောင် စူဠာမုနိစေတီတော် သတင်းဆောင်းပါးကို စာမျက်နှာ–၉ တွင် ဖော်ပြထားပါသည်။

(စာတည်းမှူး)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့ထုတ် စောင်ရေ ၂၁၁၀၀၇

နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းအောင်မြင်ပြီး နယ်စပ်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တိုင်းရင်းသားအဖွဲ့အစည်းများ၏ နိုင်ငံတော်အစိုးရအပေါ် ယုံကြည်အားထားမှုလည်း ပိုမိုခိုင်မာလာနေ အနောက်နိုင်ငံကြီးအချို့ မြန်မာနိုင်ငံအပေါ် သြဇာလွှမ်းမိုး ခြယ်လှယ်ရေးဦးတည်ပြီး စီးပွားရေးပိတ်ဆို့ လွတ်လပ်သောအချုပ်အခြာအာဏာကို စွန့်လွှတ်ပြီး သူတစ်ပါးသြဇာအာဏာလောင်းရိပ်အောက် အရောက်မခံနိုင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးယိုယွင်းမှု ပြည်ထောင်စုကြီးပြိုကွဲမှု အဖြစ်ဆိုးများမရောက်ရန် တားဆီးကာကွယ်

ရန်ကုန် ဩဂုတ် ၂၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး(၄/၂၀၀၃)ကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ဝန်ကြီးများရုံးရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဝင်များဖြစ်ကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်ဆပ်ကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ➪

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၁-၈-၂၀၀၃
(ကြာသပတေးနေ့)

လယ်ယာကဏ္ဍထုတ်လုပ်မှု မြင့်မားရေး လယ်ယာသုံးစက်ကိရိယာများ တိုးမြှင့်ထုတ်လုပ်

ပြည်ထောင်စုမြန်မာနိုင်ငံသည် ရေမြေသဘာဝသယံဇာတ ကောင်းမွန်ကြွယ်ဝသော နိုင်ငံဖြစ်သည်။ ရေမြေရာသီဥတု ကောင်းမွန်သည်နှင့်အညီ လယ်ယာစိုက်ပျိုးရေးကို အဓိကအားထား လုပ်ကိုင်လျက်ရှိသည်။

နိုင်ငံတော်အတွက် ဖွံ့ဖြိုးတိုးတက်မှု ပဓာနစွမ်းအားစုများ စုဝေးတည်ရှိနေသည့် လယ်ယာစီးပွားရေးလုပ်ငန်းတွင် စွမ်းဆောင်ရည်မြင့်တင် ဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ ကုန်ထုတ်လုပ်မှုများ တိုးတက်ပြီး နိုင်ငံ၏စားနပ်ရိက္ခာနှင့် ပို့ကုန်ဝင်ငွေမြင့်မားရေးကိုပါ အထောက်အကူပြုလာနိုင်မည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများ တိုးတက်လာစေရန် အဘက်ဘက်က စီမံဖြည့်ဆည်းပေးလျက်ရှိနေပေသည်။ မြေရိုင်းများကို မြေယာဥ်အဖြစ် တန်ဖိုးမြင့်တင်ပြုပြင်စိုက်ပျိုးနိုင်ရေး၊ ရာသီအချိန် အခါမရွေး သီးနှံစုံတစ်နှစ်ပတ်လုံး စီစဉ်စိုက်ပျိုးနိုင်ရေးတို့အတွက် စိုက်ပျိုးရေလုံလောက်စွာ ရရှိစေရန် ဆည်မြောင်းတာတမံများကို တည်ဆောက်ပေးလျက်ရှိသည်။

စိုက်ပျိုးရေကို လိုအပ်သလိုထိန်းချုပ်ပေးသွင်းနိုင်စေရန် ရေထိန်းတံခါးများ၊ မြစ်ရေတင်စီမံကိန်းများကို တည်ဆောက်ပေးလျက်ရှိရာ စိုက်ပျိုးရေ မရရှိသည့်ဒေသများ စိုက်ပျိုးရေ ရရှိလာကြပြီဖြစ်သည်။ ရေကြီးရေမြုပ်သည့်ဒေသများ၊ မိုးရာသီတွင် ရေရရှိပြီး နွေရာသီတွင် ရေခန်းခြောက်၍ စိုက်ပျိုးရေတစ်နှစ်ပတ်လုံးမရရှိသည့် ဒေသများသည် ယခုအခါ နှစ်လုံးပေါက်စိုက်ပျိုးလုပ်ကိုင်လာနိုင်ကြပြီဖြစ်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်က ကျေးလက်နေတောင်သူ လယ်သမားများ လယ်ယာစိုက်ပျိုးရေးအတွက် ဆည်တမံ ပေါင်း ၁၅၀ ခုကို ဘဏ္ဍာငွေကျပ်သန်းပေါင်း ၆၃၄၀၀ ကျော် ကျခံသုံးစွဲတည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။ အဆိုပါ ဆည်တာတမံများ၏ အကျိုးကျေးဇူးကြောင့် လယ်မြေဧကပေါင်း နှစ်သန်းကိုးသောင်းကျော်တွင် အကျိုးရှိရှိ စိုက်ပျိုးနိုင်လျက်ရှိသည်။

နိုင်ငံတော်အစိုးရက လယ်ယာကဏ္ဍထုတ်လုပ်မှု တိုးတက်လာစေရေးအတွက် သီးနှံအထွက်ကောင်းမျိုးသန့်များဖြင့် မျိုးပြောင်းလဲစိုက်ပျိုးရေး၊ ဓာတ်မြေဩဇာနှင့် ဒေသထွက်မြေဩဇာများ ပေါင်းစပ်တိုးချဲ့အသုံးပြုရေးနှင့် လယ်ယာသုံး စက်ကိရိယာများ တိုးချဲ့အသုံးပြုရေး၊ လုပ်ငန်းစဉ်များကို ကျယ်ကျယ်ပြန့်ပြန့် ပေါင်းစပ်အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဩဂုတ်လ ၁၆ ရက်နေ့က မန္တလေးတိုင်း ကျောက်ဆည်မြို့ အင်းကုန်းရွာရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာ ဦးစီးဌာန မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံသို့ သွားရောက်ပြီး စက်ရုံရှိ ဓာတ်ခွဲခန်းနှင့် အရည်အသွေးစစ်ဆေးရေးဌာနနှင့် စက်ရုံကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံတွင် အင်ဂျင်အစိတ်အပိုင်းများ၊ ဂီယာအိမ်အစိတ်အပိုင်းများ ထုတ်လုပ်တပ်ဆင်သည့် အလုပ်ရုံ၊ လက်တွန်းထွန်စက်ကိုယ်ထည် အစိတ်အပိုင်းများ၊ အင်ဂျင်များတပ်ဆင်ခြင်း၊ အင်ဂျင်များ စမ်းသပ်လည်ပတ်ခြင်း၊ ဆေးသုတ်ခြင်းများ ဆောင်ရွက်နေသည့် အလုပ်ရုံနှင့် ဂီယာနှင့် ရှတ်အမျိုးမျိုး ထုတ်လုပ်ခြင်း၊ စက်ကိရိယာများ ပြုပြင်ထုတ်လုပ်ခြင်း၊ သံထည်ပစ္စည်းများ အမာသတ္တိပြုပြင်ခြင်းများ လုပ်ဆောင်နေသည့် အလုပ်ရုံများက ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံရှိ အလုပ်ရုံများက တစ်နှစ်လျှင် လက်တွန်းထွန်စက်အစီး ၁၀၀၀၀ နှင့် စပါးရိတ်စက်အစီး ၅၀၀၀ ထုတ်လုပ်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိသည်။ လယ်ယာကုန်ထုတ်လုပ်ငန်းမှနေ၍ ဒေသတွင်း ဆန်စပါးထုတ်လုပ်မှု ပိုလျှံရေး၊ လယ်ယာပို့ကုန်သီးနှံများ တစ်ဧကအထွက်နှုန်း တိုးတက်ရေး ကြိုးပမ်းလျက်ရှိသည့် ကာလတွင် တောင်သူလယ်သမားများကလည်း ခေတ်မီစက်မှုလယ်ယာစိုက်ပျိုးရေးစနစ်သို့ ကူးပြောင်းလုပ်ဆောင် စိုက်ပျိုးလျက်ရှိကြသည်။

သို့ဖြစ်ရာ ဆန်စပါးပိုလျှံရေး၊ ပြည်တွင်းစားသုံးဆီဖူလုံရေး၊ ပို့ကုန်အတွက် အားထားရသည့် ပဲမျိုးစုံနှင့် စက်မှု ကုန်ကြမ်းသီးနှံများ ထုတ်လုပ်မှုမြင့်မားရေး ရည်မှန်းချက်များနှင့်အညီ လယ်ယာသုံး စက်ကိရိယာပစ္စည်းများကို တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်ရေး တိုးမြှင့်ထုတ်လုပ်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၃ခုနှစ် ကောဒသမအကြိမ်(၁၁ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှုအဆိုအက၊အရေး၊အတီးပြိုင်ပွဲ ခုံမင်းပြိုင်ပွဲအတွက် သတ်မှတ်ထားသောတေးသီချင်းများ

(ယမန်နေ့မှအဆက်)

၁။ ပညာရှင်အဆင့်

(က) ပပဝင်းဝင်း (ပတ်ပျိုး)
(ခ) ရွှေပြည်တော်သည် (ပတ်ပျိုး)
(ဂ) သာဆန်းရဂုံဇွေ (ပတ်ပျိုး)
(ဃ) လျှပ်ပန်းခွေနွဲ့ (ယိုးဒယား)
(င) သာတင့်ဆုံး (ယိုးဒယား)
(စ) မန်းတောင်လက်ျာ (ယိုးဒယား)
(ဆ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
(ဇ) မန္တလာဘုံ (ဘွဲ့)

၂။ ဝါသနာရှင်အဆင့်

(က) ညဉ့်သုံးယံခါ (ပတ်ပျိုး)
(ခ) မင်္ဂလာသီရိ (ဘွဲ့)
(ဂ) မိုး (ကာလပေါ်) (ကိုမြကြီး)

၃။အဆင့်မြင့်ပညာအဆင့်

(က) ဇေယျာအောင်ချာ (ကြိုး)
(ခ) တောနှင့်တောင်စွယ် (ယိုးဒယား)
(ဂ) မင်္ဂလာတစ်ဆယ့်နှစ်ပါး (ခေတ်ဟောင်းကာလပေါ်) (စိန်ပါတီ)

၄။ အခြေခံပညာ (၁၅-၂၀)အဆင့်

(က) မင်းလမ်းစပ်ကာ (ကြိုး)
(ခ) တောင်တောသာယာ (ယိုးဒယား)
(ဂ) ကျေးစေတမန် (ကာလပေါ်) (မေရှင်)

၅။ အခြေခံပညာ (၁၀-၁၅) အဆင့်

(က) အတိုင်းမသိမင်္ဂလာကျက်သရေ (ဘွဲ့)
(ခ) ကျွန်းကျွန်းပိုင်သ (ကြိုး)
(ဂ) ဖွဲ့ (ခေတ်ဟောင်းကာလပေါ်) (ပြည်လှဖေ)

၆။ အခြေခံပညာ (၅-၁၀) အဆင့်

(က) ထံတျာတေရှင် (ကြိုး)
(ခ) သီတာသီတာမြသား (ကြိုး)
(ဂ) ရွှေပဇ္ဇုန် (ခေတ်ဟောင်းကာလပေါ်) (ဥသြဘသောင်)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၅၂)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၀

ပြန်ကြားရေး ဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသည့် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၅၂)ကို ယနေ့ထုတ်ဝေဖြန့်ချိထားသည်။ **(ယာပုံ)**



အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်၊ ဆင်တောင်ကြီး၊ ပညာရွှေတောင်၊ ပတ္တမြားငမောက်၊ တင်စိုး၊ လမင်းအိမ်၊ ဝါမိုးအောင်၊ အမေ့အိမ်၊ မန္တလေးမြို့ ထွန်းဦး၊ နဂါး၊ ရဲရင့်စာပေ၊ ပြည်မြို့ အောင်နိုင်၊သုခ၊ မကွေးမြို့ အောင်ဖြိုး၊ကလောမြို့ ပြည်သူ့အလင်းစာနယ်ဇင်း၊ တောင်ကြီးမြို့ မိလျှံနာစာပေ၊ မော်လမြိုင်မြို့ ကျော်ကျော်စာပေ၊ ပျဉ်းမနားမြို့ သရဖူစာပေ၊ ပဲခူးမြို့ သဇင်စာပေ၊ လားရှိုးမြို့ ဝင်းနိုင်စာပေ၊ ဟဲဟိုးမြို့ အရှေ့ကုန်းမြင့်စာပေ၊ ရွှေဘိုမြို့ နံ့သာသစ်စာပေ၊ မအူပင်မြို့ ကျင်ဝင်းငြိမ်းစာပေနှင့် ငွေပဒေသာထီဆိုင်၊ ကွမ်လုံ၊ တန့်ယန်း၊ မူဆယ်မြို့နယ်များရှိ စာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံးများ၌ ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။ (က-ပ)

ဂုဏ်ယူဆင်နွှဲ ရိုးရာတူရိယာပြပွဲ

မြန်မာ့ရိုးရာ၊ တူရိယာတို့
ပြည်ရွာအနှံ့၊ ကျေးလက်ပြန့်ကာ
တည်တံ့ခုတိုင်၊ ဂုဏ်ယူနိုင်၍
ပိုင်ဆိုင်အမြဲ၊ စဉ်သုံးစွဲခဲ့
ပွဲလယ်တင့်တယ်၊ သိမှတ်ဖွယ်ဟု
ရည်ရွယ်ခင်းကျင်း၊ သည်ပွဲခင်း။

တို့ တိုင်းရင်းသား၊ ဘိုးဘေးများမှ
တေးသွားသံစဉ်၊ ဝလေ့ယှဉ်၍
တီထွင်သုံးပြု၊ ယဉ်ကျေးမှုနှင့်
အနုဂီတ၊ ပေါင်းညီမျှလျက်
ရှေးကပညာ၊ အစဉ်လာတွေ
စာပေမှာရှိ၊ ကိုယ်တွေ့သိသော်
ကြည့်မြင်ခဏ၊ အံ့ဩရ၏။

ကြေးကြိုးသားရေ၊ လေလက်ခုပ်ဟု
အုပ်စုခွဲလျက်၊ ဆိုင်းတွဲဖက်ကာ
ပြကွက်စုံလင်၊ လက်တွေ့ယှဉ်သည့်
တင်ဆက်တီးက၊ သရုပ်ပြနှင့်
ကြုံရသည့်ပွဲ၊ ဆုံကာနွှဲလို့
လက်တွဲဖိတ်ခေါ်၊ အကျိုးမျှော်၍
နှိုးဆော်ပေသည်၊ မျိုးဆက်ဆီမှ
ဝေစည်ပြန့်ပွား၊ မွေနှစ်များသည်
သားစဉ်မြေးဆက် တိုင်စေသတည်း။ ။

(မြန်မာ့ရိုးရာတူရိယာပစ္စည်းများပြပွဲသို့)

သောင်းဝင်း(ယဉ်ကျေးမှု)

ထပ်မံသတင်းရရှိ

ရန်ကုန် ဩဂုတ် ၂၀

၂၀၀၃ခုနှစ် ဩဂုတ် ၁၃ရက်ထုတ် သတင်းစာများတွင် ဖော်ပြခဲ့သော အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌထံ ဟောင်ကောင်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် ပြည်တွင်း ပြည်ပရှိ စေတနာရှင်များက ကျန်းမာရေးသုံးအထောက်အကူပစ္စည်းများ၊ ပဋိဇီဝဆေးများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသတင်း၌ အလှူရှင် Sky Link Co., Ltd မှ Mr. Kitichai Ingantr အစား အလှူရှင် ဟောင်ကောင်ရှိ Super Link Trading Ltd မှ Mr. Kitichai Injantr (ခေါ်) ဦးချောင်၊ ဇနီး ဒေါ်ရွှေစင်နှင့် မိသားစု ဖြစ်ကြောင်း ထပ်မံသတင်းရရှိသည်။ (သတင်းစဉ်)

ဒါတွေကို သိဖို့လိုတယ်

* မြှောက်တိုင်းလည်း မမြှောက်နဲ့
* ခြောက်တိုင်းလည်း မကြောက်နဲ့
* ချော့တိုင်းလည်း မပျော့နဲ့

လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းသင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ ၂၀၀၃ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း သင်တန်းဆင်းပွဲကို ယမန်နေ့မွန်းလွဲ ၂နာရီခွဲတွင် မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း အစည်းအဝေးခန်းမတွင် ကျင်းပသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ကိုယ်စား အမျိုးသားစီမံကိန်းဒါရိုက်တာ ဦးဝင်းထွန်းနီက သင်တန်းဆင်းအမှာစကားပြောကြားပြီး ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှ ကျွမ်းကျင်ပညာရှင်Ms. Nelia Marquez က နှုတ်ဆက်စကား ပြောကြားသည်။

တက်ရောက်

အဆိုပါသင်တန်းတွင် စုစုပေါင်း သင်တန်းသား ၁၂၂ဦး တက်ရောက်ကြသည်။ (က-ပ)

ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂကိုယ်စားလှယ် ဌာနချုပ်ရုံး၌ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွား
ကုလသမဂ္ဂအထူးသံတမန် ဆာဂျီယိုဒီမဲလိုးအပါအဝင် လူ၁၇ဦး သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၂၀

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်အရှေ့ပိုင်းရှိ ဟိုတယ်တစ်လုံး၌ ဖွင့်လှစ်ထားသော ကုလသမဂ္ဂကိုယ်စားလှယ်ဌာနချုပ်ရုံး၌ ဩဂုတ် ၁၉ ရက်က ပေါက်ကွဲမှု ဖြစ်ပွားရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်၏ အီရတ်ဆိုင်ရာ အထူးသံတမန် ဆာဂျီယိုဒီမဲလိုး အပါအဝင် လူ ၁၇ဦး သေဆုံးသွားသည်။

ပေါက်ကွဲ မီးလောင်

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ကုလသမဂ္ဂကိုယ်စားလှယ် ဌာနချုပ်ရုံးဖွင့်လှစ်ရာ ဟိုတယ်အဆောက်အအုံ၌ ဩဂုတ် ၁၉ရက်က ပေါက်ကွဲမှုဖြစ်ပွားပြီး မီးလောင်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပြင်းထန်စွာ ပေါက်ကွဲမှုကြောင့် အဆောက်အအုံ၏ အခန်း အများအပြားမှာ ပြိုလဲကျခဲ့ပြီး ယင်းမှာ ကားဗုံးပေါက်ကွဲမှုကြောင့် ဖြစ်ရသည်ဟု အမေရိကန်စစ်ဘက်က ပြောကြားသည်။

အခင်းဖြစ်ပွားချိန်၌ ဒီမဲလိုးမှာ ၎င်း၏ ရုံးခန်းတွင်းမှာပင် ရှိနေပြီး ၎င်း၏ ရုံးခန်းကို တိုက်ရိုက်ပစ်မှတ်ထားကာ ဖောက်ခွဲခဲ့ခြင်း ဖြစ်သည်ဟု အမေရိကန် တာဝန်ရှိသူများက ပြောကြားကြသည်။

အေအက်ဖ်ပီ သတင်းဌာန ဖော်ပြချက်အရ အဆိုပါ ပေါက်ကွဲမှုကြောင့် လူ ၁၇ ဦးထက်မနည်း သေဆုံးရသည်ဟု သိရသည်။

ဧရာမထရပ်ကားကြီးတစ်စင်းပေါ်တွင် ပေါက်ကွဲစေနိုင်သည့် ပစ္စည်းများ တင်ဆောင်ကာ အီရတ်ဆိုင်ရာ ကုလသမဂ္ဂဌာနချုပ်ရုံးကို ပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့ရာတွင် ဒီမဲလိုးမှာ အပျက်အစီးအပိုင်းအစများအတွင်း ပိတ်မိနေပြီး ၎င်းကို ကယ်တင်နိုင်ရန် ကြိုးပမ်းခဲ့ကြသည်။

သယ်ဆောင်

ပေါက်ကွဲမှုဖြစ်ပွားလျှင် ဖြစ်ပွားချင်း အမေရိကန်စစ်ဘက်ဆိုင်ရာ ယာဉ်များနှင့် စစ်ရဟတ်ယာဉ်များမှာ ပေါက်ကွဲမှုဖြစ်ပွားရာနေရာသို့ အပြေးအလွှား ရောက်ရှိသွားပြီး ဒဏ်ရာရရှိသူများကို ဆေးဝါးကုသမှုပေးနိုင်ရန် သယ်ဆောင်ပေးခဲ့သည်။

ပေါက်ကွဲမှုမှာ ပြင်းထန်ပြီး ပျက်စီးသွားသောမှ မီးခိုးလုံးကြီး လိမ့်ထွက်လာသည်ကို တွေ့မြင်ရကြောင်း၊ ပြိုကွဲသွားသောပြတင်းပေါက် မှန်စမှန်နများမှာ တစ်ကီလိုမီတာကွာဝေးသောနေရာသို့ပင်လွင့်စဉ်ကျရောက်ခဲ့ကြောင်း ဒေသခံများက ပြောကြားကြသည်။

ဗုံးပေါက်ကွဲမှုကြောင့် ကုလသမဂ္ဂဝန်ထမ်း ၃၀၀ အလုပ်လုပ်နေသည့် အဆောက်အအုံမှာ ဆိုးဆိုးရွားရွား ပျက်စီးသွားသည်။ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး အမေရိကန်စစ်သည်များက ကယ်ဆယ်ရေး လုပ်ငန်းများကို လုပ်ဆောင်ပေးခဲ့ကြသည်။

အင်တာနက်။

ဆာဂျီယိုဒီမဲလိုး

ဘဂ္ဂဒက်မြို့ကုလသမဂ္ဂ ကိုယ်စားလှယ်ဌာနချုပ်ရုံး၌ ကားဗုံးပေါက်ကွဲရာတွင် သေဆုံးခဲ့ရသည့် အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူး သံတမန် ဆာဂျီယိုဒီမဲလိုး။ *(ဓာတ်ပုံ-ဆင်ဟွာ)*

မြို့တော်ဘဂ္ဂဒက်၌ ယာဉ်စည်းကမ်းဖောက်ဖျက်မှု ဆိုးရွား ဥပဒေစိုးမိုးမှု ပျက်ပြားနေပြီး ကသောင်းကနင်းဖြစ်နေ

ဘဂ္ဂဒက် ဩဂုတ် ၁၉

အီရတ်နိုင်ငံမြို့တော်ဘဂ္ဂဒက်တွင် မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များသည် စည်းကမ်းမဲ့စွာ သွားလာလျက်ရှိကြပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ ရှိနေသည့်ကြားမှာပင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်မှုများ ဆိုးဆိုးရွားရွား ဖြစ်ပေါ်လျက်ရှိကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ညည်းတွားပြောဆိုလျက်ရှိကြသည်။

မော်တော်ယာဉ်မောင်းအချို့သည် ယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်များကို မထီမဲ့မြင်ပြုကာ လျင်မြန်စွာ မောင်းနှင်ထွက်ပြေးသွားသည်လည်း ရှိကြောင်း၊ မြို့တော်ဘဂ္ဂဒက်တွင် တရားဥပဒေစိုးမိုးမှုကင်းမဲ့နေပြီး တရားဥပဒေကို လေးစားမှုမရှိဘဲ ဖြစ်နေကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲဗိုလ်ကြီး ဟာမစ်ခါဒမ်က ပြောကြားသည်။

ယာဉ်ကြောပိတ်ဆို့မှု ဆိုးဆိုးရွားရွား ဖြစ်ပေါ်နေသော အီရတ်နိုင်ငံမြို့တော်ဘဂ္ဂဒက်၏ ဆင်ခြေဖုံးဒေသရှိ ဆင်းရဲနွမ်းပါးသော ရပ်ကွက်များတွင် မြည်းများနှင့်ဆိတ်များက ယာဉ်ကြောပိတ်၍ ခေတ္တရပ်ထားရသော ကားများနံဘေးမှ ဖြတ်ကျော်သွားလာမှုကိုလည်း တွေ့မြင်နိုင်သည်။

အီရတ်နိုင်ငံတွင် ဆက်ဒမ်ဟူစိန်အစိုးရအဖွဲ့ ပြုတ်ကျသွားချိန်မှ စ၍ မြို့တော်ရှိ လမ်းများမှာ ကသောင်းကနင်းအခြေအနေများ ဖြစ်ပေါ်လျက်ရှိသည်။ ဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်ခြင်းကြောင့် မီးပွိုင့်များမှာ အလုပ်မလုပ်တော့ကြောင်း၊ မော်တော်ယာဉ်မောင်းများမှာ သေနတ်များကို ပင်လျှင် ကိုင်ဆောင်ထားပြီး ယာဉ်စည်းကမ်း ဖောက်ဖျက်မှုကြောင့် အရေးယူမည့် ယာဉ်ထိန်း တပ်ဖွဲ့ဝင်များကို သေနတ်ပြ ခြိမ်းခြောက်ကာ အရေးယူခံရမည့်အန္တရာယ်ကို ရှောင်လွှဲကြကြောင်း ယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်များက ပြောကြားသည်။

အီရတ်နိုင်ငံတွင် ယာဉ်မောင်းလိုင်စင်အတုများကို ဈေးပေါစွာဖြင့် ဝယ်ယူရရှိနိုင်ကြောင်း၊ အီရတ်နိုင်ငံကို သိမ်းပိုက်ထားသော အမေရိကန်တပ်ဖွဲ့က ကားသွင်းကုန်များအပေါ် ကန့်သတ်မှု ပယ်ဖျက်ပေးလိုက်ရာ ဂျော်ဒန်နှင့် ကူဝိတ်နိုင်ငံတို့မှနေ၍ ကားများ လိမ့်ဝင်လာနေကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ် ရေနံပိုက်လိုင်း မီးလောင်အပြီး ကမ္ဘာတစ်ဝန်း၌ ရေနံဈေးနှုန်းမြင့်တက်

စင်ကာပူ ဩဂုတ် ၁၉

အီရတ်နိုင်ငံတွင် လွန်ခဲ့သည့် ရက်သတ္တပတ်များက မီးနှစ်ကြိမ်လောင်ပြီးသည့်နောက် အီရတ်နိုင်ငံ ကယ်ကွတ်ပြည်ပပို့ ရေနံပိုက်လိုင်းမှ တစ်ဆင့် ရေနံစိမ်းများတင်ပို့နေမှုကို အဆုံးသတ်စေကာ ဓာတ်ဆီဝယ်ယူသူများက အမေရိကန်ပြည်ထောင်စု၏ တင်းကျပ်သော ဖြည့်တင်းရေးမူဝါဒများနောက်သို့ လိုက်လုပ်နေမှုကြောင့် ကမ္ဘာတစ်ဝန်းရှိ ရေနံဈေးနှုန်းများ တနင်္လာနေ့တွင် မြင့်တက်လာသည်။

နယူးယောက် ကုန်သွယ်မှုဖလှယ်ရေးဌာန၏ စက်တင်ဘာရေနံကြိုရောင်း၊ ကြိုဝယ်ကုန်ပစ္စည်း အစုရှယ်ယာဈေးကွက်သည် ရေနံတစ်ပီပါလျှင် အမေရိကန် ၃၁ ဒသမ ၃၆ ဒေါ်လာရှိရာမှ ၃၁ ဆင့်မြင့်တက်သွားခဲ့ပြီး အောက်တိုဘာ ဘရင့်ရေနံစိမ်းသည် တစ်ပီပါလျှင် အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၂၀ ဒေါ်လာမှ ၃၉ ဆင့်မြင့်တက်သွားခဲ့သည်။

အမေရိကန်ပြည်ထောင်စုတွင် နွေရာသီ ရာသီဥတုပြင်းထန်နေချိန်အတွင်း ဝယ်လိုအားမြင့်မားနေသည့် ဓာတ်ဆီသည် မြောက်အမေရိကဒေသတွင် လွန်ခဲ့သည့်ရက်သတ္တပတ်က မီးပျက်မှုအကြီးအကျယ် ဖြစ်ပွားခဲ့ပြီး ရေနံချက်စက်ရုံ ခုနစ်ရုံပိတ်ပစ်လိုက်ရပြီးသည့်နောက် ဓာတ်ဆီဖြည့်တင်းရေးတွင် နည်းပါးသွားနိုင်သည့် အန္တရာယ်အဖြစ် ခြိမ်းခြောက်လျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

နယူးယောက်၌ နောက်ထပ်မီးပျက်နိုင်မှု မေးစရာဖြစ်လာ အမေရိကန်၏ လျှပ်စစ်ဓာတ်အားပေးမှုစနစ်အပေါ် ပူပန်

နယူးယောက် ဩဂုတ် ၁၉

နယူးယောက်မြို့ကြီးတွင် နောက်ထပ် မီးပျက်မှု မည်သည့်အချိန်တွင် ဖြစ်မဖြစ်ကိစ္စမှာ မေးမြန်းစရာမေးခွန်းတစ်ခုဖြစ်နေကြောင်း၊ ယင်းသို့မဖြစ်ပွားပါက လျှပ်စစ်ဓာတ်အား လိုအပ်ချက်သည် ဖြည့်ဆည်းပေးနိုင်သည်ထက် ကျော်လွန်သွားနိုင်ကြောင်းဖြင့် အမေရိကန်ပြည်ထောင်စု၏ လျှပ်စစ်ဓာတ်အားပေးစနစ်အပေါ် စိတ်ပူပန်မှုရှိနေကြသည့် အသုံးဝန်ဆောင်လုပ်ငန်းကျွမ်းကျင်သူများကပြောကြားလိုက်သည်။

အသုံးပြု

အမေရိကန်ပြည်ထောင်စု၏ လျှပ်စစ်ဓာတ်အားပေးစနစ်မှာ ပြင်ဆင်မွမ်းမံမှုမရှိခဲ့သည့် ဓာတ်အားပေးကြိုးများနှင့် အနှစ် ၃၀ကျော်မျှ အဓိကကူညီပံ့ပိုးမှုမရရှိခဲ့သည့် ဓာတ်အားပေးကြိုးများကို အသုံးပြုနေရခြင်း ဖြစ်သည်။

လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစွမ်းအားသည် ၃၇၄၁၈ မဂ္ဂါဝပ်ရှိပြီး လျှပ်စစ်ဓာတ်အား အသုံးပြုမှုပမာဏမှာ ၃၇၀၈၇ မဂ္ဂါဝပ် ရှိသောကြောင့် လျှပ်စစ်ဓာတ်အား ပိုလျှံမှုသည် အနည်းအကျဉ်းမျှသာရှိသည်။

နှစ်ကြိမ်မေး

မီးပျက်မှု နောက်တစ်ကြိမ်ပြန်လည် ဖြစ်ပွားနိုင်ကြောင်း၊ မိမိတို့ ယခင်ကလည်း ယင်းမေးခွန်းမျိုး နှစ်ကြိမ် မေးခဲ့ပြီးဖြစ်ကြောင်း၊ ယခု တတိယအကြိမ် မေးမြန်းလျက်ရှိကြောင်းဖြင့် စွမ်းအင်ကော်မတီဥက္ကဋ္ဌ ပေါလ်တွန်ကို ကပြောကြားသည်။

သီသီလေးလွဲဖယ်ခဲ့

နယူးယောက်၏ ဓာတ်အားပေးစနစ်သည် အမေရိကန်ပြည်ထောင်စု၌ သက်တမ်းအကြာဆုံးတွင် ပါဝင်လျက်ရှိပြီး ယင်းစနစ်ကိုမြှင့်တင်ပေးရမည် ဖြစ်ကြောင်း ပေါလ်တွန်ကိုက ပြောကြားသည်။ ယခင်ကာလအတွင်းက ဖြစ်ပွားခဲ့သည့် သဘာဝ ဘေးအန္တရာယ်ဆိုးများက မီးပျက်မည့်ဘေးမှ သီသီလေး လွဲဖယ်ခဲ့ကြောင်း၊ ကြာသပတေးနေ့က မီးပျက်မှုမှာ ကြေကွဲဖွယ်ကောင်းသည့်အခြေအနေများတန်းစီရှိနေစဉ်ဖြစ်ပွားလာခဲ့ခြင်းဖြစ်ကြောင်း တွန်ကိုက ဆက်လက်ပြောကြားသည်။

မီးပျက်မှု အကြီးအကျယ်ဖြစ်ပွားခဲ့စဉ် အမေရိကန်ပြည်ထောင်စုတစ်ဝန်းရှိပြည်သူ၈ဝရာခိုင်နှုန်း မီးမှောင်ထဲတွင်နေကြရသည်။

စုံစမ်းစစ်ဆေးမှု ပြုလုပ်ရာတွင် ခန့်မှန်းချက်တစ်ခုအရ ယင်းသို့မီးပျက်မှုဖြစ်ပေါ်ရခြင်းသည် အခြေခံအဆောက်အအုံဆိုင်ရာ ငွေကြေးမတည်ငြိမ်မှုနှင့် အခြေခံအဆောက်အအုံဆိုင်ရာလူအင်အားတွင် ရင်းနှီးမြှုပ်နှံမှု သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုကို လျှော့ချခြင်းပြဿနာ ဖြစ်ကြောင်း တွန်ကိုကပြောကြားသည်။

မိမိတို့အနေဖြင့် နောက်ထပ် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရန် အားပေးကြောင်းဖြင့် နယူးယောက် လွတ်လပ်သည့်စနစ် မောင်းနှင်ရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ကန်ကလက်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်၌ ရိုက်တာဓာတ်ပုံသတင်းထောက် ပစ်သတ်ခံရမှု လူသိရှင်ကြားဖြေရှင်းပေးရန် အမေရိကန်အား တောင်းဆို

ဘဂ္ဂဒက် ဩဂုတ် ၁၉

အီရတ်၌ အမေရိကန်စစ်သားများ၏ လက်ချက်ဖြင့် သေဆုံးသွားသော ရိုက်တာဓာတ်ပုံသတင်းထောက် မာဇင်ဒါနာ သေဆုံးမှုကို စုံစမ်းစစ်ဆေးရန် သတင်းစာဆရာများ၊ စောင့်ကြည့်ရေးအဖွဲ့များက တနင်္လာနေ့တွင် တောင်းဆိုလိုက်သည်။

ဝမ်းနည်း

အမေရိကန်စစ်ဘက်က ယင်းကိစ္စမှာ မှားယွင်းပစ်ခတ်မှုဖြစ်ပြီး ဝမ်းနည်းကြောင်းပြောဆိုသည်။ သို့သော်ရန်သူအဖြစ် ခြိမ်းခြောက် အန္တရာယ်ပေးလာမည်ဟု ထင်မြင်ယူဆလျှင် စစ်သားများက သတိပေး ပစ်ဖောက်နေမည် မဟုတ်ကြောင်း ပြောကြားလိုက်သည်။

ရိုက်တာ ဓာတ်ပုံသတင်းထောက် ဒါနာ သေဆုံးမှုကြောင့် အီရတ်ပြောက်ကျားများအား အမေရိကန်စစ်သားများက တိုက်ခိုက်မှုသတင်းများ ယူနေသည့် ရာနှင့်ချီရှိသော သတင်းစာဆရာများအား စိတ်ဓာတ်ကျဆင်းစေသည်။

အီရတ်တွင် အမေရိကန် စစ်သားများ၏လက်ချက်ဖြင့် နောက်ထပ် ရိုက်တာ သတင်းစာဆရာတစ်ယောက် သေဆုံးသွားရကြောင်း ထုတ်ပြန်ကြေညာရသည်မှာ မိမိများစွာဝမ်းနည်းရကြောင်းဖြင့် ရိုက်တာအုပ်ချုပ်ရေးမှူးချုပ် တွမ်ဂလိုဆာက ပြောကြားလိုက်သည်။

နယူးယောက်အခြေစိုက် သတင်းစာဆရာများ ကာကွယ်စောင့်ရှောက်ရေးကော်မတီနှင့်ပါရီ အခြေစိုက် နယ်ခြားမဲ့ သတင်းထောက်များ အဖွဲ့တို့က အသက်(၄၃)နှစ်ရှိ ပါလက်စတိုင်းလူမျိုး သတင်းထောက်မာဇင်ဒါနာအား တနင်္ဂနွေနေ့က အမေရိကန်စစ်တပ်က ပစ်သတ်မှုကို အပြည့်အဝ စုံစမ်းစစ်ဆေးပြီး လူသိရှင်ကြား ဖြေရှင်းရန် တောင်းဆိုထားသည်။

ဘဂ္ဂဒက်မြို့ဆင်ခြေဖုံးရှိ အကျဉ်းထောင်အနီးတွင် ကလေးလေးယောက်ဖခင်သတင်းထောက်မာဇင်ဒါနာကဗီဒီယိုရိုက်ကူးနေစဉ် အမေရိကန်စစ်သားများ၏ ပစ်ခတ်သတ်ဖြတ်မှုကြောင့် သေဆုံးသွားရခြင်းဖြစ်သည်။

သတင်းထောက်ဒါနာ၏ ကင်မရာကို ဒုံးပစ်လောင်ချာဟု စစ်သားများက အထင်မှားပြီး ပစ်သတ်လိုက်ခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

ဒါနာ၏ဇာတိမြို့ဖြစ်သည့် ဂျော်ဒန်မြစ် အနောက်ဘက်ရှိ ဟီဘရွန်၌ ဒါနာ သေဆုံးမှုအတွက် ဆွေမျိုးမိတ်သင်္ဂဟများက ပူဆွေးနေကြပြီး အမေရိကန် ဆန့်ကျင်ရေး စိတ်ဓာတ်များ တိုးပွားကာ သတင်းစာဆရာများအား ပိုမိုအကာအကွယ်ပေးရန် တောင်းဆိုကြသည်။ ***အင်တာနက်။***

ကိုင်ဆောင်ဆန္ဒပြ

ရိုက်တာသတင်းဌာနမှ ဓာတ်ပုံဆရာ မာဇင်ဒါနာ အီရတ်နိုင်ငံတွင် ပစ်သတ်ခံရမှုနှင့်ပတ်သက်၍ အနောက်ဘက်ကမ်း ရာမာလာမြို့တွင် ဆန္ဒပြပွဲကျင်းပရာ ကွယ်လွန်သူမာဇင်ဒါနာ၏ ရုပ်ပုံလွှာကိုကိုင်ဆောင်လျက် ဆန္ဒပြကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ် အရပ်သားများသေဆုံးမှု များပြားလာသည့်အတွက် အမေရိကန်တပ်သားများကို ရှောင်ဖယ်ရှောင်ဖယ် လုပ်လာ

ဘဂ္ဂဒက် ဩဂုတ် ၁၉

အမေရိကန်စစ်သားများက ပထမဆုံးအဖြစ် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင်း ဝင်ရောက်ခဲ့ပြီး သမ္မတဆက်ဒမ်ဟူစိန်အား ရာထူးမှဖြုတ်ချစဉ်ကာလတွင် အီရတ်နိုင်ငံသားများက အမေရိကန်စစ်သားများအား လက်ကမ်းကြိုဆိုခဲ့ကြသည်။ သို့ရာတွင် အရပ်သားများသေဆုံးမှု မြင့်မားလာသောအခါ အီရတ်နိုင်ငံသားများက ၎င်းတို့ကို ရှောင်ဖယ်ရှောင်ဖယ်လုပ်ပြီး ကြောက်စိတ်များဝင်လာကြသည်။

မှန်တေတေရှုသိုးသိုး

အီရတ်နိုင်ငံ သိမ်းပိုက်ရေးတပ်သားများအား လွတ်မြောက်ရေးကယ်တင်ရှင်ကြီးများအဖြစ် ချီးကျူးဂုဏ်ပြုရမည့်အစား ဘဂ္ဂဒက်မြို့နေ လူထု ငါးသန်းတို့သည် အမေရိကန်စစ်သားများ သို့မဟုတ် တင့်ကားများ မြင်မြင်ချင်း မှန်တေတေရှုသိုးသိုး မျက်နှာထားဖြင့် ခေါင်းငိုက်စိုက်ချရင်း လမ်းမများပေါ်သို့ ကူးသန်းသွားလာလျက်ရှိကြသည်။

ပိုမိုကြောက်လန့်

မိမိတို့တွင် စိုးရိမ်ကြောက်လန့်မှု အပြည့်ရှိကြောင်း၊ ၎င်းစစ်သားများမှာ မိမိတို့နေရာဒေသတွင် နေထိုင်ခဲ့သည်မှာ တစ်လရှိပြီဖြစ်ကြောင်း၊ မိမိသည် ၎င်းတို့နှင့် အဆက်အသွယ်မရှိကြောင်း၊ တစ်ဦးကိုတစ်ဦးတွေ့ သည်ထက် ဘာမှမပိုကြောင်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ အမာအဘာစ်က ပြောကြားသည်။

မိမိတို့ သူတို့နှင့် မနေလိုကြောင်း၊ သူတို့ ချက်ချင်းပြန်သင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆက်ဒမ်လက်ထက်က အဖိနှိပ်ခံ ရှီးယားမွတ်စလင်များက အီရတ်နိုင်ငံသို့ ဝင်ရောက်လာသည့် အမေရိကန်စစ်သားများအား သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။ ၎င်းတို့နေထိုင်ရာ ဆက်ဒါမြို့ဆင်းရဲသားရပ်ကွက်တွင် အလံပြဿနာနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်ခဲ့ရာ အမေရိကန်စစ်သားများက အီရတ်တစ်ဦးအားပစ်သတ်ခဲ့ကာ အခြားသုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။

ပစ်သတ်ခံခဲ့ရ

ဘဂ္ဂဒက်နှင့် အမေရိကန်စစ်သားများ၏ စစ်ဆေးရေးဂိတ်များတွင် အရပ်သားများအား စစ်ဆေးရာတွင် အချိန်မီမရပ်ဘဲနေမှုကြောင့် အီရတ်အရပ်သား အများအပြားပစ်သတ်ခံခဲ့ရသည်။ စီးပွားရေး တောင့်တင်းသည့် မန်ဆာဒေသတွင် ဆက်ဒမ်ဟူစိန်အား ရှာပုံတော်ဖွင့်နေသည့် အမေရိကန်စစ်သားများ၏ မတော်တဆပစ်ခတ်မှုကြောင့် အီရတ်ငါးဦး သေဆုံးခဲ့သည်။

ယခုလစောစောပိုင်းက အီရတ်ရဲသားနှစ်ဦးမှာ အမေရိကန်စစ်သားများက ပြောက်ကျားများအထင်ဖြင့် မှားယွင်းပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။ တနင်္ဂနွေနေ့ကလည်း ရိုက်တာသတင်းဌာနမှ သတင်းဓာတ်ပုံဆရာ မာဇင်ဒါနာ ကိုင်သည့် ဓာတ်ပုံရိုက်ကင်မရာကို လက်နက်အထင်ဖြင့် အမေရိကန်စစ်သားများက မှားယွင်းပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရသည်။

အမေရိကန်စစ်သားများ၏ မတော်တဆသေစေမှုများနှင့် ဆက်ဒမ်ဟူစိန်အားထောက်ခံမှုပေးသည်ဟု သင်္ကာမကင်းဖြစ်ရသည့် အီရတ်နိုင်ငံသားများအား နေ့စဉ်ဖမ်းဆီးမှုက အီရတ်နိုင်ငံသားများအား ကြောက်ရွံ့စိတ်မိုးမွှန်စေပြီး အမေရိကန်စစ်သားများအနေဖြင့် အီရတ်နိုင်ငံသားများထံမှ ကြင်နာယုယမှုနှင့် တလေးတစား အလေးထားမှုများရရှိမည့် မျှော်လင့်ချက်များ ရေစုန်မျောစေသည်။ ***အမ်အင်အေ၊ရိုက်တာ။***

စပိန်၌ မိုးသည်းထန်၍ ဓာတ်အားပြတ်တောက်

မဒရစ် ဩဂုတ် ၁၉

စပိန်နိုင်ငံတွင် သီတင်းတစ်ပတ်ကြာ အပူလှိုင်းရိုက်ခတ်မှုဒဏ် ခံစားရပြီးနောက် နိုင်ငံအနှံ့အပြား၌ ရေလွှမ်းမိုးမှုဒဏ် ခံစားရလျက်ရှိသည်။

မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ဘာစီလိုနာ၊ ကာတိုနီးယားဒေသ အရှေ့မြောက်ဘက်နေရာများနှင့် ဗီလစ်ပီးယားဒေသတို့တွင် သစ်ပင်များ အမြစ်မှ ကျွတ်ထွက်ခြင်း၊ ရထားခရီးစဉ်များ နှောင့်နှေးခြင်းနှင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။ *စီအင်န်အင်န်။*

ပျားရည် ဝက်ဝံ

ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တော် တောင်ဘက် တိရစ္ဆာန်ရုံရှိ ဝက်ဝံကယ်ဆယ်ရေးဌာနမှ အသက်သုံးနှစ်သားအရွယ် ဝက်ဝံမလေးကို ဇူလိုင် ၁၉ ရက်က တွေ့ရစဉ်။ (ယင်းဝက်ဝံမျိုးသည် အချိုအရသာကို နှစ်ခြိုက်သွားသည့်အတွက် ပျားရည်ဝက်ဝံဟူ၍ပင် ခေါ်ကြသည်။) *(ဓာတ်ပုံ-အင်တာနက်)*

ငလျင်၏ဆိုးကျိုးများ တူရကီခံစားနေရဆဲ

အန်ကာရာ ဩဂုတ် ၁၉

တူရကီနိုင်ငံ အနောက်မြောက်ပိုင်း၌ အပျက်အစီး အများစွာဖြစ်ပေါ်ခဲ့သော ငလျင်လှုပ်ခဲ့သည်မှာ လေးနှစ်ကျော်လွန်ခဲ့ပြီဖြစ်သော်လည်း ပြည်သူများမှာ ယခုအချိန်ထိ အဆိုပါသဘာဝဘေးအန္တရာယ်ဆိုး၏ အကျိုးဆက်များကို ခံစားနေရဆဲဖြစ်ကြောင်း တူရကီသတင်းစာတွင် တနင်္လာနေ့က ဖော်ပြခဲ့သည်။

၁၉၉၉ ခုနှစ် ဩဂုတ် ၁၇ ရက်က တူရကီနိုင်ငံ မာမရာဒေသနှင့် နိုဝင်ဘာ ၁၂ ရက်က ဂျပ်ဆီဒေသ၌ အင်အားပြင်းထန်သော ငလျင်လှုပ်ခဲ့ရာ လူနေအဆောက်အအုံ စုစုပေါင်း ၃၇၆၆၅ လုံး ပျက်စီးခဲ့သည်။

အသက်မသေ ကျန်ရစ်ခဲ့သူများအနက် အထူးသဖြင့် ကလေးငယ်များမှာ စိတ်ရောဂါဝေဒနာများ ခံစားခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကမ္ဘာမြေပြင် လေ့လာရေးပြုလုပ်ရန် ဂြိုဟ်တု ၁၇ လုံး ဂျပန်လွှတ်တင်မည်

တိုကျို ဩဂုတ် ၁၉

ဂျပန်နိုင်ငံသည် ကမ္ဘာမြေပြင်အား အဓိကထားလေ့လာမှုများပြုလုပ်ရန် ပြည်တွင်း၌ထုတ်လုပ်သော ဂြိုဟ်တု ၁၇ လုံးကို ၂၀၀၇ ခုနှစ် ဘဏ္ဍာရေးနှစ်အကုန်ပိုင်းအရောက်တွင် လွှတ်တင်ရန်ရည်ရွယ်ထားကြောင်း ကျိုဒိုသတင်းဌာနက တနင်္လာနေ့တွင် ဖော်ပြသည်။

အဆိုပါအစီအစဉ်သည် ဂျပန်နိုင်ငံ၏ အာကာသဖွံ့ဖြိုးမှုဝါဒ၏ အခြေခံဖြစ်ပြီး ၎င်းကို ဂျပန်အာကာသလေ့လာရေးအေဂျင်စီက ထိန်းချုပ်ဆောင်ရွက်မည်ဖြစ်သည်။ ဂြိုဟ်တုများကို လူသားများ၏ နေ့စဉ်ဘဝကို အကျိုးပြုမည့် ပိုမိုလက်တွေ့ကျသော ကိစ္စရပ်များတွင် အသုံးပြုရန် ရည်ရွယ်သည်။

ဂြိုဟ်တု ၁၇ လုံးလွှတ်တင်ရန် အစီအစဉ်ကို ဂျပန်အစိုးရက စတင်ဖော်ဆောင်ခြင်းဖြစ်သည်။

ဂြိုဟ်တု ၁၇ လုံးအနက် တစ်လုံးမှာ ဖန်လုံအိမ်အာနိသင် သက်ရောက်စေသည့် ဓာတ်ငွေ့လေ့လာရေး ဂြိုဟ်တုဖြစ်ပြီး လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ပါဝင်မှုကို တိကျစွာ တိုင်းတာနိုင်ရန် တည်ဆောက်ထားသည်။

အခြားတစ်လုံးမှာ ကမ္ဘာတစ်ဝန်းလုံး မိုးရွာသန်းမှု ပမာဏကဲ့သို့သော အခြေခံအချက်အလက်များကို စုဆောင်းပေးမည်ဖြစ်သည်။ *အမ်အင်အေ၊ ဆင်ဟွာ။*

အီရတ်တွင် အုပ်ချုပ်ရေးကောင်စီထူထောင်မှု ဒီမိုကရေစီမကျ အမေရိကန်နှင့် ဗြိတိန်တို့ကို မလေးရှားဝန်ကြီးချုပ် ဝေဖန်ပြောဆို

ဒမတ်စကတ် ဩဂုတ် ၁၉

အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့ အနေဖြင့် အီရတ်နိုင်ငံတွင် အီရတ်ပြည်သူ၊ ပြည်သားများ ရွေးချယ်တင်မြှောက်စေမည့် အစိုးရဖွဲ့စည်းခွင့်ပြုရမည့်အစား အီရတ်နိုင်ငံတွင် အုပ်ချုပ်ရေးကောင်စီ ထူထောင်ခြင်းသည် ဒီမိုကရေစီ နည်းလမ်းမကျကြောင်းဖြင့် မလေးရှားဝန်ကြီးချုပ် မဟာသီယာမိုဟာမက်က တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

မလေးရှားဝန်ကြီးချုပ်မဟာသီယာမိုဟာမက်သည် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေး ဒမတ်စကတ်တွင် ကျင်းပနေစဉ် သတင်းစာရှင်းလင်းပွဲ၌ ဖော်ပြပါအတိုင်းပြောကြားခြင်းဖြစ်သည်။ မဟာသီယာက အနောက်အုပ်စုများက မွတ်စလင်များအား ကြိုးကိုင်ခြယ်လှယ်ရန် ကြိုးပမ်းသူများအား တွန်းလှန်တိုက်ဖျက်ရန်လည်း ဆော်ဩသွားသည်။

ဖော်ပြပါနိုင်ငံများက ဒီမိုကရေစီကို အမှန်အကန်ယုံကြည်မှုရှိပါက အီရတ်ပြည်သူ တစ်ရပ်လုံး စိတ်ကြိုက်ရွေးချယ် တင်မြှောက်ခွင့်ရနိုင်မည့် အစိုးရအဖွဲ့မျိုးကိုထူထောင်ရန် ခွင့်ပြုသင့်ကြောင်း မဟာသီယာက ဆက်လက်ပြောကြားသည်။

ပြောကြား

မိမိတို့ မွတ်စလင်များက အနောက်အုပ်စုနိုင်ငံများ၏ ဩဇာခံမည်မဟုတ်သလို ကြိုးကိုင်ခြယ်လှယ်ခွင့်ပြုမည်မဟုတ်ကြောင်း မဟာသီယာက ထပ်လောင်းပြောကြားသည်။ ၎င်းသည် ၅၆ နိုင်ငံပါဝင်သည့် အစ္စလမ္မစ် ညီလာခံအဖွဲ့(အိုင်စီအို)တွင် သုံးနှစ်သက်တမ်းအဖြစ် ဥက္ကဋ္ဌရာထူး ဆောင်ရွက်ရမည်ဖြစ်သည်။

ပိုင်ဆိုင်ထား

အမေရိကန်ပြည်ထောင်စုက ခန့်အပ်သည့် ၂၅ဦးပါ အီရတ်အုပ်ချုပ်ရေးကောင်စီသည် အီရတ်နိုင်ငံဆိုင်ရာ အမေရိကန် အရပ်သားအုပ်ချုပ်ရေးမှူးက ၎င်းတို့၏ ဆုံးဖြတ်ချက်များအား ဗီတိုအာဏာနှင့် ပယ်ချနိုင်ခွင့်ရှိသော်လည်း အုပ်ချုပ်ရေး အခွင့်အာဏာအချို့ ပိုင်ဆိုင်ထားသည်။

စဉ်းစားမည်မဟုတ်

မလေးရှားနိုင်ငံအနေဖြင့် ကုလသမဂ္ဂက ခွင့်မပြုသမျှ ကာလပတ်လုံး အီရတ်နိုင်ငံရှိ ငြိမ်းချမ်းရေး ထိန်းသိမ်းရေး မစ်ရှင်အတွက် တပ်သားများ များများစားစားလွှတ်ရန် စဉ်းစားမည်မဟုတ်ကြောင်းကိုလည်း မဟာသီယာက ပြောကြားသည်။

ကုလသမဂ္ဂ ရှေ့ဆောင်ရှေ့ရွက်မပြုသည့် လုပ်ရပ်သို့တည်းမဟုတ် ကုလသမဂ္ဂက ခွင့်မပြုသည့်လုပ်ရပ်နှင့် စပ်လျဉ်း၍ အီရတ်နိုင်ငံတွင် မည်သည့်ကိစ္စဆောင်ရွက်နေသမျှ ကာလပတ်လုံး မိမိတို့အနေဖြင့် မည်သည့်ကိစ္စမျှ ဆောင်ရွက်စရာအကြောင်း မရှိကြောင်း ၎င်းက ပြောကြားသွားသည်။

အမ်အင်အေ၊ ရိုက်တာ။

ရေနံပိုက်လိုင်း မီးလောင်

အီရတ်နိုင်ငံမြောက်ပိုင်း ဘီဂျီမြို့အနီးတွင် ရေနံပိုက်လိုင်း တိုက်ခိုက်ခံရ၍ မီးလောင်နေသည်ကို ဩဂုတ် ၁၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



အီရတ်နိုင်ငံတွင်းမှ ခုခံသူများ၏ တိုက်ခိုက်ရေးနည်းဗျူဟာသစ်များ မတည်မငြိမ်ဖြစ်အောင်လုပ်ပြီး အမေရိကန်တပ်များကို မောင်းထုတ်လိုသည့် သဘောဖြစ်

ဘဂ္ဂဒက် ဩဂုတ် ၁၉

ယခုရက်သတ္တပတ်ကုန်ပိုင်းက အီရတ်နိုင်ငံတွင် ဘဂ္ဂဒက်မြို့ကို ရေပေးဝေသည့် ရေပိုက်ကိုဖောက်ခွဲမှု၊ အီရတ်ရေနံပိုက်လိုင်းတွင် ထပ်မံပေါက်ကွဲမီးလောင်မှုနှင့် အီရတ်ခြောက်ဦးသေပြီး ၅၉ဦး ဒဏ်ရာရသွားစေသည့် အကျဉ်းထောင်အနီး စိန်ပြောင်းနှင့်ပစ်ခတ်မှု စသည့် ၁၂နာရီအတွင်း ဆက်တိုက်ထိန်းမနိုင်သိမ်းမရ ဖြစ်ခဲ့သည်။

ယင်းသို့သော တိုက်ခိုက်မှုများကြောင့် အမေရိကန်စစ်သားများကိုသာ ရွေးပြီးတိုက်ခိုက်တတ်သည့် အီရတ်ခုခံရေးသမားများအနေဖြင့် ယခုအခါတွင် အရပ်ဘက်ပစ်မှတ်များနှင့် စီးပွားရေး အရ လျှို့ဝှက်ထိုးနှက်ချက် အပါအဝင် ၎င်းတို့၏ တိုက်ခိုက်ဖျက်ဆီးမှုများကို တိုးချဲ့လိုက်ပြီလောဟု စိုးရိမ်လာကြရသည်ဆို၏။

ရေပိုက်လိုင်းကို ဖောက်ခွဲခြင်းမှာ အဖျက်သမားတို့၏ လုပ်ရပ်ဖြစ်ကြောင်း စုံစမ်းစစ်ဆေးသူများက ပြောဆိုသည်။ ထို့ပြင် ရေနံပိုက်လိုင်း တစ်လျှောက် ဖောက်ခွဲမီးရှို့ခြင်းကိုလည်း အဖျက်လုပ်ရပ်ဟုပင် တွေးထင်ယူဆရသည်။

ပေးပို့

သောကြာနေ့က ရေနံပိုက်လိုင်း အခြားတစ်နေရာကို အဖျက်သမားများက ဖောက်ခွဲဖျက်ဆီးခြင်းမှာ အီရတ်နိုင်ငံမြောက်ပိုင်းတွင် ဖြစ်ပွားသည်။ အဆိုပါ ရေနံပိုက်လိုင်းဖြင့် အီရတ်ရေနံများကို တူရကီတို့ ပေးပို့ခြင်းဖြစ်သည်။

ပစ်ခတ်တိုက်ခိုက်

အဘူဂရိုက် အကျဉ်းထောင်တွင် စနေနေ့ည သန်းခေါင်မတိုင်မီတွင် စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက် ခံရသည်။

ယနေ့မွန်းလွဲပိုင်းတွင် ထိုအကျဉ်းထောင်၌ မဇင်ဒါနာဆိုသူ ရိုက်တာ ဓာတ်ပုံသတင်းထောက်ကို အမေရိကန်တပ်သားတစ်ဦးက သေနတ်ဖြင့် ပစ်သတ်လိုက်ကြောင်း အမေရိကန်စစ်ဘက်ပြောရေး ဆိုခွင့်ရှိသူက ပြောဆိုသည်။ အမေရိကန်တပ်သားက ၎င်းအား သေနတ်ဖြင့် ပစ်ချိန်တွင် မဇင်ဒါနာသည် အကျဉ်းထောင်အပြင်ဘက်တွင် ဗီဒီယိုရိုက်ကူးနေသည်ဟု ရိုက်တာက ဖော်ပြထားသည်။

အကျဉ်းထောင်ကို စနေနေ့က တိုက်ခိုက်ခြင်း၏ ရည်ရွယ်ချက်ကို အသေအချာ မသိရသော်လည်း ပိုက်လိုင်းများကို ဖျက်ဆီးမှုကဲ့သို့သော ဖောက်ခွဲမှုများမှာ အီရတ်နိုင်ငံကို မတည်မငြိမ်ဖြစ်အောင်လုပ်ပြီး အမေရိကန်စစ်သားများကို မောင်းထုတ်ရန် ရည်ရွယ်ခြင်းဖြစ်နိုင်သည်ဟု အရာရှိများက သုံးသပ်နေကြသည်။

အင်တာနက်။

ဘဂ္ဂဒက်မြို့၌ ပေါက်ကွဲမှုဖြစ်ပွား အမေရိကန်တပ်သားတစ်ဦး သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၁၉

အမေရိကန်တပ်သားတစ်ဦးသည် ပေါက်ကွဲစေတတ်သည့် ပစ္စည်းကြောင့် ဘဂ္ဂဒက်မြို့တွင် တနင်္လာနေ့က သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ရန်လိုတိုက်ခိုက်မှု

ယင်းစစ်သား မည်သို့မည်ပုံ သေဆုံးသည်နှင့်ပတ်သက်၍ အမေရိကန်စစ်ဘက်က အသေးစိတ်ပြောကြားခြင်း မရှိပေ။ သို့ရာတွင် အလယ်ပိုင်းစစ်ဌာနချုပ် ပြောရေးဆိုခွင့်သူတစ်ဦးက ယင်းဖြစ်ရပ်မှာ ရန်လိုတိုက်ခိုက်မှုဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါတပ်သားသည် အမှတ်(၁) သံချပ်ကာတပ်မမှဖြစ်ပြီး အမှတ်(၂၈) တိုက်ခိုက်ရေး တောက်ဒိုဆေးရုံသို့ သယ်ဆောင်သွားရာ ညနေ ၃နာရီ ၁၅မိနစ်တွင် သေဆုံးသွားကြောင်း ၎င်းဆေးရုံက ကြေညာသည်ဟု ဖော်ပြပါ ကြေညာချက်တွင် ပါရှိသည်။

အဆိုပါဖြစ်ရပ်သည် ဘဂ္ဂဒက်မြို့လယ်ပိုင်းရှိ ရှီးယားများနေထိုင်ရာ ကာရာဒါဒေသတွင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

သေဆုံး

သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ဘုရှ်က အီရတ်နိုင်ငံတွင် အဓိကတိုက်ပွဲများ အဆုံးသတ်သွားကြောင်း မေ ၁ရက်က ကြေညာပြီးသည့်နောက် အီရတ်နိုင်ငံရှိ စစ်သားများအား တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်သား ၆၁ဦးနှင့် ဗြိတိသျှစစ်သား ခုနစ်ဦးတို့ သေဆုံးခဲ့သည်။ ဒိန်းမတ်စစ်သားတစ်ဦးလည်း လျှပ်စစ်ဓာတ်အားပေးကြိုးများ ခိုးယူလာသူများနှင့် ဘာဆရာအနောက်ပိုင်းတွင် စနေနေ့က တိုက်ခိုက်မှု ဖြစ်ပွားရာတွင် သေဆုံးခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။



ထိုးဖောက်ကစား

စပိန်နိုင်ငံတွင် ရီးယဲလ်မဒရစ်ကလပ်အသင်းနှင့် ဗယ်လင်စီယာကလပ်အသင်းတို့ ဩဂုတ် ၁၇ရက်က ဗယ်လင်စီယာကွင်းတွင် ချစ်ကြည်ရေးပွဲ ယှဉ်ပြိုင်ကစားကြရာ ရီးယဲလ်မဒရစ်အသင်းမှ ဒေးဗစ်ဘက်ဟမ်း၏ အားမာန်အပြည့်ဖြင့် ထိုးဖောက်ကစားဟန်ကို တွေ့ရစဉ်။

(ယင်းပွဲတွင် ဂိုးမရှိ သရေကျသွားခဲ့သည်။) (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်တွင် ရေပိုက်လိုင်းပျက်စီးမှု မြို့သူ၊ မြို့သား ထောင်နှင့်ချီ၍ ရေအခက်တွေ့နေ

ဘဂ္ဂဒက် ဩဂုတ် ၁၉

အီရတ်နိုင်ငံတစ်ဝန်းတွင် တိုက်ခိုက်မှုများ ပေါ်ပေါက်နေဆဲဖြစ်သည်။ ထိုအတောအတွင်းတွင် မြို့တော်ဘဂ္ဂဒက်၏ အရှေ့ဘက်အရပ်တွင် နေထိုင်ကြသော ထောင်ပေါင်းများစွာသော အီရတ်ပြည်သူများသည် ပူလောင်နေသည့်နေ့ရက်ကို သောက်သုံးရေမရရှိဘဲ ကုန်လွန်ခဲ့ကြရသည်။ ထိုသို့ ရေမရရှိခြင်းမှာ အချက်အချာကျသော ရေဖြန့်ဝေရေးပိုက်လိုင်းကို အတိုက်ခံခဲ့ရသောကြောင့် ဖြစ်သည်။

အီရတ်၏ နွေရာသီအပူချိန်သည် ၁၂၂ ဒီဂရီဖာရင်ဟိုက်အထိ ပူပြင်းလှသည်။ ပူအိုက်လှသော ဒုတိယနေ့ကို အီရတ်ပြည်သူ ၃၀၀၀၀၀ ကျော်တို့သည် သောက်ရေမရရှိဘဲ ဖြတ်သန်းခဲ့ကြရသည်။

သောက်သုံးရေပြတ်လပ်မှု၊ ဥပဒေမဲ့မှုများ ဘဂ္ဂဒက်တွင် တိုး၍ဖြစ်ပေါ်နေသောကြောင့် အီရတ်ပြည်သူများသည် သိမ်းပိုက်ရေးအင်အားစုများအပေါ် တိုး၍ မကျေနပ်ဖြစ်လာကြဖွယ်ရာရှိသည်ဟု ဆိုသည်။

တနင်္ဂနွေနေ့တွင် ဘဂ္ဂဒက်မြို့ ရာဆာဖာအရပ်၌ ရေပိုက်လိုင်း တိုက်ခိုက်ခံရရာ ရေလီတာထောင်ပေါင်းများစွာသည် လမ်းများပေါ်သို့ ဒလဟော ပန်းထွက်ကုန်သည်။

ရေများ တစ်ဟုန်ထိုးစီးဝင်လာသောကြောင့် ခြစ်ခြစ်တောက်ပူနေသော ဘဂ္ဂဒက်အချို့လမ်းမများပေါ်တွင် တစ်မုဟုတ်ချင်း ရေကူးကန်ငယ်များ သဖွယ် ဖြစ်ကုန်သည်ဟုဆိုသည်။ ဘဂ္ဂဒက်ရေဖြန့်ဝေရေးကုမ္ပဏီမှ အင်ဂျင်နီယာများသည် ရေပိုက်ပေါက်ကို တနင်္လာနေ့၌ ပြင်ဆင်ပိတ်ဆို့နိုင်ခဲ့သော်လည်း ယခုတိုင်အောင် နေအိမ်အများအပြားကို ရေဖြန့်ဖြူးပေးနိုင်ခြင်း မရှိသေးပေ။

အင်တာနက်။

လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ (၄၆)

ပေါက်စ

ဆိုရေးရှိလာတော့လည်း ပေါက်စတို့အနေနဲ့ ဆိုစရာစကားတွေ အများကြီး ရှိသပေါ့ဗျာ။

ဒီလိုပါခင်ဗျ၊ ၂၀၀၃ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့က ကျင်းပခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ မြန်မာပြည်ပြေး၊ ဝရမ်းပြေးအကြမ်းဖက်ဂိုဏ်းပေါင်းစုံနဲ့ KNU အကြမ်းဖက်သောင်းကျန်းသူအစ၊ ဘိန်းမှောင်ခို SURA အလယ်၊ ဗကပ အကြွင်းအကျန်အဆုံး၊ အားလုံးသော အကြမ်းဖက်အဖျက်သမားတွေဟာ မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေရဲ့ တည်ငြိမ်အေးချမ်းနေတဲ့ အခြေအနေအရပ်ရပ်ကို ပျက်ပြားစေပြီး ပြည်သူလူထုအနေနဲ့ ဆူပူအုံကြွမှုဖြစ်လာဖို့၊ ဒုတိယအကြိမ် မြောက် မင်းမဲ့စရိုက် သောင်းကျန်းမှုကြီး ပေါ်ပေါက်လာဖို့ ရေတိုရေရှည် မဟာအကုသိုလ် စီမံချက်ကို ရေးဆွဲပြဋ္ဌာန်းခဲ့တာတွေ၊ အဲဒီ စီမံချက်အရ ပြည်တွင်းမှာ ပေါက်မြောက်စွာ အကောင်အထည်ဖော်နိုင်ဖို့အတွက် ပြည်တွင်း ယူဂျီအဆက်အသွယ်တွေနဲ့ မိုင်းခွဲ၊ မိုင်းထောင်ခဲ့ကြတာတွေ၊ အဲသဟာတွေကို သက်ဆိုင်ရာက လက်ဆုပ်လက်ကိုင် အထောက်အထားခိုင်ခိုင်မာမာနဲ့ ရှင်းလင်းခဲ့တယ်ဗျာ။

သို့သော်လည်းပေါ့ဗျာ၊ အဲသလောက် အထောက်အထားတွေတစ်လှေကြီးနဲ့ ရှင်းလင်းခဲ့တာကို KNU အကြမ်းဖက်သောင်းကျန်းသူ ဖဒိုမန်းရှာတို့၊ ပြည်ပြေး၊ ဝရမ်းပြေး အကြမ်းဖက်ဂိုဏ်းပေါင်းစုံက မောင်ကျော်တို့၊ စန်းအောင်တို့၊ အောင်ဇလ(ခေါ်) မောင်သောင်းတို့က ဖြောင်မုန်လာဥလုပ်ကြပြီး သူခိုးက လူလူဟစ်တဲ့ အသံတွေနဲ့ မတန်မရာစကားတွေပြောကြ၊ အခြေအမြစ်မရှိ၊ ယုတ္တိမရှိတဲ့ ပလီစီချောက်ချက် စကားတွေပြောကြတာတွေကို ၂၀၀၃ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့ ညပိုင်းမှာ ထုံးတမ်းစဉ်လာမပျက်ဘဲ ဘီဘီစီက ထပ်ဆင့် ထုတ်လွှင့်ခဲ့သမျှ ကောက်နုတ်ဖော်ပြရရင် ဟောသလိုတွေပါပဲခင်ဗျ။

သူတို့ သူတို့တစ်တွေဟာ ဘယ်နှစ်ရောကာလကမျှ အကြမ်းဖက်မှုတွေကို မလုပ်ခဲ့ပါဘူးတဲ့ခင်ဗျာ။ သူတို့လို ဒီမိုကရေစီသူရဲကောင်းကြီးတွေကို တပ်မတော်အစိုးရက သက်သက်မဲ့အကွက်ဆင်ပြီး မြို့ပေါ်မှာ ဖောက်ခွဲရေးတွေလုပ်တယ်၊ လူလွှတ်တယ်လို့ စွပ်စွဲနေတာဖြစ်သတဲ့ဗျာ။ မြို့ပေါ်မှာ ဖောက်ခွဲရေးလုပ်နေတာ ဟာလည်း မြို့ပေါ်မှာရှိတဲ့ အစိုးရကို ဆန့်ကျင်တဲ့သူတချို့ ဖြစ်ကောင်း ဖြစ်နိုင်ပေမယ့် အဓိကဖြစ်နိုင်တာက အစိုးရက တမင်ဖန်တီးပြီး မြို့ပေါ်မှာ မငြိမ်သက်ဘူးဆိုတဲ့ အကြောင်းပြချက်နဲ့ လူထုကို ဖိနှိပ်ဖို့ ဖန်တီးနေတာတဲ့ ခင်ဗျာ။ အဲသဟာကတော့ ကေအင်န်ယူအကြမ်းဖက်သောင်းကျန်းသူ ဖဒိုမန်းရှာရဲ့ မိုးကြိုးပစ်တာကို ထန်းလက်နဲ့ကာတဲ့ အပြောအဟောတွေပေါ့ဗျာ။

ဟော–လာပြန်ပြီခင်ဗျား။ အေဘီအက်စ်ဒီအက်ဖ် အကြမ်းဖက်သောင်းကျန်းသူ မောင်ကျော်တဲ့ဗျာ၊ သူရဲ့နှုတ်မြွက်စကားကတော့ သူတို့ဟာ လက်နက်ကိုင် တော်လှန်ရေးလုပ်လာတဲ့ ၁၅ နှစ်ကာလမှာ အကြမ်းဖက်လုပ်ရပ်တွေကို မည်သို့သောကာလမျှက မကျူးလွန်ခဲ့သလို အကြမ်းဖက် သဘောထားလည်း မရှိဘူးတဲ့ဗျာ။ အဲသဟာအပြင် ဒီပဲယင်း လုပ်ကြံမှုအပြီးမှာ အစိုးရအနေနဲ့ နိုင်ငံရေးထွက်ပေါက်ရအောင် သူတို့လို ဒီမိုကရေစီတိုက်ပွဲဝင်နေတဲ့ အဖွဲ့အစည်းတွေကို အကြမ်းဖက်သမားတွေ၊ အကြမ်းဖက်လုပ်ရပ်တွေ လုပ်တယ်ဆိုပြီး စွပ်စွဲချက်လမ်းကြောင်းတွေနဲ့ ကြိုးစားတဲ့ ခြေလှမ်းဖြစ်သတဲ့ခင်ဗျာ။

အလားတူစွာပေါ့ခင်ဗျာ၊ အင်န်စီဂျီယူဘီဆိုတဲ့ မြန်မာပြည်ပြေး၊ ဝရမ်းပြေး အကြမ်းဖက်အဖျက်သမား အမျိုးသားသစ္စာဖောက် ဂိုဏ်းပေါင်းစုံတို့ရဲ့ ဆရာကြီးများဂိုဏ်းက စန်းအောင်ကလည်း ဘာတွေရေရွတ်မြည်တမ်းလာသလဲဆိုရင် သူတို့ရဲ့ဂိုဏ်းပေါင်းစုံတွေဟာ အကြမ်းဖက်သတ်ဖြတ်ခဲ့တာတွေ မလုပ်ခဲ့ကြပါဘူးတဲ့ဗျာ။ ကေအင်န်ယူဆိုရင်လည်း အရင်တုန်းက အကြမ်းဖက် လူသတ်တာမျိုးရှိခဲ့ပေမယ့် အခုဆိုရင် သူတို့ ဆုံးမဩဝါဒပေးထားလို့ သူတို့လုပ်ရင် လုပ်တယ်၊ မလုပ်ရင် မလုပ်ဘူးပြောပါသတဲ့ခင်ဗျာ။ သူတို့အားလုံးအနေနဲ့ ခုခံစစ်ကို တော်လှန်ကြတာဖြစ်တဲ့အတွက် အစိုးရအဖွဲ့ခေါင်းဆောင်တွေကို သတ်ဖြတ်ဖို့ မစီစဉ်ခဲ့ကြဘူးတဲ့ခင်ဗျာ။

အဲသဟာအပြင် မြန်မာပြည်ပြေး၊ ဝရမ်းပြေး အကြမ်းဖက်အဖျက်သမား အမျိုးသားသစ္စာဖောက် ဂိုဏ်းပေါင်းစုံတို့ရဲ့ အကြံပေးသုခမိန်ကြီး၊ ရှေ့နေကြီး လည်းဖြစ်တဲ့ကြေးမုံမောင်သောင်း(ခေါ်)အောင်ဇလ(ဝါ)အောင်ဇလိမ်(သို့မဟုတ်) အောင်ဇလယ်(တစ်နည်း) အောင်ဇာလဟူသော ငါးမည်ရ ပုဂ္ဂိုလ်ကြီးကလည်း ပါးစပ်အငှားနဲ့ မဟားတရားတွေ ပြောလာတာကတော့ နိုင်ငံတော်အစိုးရက NLD ပါတီခေါင်းဆောင်ကို မတရားဖမ်းထားတဲ့အတွက် သည်းမခံနိုင်တဲ့ လူငယ်အချို့က လုပ်မိလုပ်ရာလုပ်တာပဲဖြစ်နိုင်သလို အစိုးရက ကိုယ့်ဘာသာကိုယ်ဖျက်ပြီး သူများကို လက်ညှိုးထိုး စွပ်စွဲတာလည်း ဖြစ်ပါသတဲ့ခင်ဗျာ။

နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူတွေရဲ့ အကျိုးစီးပွား ပျက်စီးရာ ပျက်စီးကြောင်းအတွက် အကြမ်းဖက်ဖျက်ဆီးမှုတွေဖြစ်တဲ့ မြို့တော်ခန်းမတို့၊ သန်လျင်ရေနံချက်စက်ရုံတို့ကို မိုင်းခွဲခဲ့တာ၊ ကမ္ဘာအေးဘုရားလိုဏ်ဂူတော်ထဲမှာ ကိန်းဝပ်စံပယ်တော်မူနေတဲ့ မြတ်ဗုဒ္ဓစွယ်တော်ကို ကြည်ညိုပူဇော်နေတဲ့ တိုင်းရင်းသားပြည်သူတွေထဲမှာ ချိန်ကိုက်မိုင်းခွဲခဲ့တာ၊ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီးတင်ဦးကို ပါဆယ်ဗုံးပို့ပြီး လုပ်ကြံသတ်ဖြတ်ဖို့ စီစဉ်ခဲ့တဲ့အတွက် ပညာရေးဝန်ထမ်း အမျိုးသမီးတစ်ဦး အသက်ဆုံးရှုံးခဲ့ရတာ၊ လေယာဉ် ပြန်ပေးဆွဲခဲ့ကြတာ၊ ထိုင်းနိုင်ငံ ဗန်ကောက်က မြန်မာသံရုံးကို စီးနင်းတိုက်ခိုက်ခဲ့တာ၊ ပြည်ပနိုင်ငံအချို့က မြန်မာနိုင်ငံသံရုံးတွေကို စာအိတ်ဗုံးတွေ ပို့ပြီး ဖောက်ခွဲဖျက်ဆီးသတ်ဖြတ်ဖို့ လုပ်ကြံစီစဉ်ခဲ့ကြတာ၊ ရန်ကုန်မြို့ကြီးကို ရေဖြတ်၊ မီးဖြတ်၊ ဖုန်းအဆက်အသွယ်တွေဖြတ်ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးနဲ့ နိုင်ငံခြားသံရုံးအချို့ကို ဖောက်ခွဲဖျက်ဆီး သတ်ဖြတ်ဖို့ ကြံကြ၊ ဖန်ကြတာ အဲသဟာတွေအားလုံးရဲ့ လက်သည် တရားခံတွေက သူတို့ကိုယ်သူတို့ အကြမ်းဖက်လုပ်ရပ်တွေ မလုပ်ပါဘူးလို့ ဖြောင်လိမ်ပြီး ပြောရဲတာကတော့ အံ့ဩလောက်ပါရဲ့ခင်ဗျာ။

ဘယ့်နှယ်ဗျာ၊ အဲသလောက်ကြီးတွေ ဖောက်ပြန်ရက်စက်၊ အကြမ်းဖက်၊ ဖျက်ဆီးမှုမှန်သမျှတွေကို သရဖူဆောင်းတဲ့အထိ ကျူးလွန်လာခဲ့ကြတဲ့ KNU သောင်းကျန်းသူအပါအဝင် ဂိုဏ်းတူ၊ လိုင်းတူ မြန်မာပြည်ပြေး၊ ဝရမ်းပြေး အကြမ်းဖက်အဖျက်သမား၊ အမျိုးသားသစ္စာဖောက်တွေဟာ မြန်မာအစိုးရက သတင်းစာရှင်းလင်းပွဲကျင်းပပြီး ခိုင်ခိုင်မာမာ အထောက်အထားတွေနဲ့ ရှင်းခဲ့ လင်းခဲ့တာတွေကို လုံးဝလုံးဝ မဟုတ်ရပါဘူးလို့ ဘူးသီးတွေ အလုံးကြီးကြီး သီးပြနေကြတဲ့အပြင် ဒီပဲယင်းပြဿနာကို နိုင်ငံရေးအရ ထွက်ပေါက်ရှာ လမ်းလွှဲဖို့ သူတို့ကို အပြစ်မရှိအပြစ်ရှာ တရားခံလုပ်နေသလိုမျိုး အချိုးမပြေတဲ့ စကားတွေနဲ့ မဟားတရားကြီး ကလိမ်ကကျစ်လုပ်ပြီး ပုတ်ခတ်စွပ်စွဲနေတဲ့ အတွက် ပေါက်စတို့ဘက်ကလည်း ဟောသလိုတွေ ထောက်ပြချင်သဗျ။

ဒီပဲယင်းပြဿနာနဲ့ ပတ်သက်လို့ ပေါက်စတို့ မြန်မာအစိုးရအနေနဲ့ နိုင်ငံရေးအရ ထွက်ပေါက်ရှာစရာ၊ လမ်းလွှဲပေးစရာ ဘာကမျှမလိုပါဘူးခင်ဗျာ။ ဘာလို့လည်းဆိုတော့ ဒီပဲယင်းပြဿနာဟာ အစိုးရက ဖန်တီးခဲ့တာမဟုတ်ဘူးဗျာ။ ဒီမိုကရေစီမှတစ်ပါး ကိုးကွယ်ယုံကြည် ဆည်းကပ်ရာမရှိသလိုမျိုး ဒီမိုကရေစီကို သူတို့မှတစ်ပါး အခြားအခြားသော လူပုဂ္ဂိုလ်အဖွဲ့အစည်းများက ဖန်တီးတည်ဆောက် ဦးဆောင်ဦးရွက်ပြုလို့ မရသလိုမျိုး မိုးမမြင်လေမမြင် ထင်ရာစိုင်းနေကြတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် အမျိုးသမီးနဲ့ အပေါင်းအပါတွေရဲ့ မင်းမဲ့စရိုက်ကို ဆန့်ကျင်ကန့်ကွက်ရာက ဖြစ်ပွားခဲ့တဲ့ ရန်ပွဲတစ်ခုဖြစ်သလို အစိုးရဘက်ကလည်း လိုအပ်သလို နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် အရေးယူဖြေရှင်း ဆောင်ရွက်ခဲ့တာတွေကို သတင်းစာရှင်းလင်းပွဲကျင်းပပြီး ရှင်းခဲ့လင်းခဲ့သဗျ။

ရှင်းရှင်းလေးခင်ဗျ။ ဒီပဲယင်းပြဿနာအရှုပ်ကို စတင်ဖော်ထုတ် လုပ်ကြံဖန်တီးယူတာကလည်း မင်းမဲ့စရိုက်စိတ်ဓာတ်အပေါ်မှာ အမြစ်မပြတ် သံယောဇဉ်မကုန်နိုင်သေးတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင် အမျိုးသမီးနဲ့ အပေါင်းအပါ ပါတီဝင်တွေပဲဖြစ်သလို အဲဒီ ဒီပဲယင်းပြဿနာ အရှုပ်ကို ရှေ့ထုပ်ကောက်ရသလို အမြတ်ထုတ်လုပ်ကြံပြီး မြန်မာအစိုးရအပေါ် မတော်မတရား စွပ်စွဲပုတ်ခတ်အကျပ်ကိုင် အနိုင်ကျင့်ဖို့ ကြိုးစားနေကြတာက ကေအင်န်ယူ အကြမ်းဖက်သောင်းကျန်းသူအမှူးပြုတဲ့ လက်နက်ကိုင်သောင်းကျန်းသူ လက်ကျန်ဂိုဏ်းများနဲ့ မြန်မာပြည်ပြေး၊ ဝရမ်းပြေး အကြမ်းဖက် ဂိုဏ်းပေါင်းစုံအပါအဝင် သူတို့အားလုံးရဲ့ ဆရာသခင် ကယ်တင်ရှင်ကြီးဖြစ်တဲ့ အမေရိကန်နိုင်ငံရေး လောကသားတွေပဲ ဖြစ်တယ်ဗျာ။

စဉ်းစားကြည့်ကြဗျာ။ ပြဿနာကို ဖြစ်လာအောင် စတင်စေ့ဆော်ဖန်တီး လုပ်ကြံတာကလည်း သူတို့ပဲဖြစ်သလို အစိုးရက ပြဿနာရဲ့အတိမ်အနက် အတိုင်းအတာအရ အရေးယူဖြေရှင်းတာကို ပြဿနာထပ်လုပ်ပြီး နိုင်ငံရေးအရ အမြတ်ထုတ်အကျပ်ကိုင် အနိုင်ကျင့်စွက်ဖက်ဖို့ ကြိုးပမ်းတာကလည်း သူတို့နဲ့ သူတို့ရဲ့ခေါင်းကိုင် ဂုရုကြီးများပဲဖြစ်တယ်ဆိုတော့ ဒီလိုမျိုး ပြဿနာမျိုး ဖြစ်လာအောင် သူတို့အားလုံးဟာ စည်းကိုက်ဝါးကိုက် လက်ဝါးချင်းရိုက်ပြီး ဖန်တီးလုပ်ကြံယူကြတာလားဆိုတာ ပေါက်စ ခေါင်းစားစရာဖြစ်လာသဗျ။

အဲ–တစ်ခုရှိသေးသဗျ။ အခုလို ဒီပဲယင်းပြဿနာမဖြစ်ခင် ကာလမှာ ကတည်းက ကြိုတင်အကွက်ချပြီး ကေအင်န်ယူက ဖဒိုဘသင်၊ ဘိုမြ၊ ဖဒိုမန်းရှာ၊ ALP (ရခိုင်အကြမ်းဖက် သောင်းကျန်းသူ) ခိုင်စိုးနိုင်အောင်၊ ပြည်ပြေး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တင်အောင်၊ ဘိုသောင်း၊ သန်းထွဋ်၊ မောင်မောင်အေး၊ NCUB က ခွန်မားရဲကိုဘန်၊ ကျော်ညွန့်၊ ကျော်ထက်၊ လူ့ဘောင်သစ် ပါတီက အောင်မိုးဇော်၊ ဇော်နိုင်ဦး၊ ကျောင်းသားအမည်ခံ အကြမ်းဖက် သောင်းကျန်းသူအဖွဲ့ဖြစ်တဲ့ ABSDF က မျိုးဝင်း၊ သံခဲ၊ ကျော်ကျော်၊ FTUB က ဖောက်ခွဲရေးသမား မောင်မောင်(ခ) ပြည်သစ်ညွန့်ဝေ၊ PLF က အေးဆောင်တို့ဟာ ၂၀၀၂ ခုနှစ်ကုန် ဒီဇင်ဘာလ နောက်ဆုံးပတ်လောက်ကစပြီး ထိုင်းနိုင်ငံ မဲဆောက်မြို့၊ ချင်းမိုင်မြို့တွေမှာ ဦးဆောင်လှုပ်ရှားတဲ့ အစည်းအဝေး တွေကို ၂၀၀၃ ခုနှစ် မေလ ၂၂ ရက်အထိ အကြိမ်ကြိမ်လုပ်ခဲ့ကြတယ်ဗျာ။ အဲဒီအစည်းအဝေးတွေမှာ ဘာတွေဆုံးဖြတ်ကြ၊ စီစဉ်ကြဆကြသလဲဆိုတာ အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူဂိုဏ်းပေါင်းစုံရဲ့ စစ်ရေးမဟာမိတ် ဖွဲ့စည်းပြီး ဟန်ချက်ညီတဲ့ စစ်ရေးလှုပ်ရှားမှု အရှိန်မြှင့်တင်ဖို့ ပြည်တွင်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ နိုင်ငံရေးလှုပ်ရှားမှုကို အထောက်အကူပြုဖို့၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲဖို့၊ လူထုတိုက်ပွဲစီမံချက် လမ်းညွှန်စာတမ်း ရေးသားချမှတ်ဖို့၊ အတည်ပြုဖို့၊ လူထုတိုက်ပွဲနှင့် စစ်ရေးလုပ်ငန်းကို အရှိန်မြှင့်ပြီး ဆက်စပ်ဖို့၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာကို စည်းရုံးလှုံ့ဆော်ဝါဒဖြန့်ဖို့၊ ပြည်တွင်းမှာ ဆူပူအုံကြွမှုဖြစ်အောင် ရေတိုရေရှည်စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ပြည်တွင်းကို ယူဂျီတွေ စေလွှတ်ဖို့၊ မွေးမြူဖို့၊ ဖောက်ခွဲရေးပစ္စည်းများပေးပို့ပြီး ဖောက်ခွဲရေးသင်တန်းများ ပို့ချဖို့၊ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပြည်၊ ပဲခူးဒေသတွေကို အခြေခံဒေသ များအဖြစ် ရွေးချယ်သတ်မှတ်ပြီး ဆက်သွယ်ရေးလမ်းကြောင်းတွေ သတ်မှတ်ဖို့ စတဲ့ အကြမ်းဖက်အဖျက်လုပ်ငန်းတွေ၊ ဆုံးဖြတ်ချက်တွေ ချမှတ်ခဲ့ကြတယ်ဗျာ။

ဘာပဲပြောပြောပေါ့ဗျာ။ အဲဒီ ဆုံးဖြတ်ချက်တွေအတိုင်း ခင်းကျင်းအကောင်အထည်ဖော်လာတဲ့ အကျိုးဆက်ကတော့ မြန်မာနိုင်ငံထဲမှာ အကြမ်းဖက် ယူဂျီတွေကို ဆက်သွယ်ရှာဖွေမွေးထုတ်ပြီးတော့ ၂၀၀၂ ခုနှစ် မေလ ၂၁ ရက်နေ့မှာ ပုဂံရှေးဟောင်းယဉ်ကျေးမှုပြတိုက် အပေါ်ဆုံးထပ်ကို မိုင်းခွဲဖျက်ဆီးဖို့ ချိန်ကိုက် မိုင်းတပ်ဆင်ထားခဲ့တဲ့အတွက် သက်ဆိုင်ရာက သတင်းအရ အချိန်မီ ရှင်းလင်းဖယ်ရှားခဲ့ရတယ်ဗျာ။ အဲသဟာအပြင် ၂၀၀၃ ခုနှစ် မတ်လ ၂၇ ရက် (တပ်မတော်နေ့)ကလည်း ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံနဲ့ ဗိုလ်ဆွန်ပက်လမ်း ဆက်သွယ်ရေးအိတ်ချိန်းနားက နေရာတွေမှာ ချိန်ကိုက်ဗုံးတစ်လုံးစီ ထောင်ထားခဲ့တယ်ဗျာ။ အဲဒီ နှစ်နေရာထဲက မဟာဗန္ဓုလပန်းခြံထဲမှာ ထောင်ထားတဲ့ ချိန်ကိုက်မိုင်းဗုံးကို သက်ဆိုင်ရာတွေအနေနဲ့ အချိန်မီ သတင်းရလို့ ရှင်းလင်း နိုင်ခဲ့ပေမယ့် ဗိုလ်ဆွန်ပက်လမ်း ဆက်သွယ်ရေးအိတ်ချိန်းနားက ချိန်ကိုက် မိုင်းဗုံးကတော့ ပေါက်ကွဲသွားပြီး စည်ပင်ဝန်ထမ်းတစ်ဦး သေဆုံးခဲ့တယ်ဗျာ။ သုံးဦး ဒဏ်ရာရရှိသွားသဗျာ။

ရှိသေးတယ်ဗျာ။ မေလ ၁၅ ရက်မှာ ဖြူးမြို့က ရုပ်ရှင်ရုံကို မိုင်းခွဲခဲ့သလို ဇွန်လ ၂၇ ရက်မှာ တောင်ငူမြို့က သာသနာ့ဟိတကာရီ ဓမ္မဗိမာန်နားမှာ ချိန်ကိုက်မိုင်းဗုံးနှစ်လုံး ကွဲခဲ့တယ်ဗျာ။ အဲဒီ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှု တွေကို ကျူးလွန်ခဲ့ကြတဲ့ ပြည်တွင်းက အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးသမား ယူဂျီ ၁၂ ဦးကိုလည်း သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့တွေက ဖောက်ခွဲဖျက်ဆီးရေး ပစ္စည်းတွေနဲ့အတူ ရှာဖွေဖော်ထုတ် ဖမ်းဆီးနိုင်ခဲ့တယ်ဗျာ။ သို့ကလိုသော အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးသမားတွေကို တရားဥပဒေအရ အရေးယူဖို့ သက်ဆိုင်ရာက စီစဉ်ခဲ့တယ်ဗျာ။ အဲဒီအခြေအနေအရပ်ရပ်နဲ့ ပတ်သက်ပြီး သက်ဆိုင်ရာ အဖွဲ့အစည်းက ကမ္ဘာသိ၊ မြန်မာသိအောင် ပြည်တွင်း၊ ပြည်ပ သတင်းစာဆရာတွေကို ဖိတ်ခေါ်ရှင်းလင်းခဲ့တာဟာ ဒီပဲယင်းပြဿနာအတွက် ထွက်ပေါက်ရှာ လမ်းလွှဲတာဆိုပြီး ပြောနေဆိုနေ စွပ်စွဲပုတ်ခတ်နေတာကတော့ ခိုးတတ်မှ ယိုးတတ်တယ်ဆိုတဲ့ မြန်မာမှုစကားကိုပဲ ပေါက်စ သက်သေထားမယ်ဗျာ။

ပြောကြစတမ်းဆိုရင် ၁၉၈၈ ခုနှစ် မင်းမဲ့စရိုက်သောင်းကျန်းမှု ကာလက စပြီး နိုင်ငံရေးအာဏာကို ဖြတ်လမ်းက အချောင်ရဖို့အတွက် ကြားဖြတ်အစိုးရတို့ ဖွဲ့စည်းပုံ အခြေခံဥပဒေမရှိဘဲ အာဏာလွှဲပေးဖို့ဆိုတဲ့ အာဏာရမ္မက်နဲ့ တိုင်းပြည် မငြိမ်မသက်ဖြစ်အောင် လုပ်ကြံလှုံ့ဆော်နေကြတဲ့ ပြည်တွင်း၊ ပြည်ပ အဖျက်သမားတွေက ပါးစပ်က အမြဲပြုထွက်တဲ့အထိ ဒီမိုကရေစီစကား ပြောနေတာဟာ မြန်မာပြည်သူ ခုနစ်ရက်သားသမီးအားလုံးက မယုံစားကြပါဘူး ခင်ဗျာ။ ပေါက်စတို့ရဲ့ မြန်မာနိုင်ငံ အစိုးရကတော့ ဒီမိုကရေစီဖြစ်ထွန်းရေး အတွက် အပြောထက် လက်တွေ့ကျတဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ငန်းတွေကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်တွေမှာ အကောင် အထည်ဖော်နေတယ်ဗျာ။ ဘယ်သူတွေက ဒီမိုကရေစီ တည်ဆောက်ရေး သမားလဲ၊ ဘယ်သူတွေက ဒီမိုကရေစီ ဖျက်ဆီးရေးသမားလဲဆိုတာ သမိုင်းက အဆုံးအဖြတ်ပေးပါလိမ့်မယ်ခင်ဗျာ။

ကဲ–ပြောစရာ စကားတွေများနေပေမယ့် ပေါက်စ အနားသတ်ပြီး စကားဖြတ်တော့မယ်ဗျာ။ ပြည်တွင်းက NLD ပါတီရဲ့ နိုင်ငံရေးလှုပ်ရှားမှုဆိုတဲ့ ဒီပဲယင်းပြဿနာ ဖန်တီးမှုကို ပြည်တွင်း၊ ပြည်ပ အဖျက်သမားတွေနဲ့ သူတို့ရဲ့ခေါင်းကိုင် ဂုရုဆရာကြီးများဖြစ်ကြတဲ့ အင်အားကြီး နယ်ချဲ့ကိုလိုနီ လက်သစ်တွေက နိုင်ငံရေး၊ စီးပွားရေးအရ ဖိအားပေးအကျပ်ကိုင် စွက်ဖက်မှု တွေနဲ့ ကျားကန်ထောက်ကူပေးနေသလို တစ်ဖက်ကလည်း KNU အကြမ်းဖက် သောင်းကျန်းသူအပါအဝင် အကြမ်းဖက် အဖျက်သမား ဂိုဏ်းပေါင်းစုံရဲ့ လူထုတိုက်ပွဲစီမံချက်နဲ့အညီ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီး သတ်ဖြတ်နေတဲ့ စစ်ရေးအရ ဟန်ချက်ညီ အရှိန်မြှင့်ဆက်စပ်ပြီး ဒုတိယအကြိမ်မြောက် ဖောက်ပြန်ရူးသွပ်တဲ့ မင်းမဲ့စရိုက် သောင်းကျန်းမှု ဖြစ်ပေါ်ရေးအတွက် အရှက်မဲ့စွာ ပြောနေ၊ ဆိုနေ၊ လှုံ့ဆော်နေ၊ ထုတ်လွှင့်ရေးသားနေကြတာတွေဟာ **လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ** ဆိုတဲ့ စကားနဲ့ ပေါက်စ အခမဲ့ သနားတယ်ဗျာ၊ သနားတယ်။ ။

ဘာသာစကားနှင့်စာရင်းကိုင်

သင်တန်းများဖွင့်

ရန်ကုန် ဩဂုတ် ၂၀

တာမွေမြို့နယ် မိုးကောင်းလမ်းနှင့် အေးသာယာလမ်းထောင့်ရှိ ပစ္ဆိမာရုံ စာသင်တိုက် ဆရာတော် ကြီးမှူး၍ ဝါရင့်ဆရာကြီးများဖြစ်ကြသော KT ဦးတင့်လွင်၊ ဦးထွန်းစိန် (EEE)နှင့် ဦးအေးချစ် (EEAC)တို့က သင်ကြားပို့ချပေးမည့် အင်္ဂလိပ်၊ ဂျပန်၊ တရုတ်၊ ပြင်သစ်(ရေး၊ ဖတ်၊ ပြော) Phoneties သင်တန်းများနှင့် စာရင်းကိုင်ပညာ Level I, II, III သင်တန်းများကို ပစ္ဆိမာရုံစာသင်တိုက် ဖုန်း– ၅၅၉၃၃၂၊ ၅၇၇၅၆၄နှင့် ၂၀၀၇၀၄တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁–၈–၂၀၀၃ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ မျိုးချစ်တပ်မတော်
၄:၂၀	၄။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၂၅	၅။ မြန်မာသံစဉ်ချိုနှားဝင်
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄:၅၅	၈။ မျိုးချစ်တပ်မတော်
၅:၀၅	၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က) ပထမနှစ်(မြန်မာစာ) (ခ) ပထမနှစ် (ဥပဒေပညာ)
၅:၃၅	၁၀။ တိုင်းကျိုးပြည်ပြုတို့ရေးရှု
၅:၄၅	၁၁။ သာယာသံစဉ်များ ခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ မြန်မာ့ရှုခင်း
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း နေခြည်ဆမ်းတဲ့ ချစ်ပန်းဝတ်ရည် (အပိုင်း–၇)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ **အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ မှတ်တမ်း အပိုင်း(၁၆) သီလသမာဓိပညာဝိရိယဓေတနာ ဂုဏ်အဖြာဖြာ**
	၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း သိုင်းညီနောင် (အပိုင်း–၁)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

မျိုးချစ်မာန် ထန်သည်းလို့ မာန်ကြီးတဲ့ တို့မြန်မာ

မြင်းမူမောင်နိုင်မိုး

မန်ကျည်းပင်သည် မြန်မာနိုင်ငံ၏ မည်သည့်နေရာဒေသမှာမဆို ပေါက်ရောက်ရှင်သန်လေသည်။ ပူသည်ဖြစ်စေ၊ အေးသည်ဖြစ်စေ၊ မြေပြန့်ဒေသဖြစ်စေ၊ တောင်ပေါ်ဒေသဖြစ်စေ မြန်မာပြည်တစ်ပြည်လုံးတွင် မန်ကျည်းပင်ဖြစ်ထွန်း၏။

မြန်မာစာလုံးပေါင်း သတ်ပုံအရရေးတော့ မန်ကျည်းပင်။ အသံထွက်အသုံးအနှုန်းကတော့ မကျီးပင်။ သို့သော် မန်ကျည်းပင်ဟူ၍လည်း မရေး။ မကျီးပင်ဟုလည်း အသံမထွက်။ ထိုမန်ကျည်းပင်ကိုပင် မာန်ကြီးပင်ဟူ၍ ပီပီသသရေးကာ "မာန်-ကြီး-ပင်"ဟူ၍ ပီသရှင်းလင်းစွာ အသံထွက်သော နေရာဒေသသို့ ကျွန်တော်ရောက်ရှိ လေ့လာခဲ့ဖူးသည်။

အမျိုးမာန်၊ ဇာတိမာန် ဝင့်ကြွားသည့် မြန်မာလူမျိုးများကိုယ်တိုင် စိုက်ပျိုးခဲ့သည်ဖြစ်၍ မန်ကျည်းပင်ဟု မခေါ်ပါ။ **မာန်ကြီးပင်**ဟု ခေါ်ပါသတဲ့။

ထိုမာန်ကြီးပင်သည် မော်လမြိုင်မြို့ အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်း (ယခင် အရှင်မဟာဗုဒ္ဓဃောသ အမျိုးသားအထက်တန်းကျောင်း) အတွင်းမှာ ယနေ့တိုင် မာန်ဟုန်လွှင့်ကာ ဝင့်ကြွားစွာ တည်ရှိနေပေသည်။

x x x

နယ်ချဲ့ဗြိတိသျှတို့၏ နိုင်ငံရေး၊ လူမှုရေး၊ မတရားဖိနှိပ်မှုကို မြန်မာတိုင်းရင်းသားတို့ ခါးစည်းခံနေရသည့်အတွက် မြန်မာတိုင်းရင်းသားအပေါင်းသည် မြန်မာ့သွေး၊ မြန်မာ့စိတ် မြင့်မားဝင့်ကြွားပြီး မာန်ကြီးသည့် လူမျိုးဖြစ်သည်ကို ကမ္ဘာသိအောင် ဥဒါန်းကျူး၍ မာန်ကြီးပင်အား မြန်မာမျိုးချစ်ပုဂ္ဂိုလ် ဦးရွှေအိုးက မာန်ဟုန်ဝင့်ကာ (၁၈၉၉) ဧပြီလတွင် စိုက်ပျိုးခဲ့ပါသည်။

ကျွန်တော်တို့ ရောက်ရှိသည့်အချိန်မှာ ဤကျောင်းတော်ကြီး တည်ထောင်သည့် သက်တမ်း နှစ်(၁၀၀) ပြည့် အထိမ်းအမှတ်ပွဲတော် (ရာပြည့်ပွဲတော်)ကျင်းပပြီး တစ်နှစ်ခန့်အကြာတွင် ဖြစ်ပါသည်။

ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးမြင့်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကြည်သိန်း၊ အဖွဲ့ဝင် ဦးအေးမြင့်၊ ဦးဘခံ၊ ဦးထွန်းဝေ၊ ရာပြည့်ကော်မတီဝင်များဖြစ်ကြသော ဦးကျော်ချစ်၊ ဦးကျော်သူဖေတို့က ကျွန်တော်သိလိုသည်များကို ရှင်းလင်းဖြေကြားပါသည်။

ဆရာမကြီး ဒေါ်ခင်အေးမြင့်သည် လက်ရှိကျောင်းအုပ်ဆရာမကြီးဖြစ်သလို ကျောင်းသူဟောင်းတစ်ယောက်လည်း ဖြစ်၏။ ဆရာမကြီးက ဂုဏ်ယူဝင့်ကြွားစွာဖြင့်–

"ကျွန်မတို့ ကျောင်းတော်ကြီးကို စတင်တည်ထောင်သွားကြတဲ့ ရှေးမြန်မာအမျိုးသမီးကြီးတွေက မန်ကျည်းပင်လို့ မရေးသား၊ မသုံးနှုန်းပါဘူး။ စတင်စိုက်ပျိုးသွားတဲ့အချိန်ကတည်းက မြန်မာလူမျိုးတွေဟာ အမျိုး၊ သာသာ၊ သာသနာအတွက်ဆိုရင် ဘယ့်ကလောက် မာန်ကြီးတယ်ဆိုတာ ဖော်ပြတဲ့အနေနဲ့ **မာန်ကြီးပင်**လို့ အစဉ်အဆက်ခေါ်ဝေါ်သမုတ်ခဲ့တာ ဒီနေ့အထိပါပဲရှင်"

မြန်မာတို့သည် သူ့ကျွန်ဘဝ ရောက်ခဲ့ရငြားသော်လည်း ငြိမ်၍ခံနေခဲ့သည်မဟုတ်။ အမျိုး၊ဘာသာ၊သာသနာ ရောင်ဝါ မှေးမှိန်ခဲ့ရခြင်းကို ရင်ထုမနာဖြစ်ကာ နည်းမျိုးစုံဖြင့် ဗြိတိသျှတို့အား တွန်းလှန်ခဲ့သည်။ ရင်ဆိုင်ခဲ့သည်။

ဤသို့ အမျိုးမာန်၊ ဇာတိမာန် ထက်သန်ကြီးမားလှသော ရှေးမြန်မာကြီးများက တည်ထောင်ခဲ့သည့် ရှင်မဟာဗုဒ္ဓဃောသ အမျိုးသားအထက်တန်းကျောင်းကြီးသည် နှစ်ပေါင်းတစ်ရာကျော်တိုင် မာန်ကြီးပင်ကြီးနှင့်အတူ ရပ်တည်ခိုင်မြဲခဲ့ပြီးဖြစ်လေရာ ဤကျောင်းကြီး၏ ကျောင်းသူဟောင်းလည်း ဖြစ်၊ လက်ရှိ ကျောင်းအုပ်ဆရာမကြီးလည်း ဖြစ်သော ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးမြင့်နှင့်တကွ ကျောင်းအကျိုးတော်ဆောင်အဖွဲ့က စိတ်ရှည်လက်ရှည် ရှင်းလင်းပြကြသည်။ ထို့ကြောင့် ကျွန်တော်သည် ဤကျောင်းတော်ကြီးနှင့် ပတ်သက်၍ သိသင့်သိထိုက်သည်များကို သိရှိလေ့လာနိုင်ခဲ့ပါသည်။

ကျောင်းစတင်တည်ထောင်ခြင်း

ဗြိတိသျှအစိုးရလက်ထက်တွင်နိုင်ငံရေးအရလွတ်လပ်ခွင့်မရှိခြင်း၊ လူမှုရေးအရ အောက်တန်းကျရခြင်း၊ စီးပွားရေးအရ ခေါင်းပုံဖြတ်ခံရခြင်းများကြောင့် မြန်မာနိုင်ငံသားတိုင်းရင်းသားအပေါင်းတို့သည်အမျိုး၊ဘာသာ၊သာသနာကိုကာကွယ်လိုစိတ်များ တဖွားဖွားပေါ်ပေါက်လာရာမှ ဘာသာရေးအသင်းများကို စတင်ဖွဲ့စည်းခဲ့ကြသည်။ ဤသို့ဖြင့် **သာသနမရ**အသင်း ပေါ်ပေါက်လာကာ ၁၈၉၇ ခုနှစ် ဧပြီလ ၂၃ ရက် တနင်္ဂနွေနေ့တွင် မော်လမြိုင်မြို့ ပန်းဘဲတန်းရပ် (လက်ရှိနေရာ၌) ရှင်မဟာဗုဒ္ဓဃောသ အင်္ဂလိပ်–မြန်မာ နှစ်ဘာသာသင်ကျောင်းအဖြစ် ခံ့ညားထည်ဝါစွာ ပေါ်ပေါက်ခဲ့သည်။ ထိုနေ့မှာပင် မိမိတိုင်းရင်းသားများသည်

ဗြိတိသျှတို့၏ အုပ်ချုပ်မှုကို မခံယူလိုသော အမျိုးမာန်၊ ဇာတိမာန်ကြီးသူများအဖြစ် ပြသသောအားဖြင့် **မာန်ကြီးပင်**ဟု သမုတ်အပ်သော ဤအပင်ကြီးကို မျိုးချစ်ပုဂ္ဂိုလ် ဦးရွှေအိုးက ကိုယ်တိုင်မြေချကာ စိုက်ပျိုးခဲ့လေသည်။ ကျောင်းကြီးကို စတင်တည်ထောင်သူများမှာ အောက်ပါပုဂ္ဂိုလ်များဖြစ်ကြ၏။

(၁) ဦးရွှေအိုး(ရန်ကုန်မြို့၊ ရွှေအိုးဘုရားသား စတင်တည်ထောင်သူ မွန်ဦးထွန်းအောင်၏ ဖခင်)
(၂) ဦးရွှေသား (မော်လမြိုင်မြို့၊ မြူနီစီပယ်အခွန်ဝန် ဦးသာကျော်၊ ဒေါ်ခင်ပုတို့၏ဖခင်)
(၃) ဦးကွန်း (ဝတ်လုံတော်ရ ဦးမောင်မောင်ကြီး၏ ဖခင်)
(၄) ဦးဖိုးခင် (မြန်မာတိုင်း စာပုံနှိပ်စက်၊ ဦးရွှေအိုး၏ ဖခင်)
(၅) ဦးစိုးအောင် (ပါလီမန်အမတ် သခင်သင်းလှိုင်၏ ဘကြီး)
(၆) ဦးရန်ဝင်း(ကျောက်စာဝန် ဦးလူဖေဝင်း၏ဖခင်)
(၇) ဦးခက် (ဆရာဝန် ကာနယ်ဘခက်၏ ဖခင်)
(၈) ဦးဖိုးသစ် (ရှေ့နေ ဦးလှအောင်ကြီး၏ ဖခင်)
(၉) ဦးဘလင်း (ဆန်စက်သူဌေး ဦးပု၏ ဖခင်)

မျိုးချစ်ပုဂ္ဂိုလ်ကြီးများ၏ ရည်မှန်းချက်များ

အထက်ပါ မျိုးချစ်ပုဂ္ဂိုလ်ကြီး ကိုးဦးနှင့်တကွ **သာသနမရ** အသင်းကြီးသည် မိမိတို့၏အနာဂတ် ရည်မှန်းချက်၊ မျှော်မှန်းချက်များကို အသင်း၏ စည်းမျဉ်းအဖြစ် ရေးဆွဲအတည်ပြုကာ စည်းမျဉ်းဥပဒေ အပိုဒ်(၃)တွင် အောက်ပါအတိုင်း ဖော်ပြခဲ့ပေသည်။

(၁) ဗုဒ္ဓဘာသာ၏ ဖြောင့်မတ် စင်ကြယ်သော တရားစစ် တရားမှန်ကို ပြန့်ပွားစေခြင်း။
(၂) ဗုဒ္ဓဘာသာ၏ ဘာသာရေးတရား၊ အကျင့်စာရိတ္တနှင့် မြင့်မြတ်စွာ ပေါင်းသင်းဆက်ဆံရေးများကို အားပေးချီးမြှောက်ရန်။
(၃) ဗုဒ္ဓဘာသာယောကျ်ားကလေးများ၊ မိန်းကလေးများအား အကျင့်စာရိတ္တနှင့် ခေတ်မီအတတ်ပညာများ သင်ကြားပို့ချပေးရန်။
(၄) ပရိယတ္တိစာပေ ပို့ချသင်ကြား လေ့လာဆည်းပူးခြင်းကို အားပေးကူညီရန်နှင့် တိုင်းရင်းသားများ၏ တိုးတက်ကြီးပွား အောင်မြင်မှုများကို ချီးမြှောက်ထောက်ပံ့ရန်။
(၅) နိုင်ငံခြားစာပေများ၊ အင်္ဂလိပ်စာပေမှစ၍ သင်ကြားဆည်းပူးခြင်း၌ အားပေးကူညီရန် ဟူ၍ပင် ဖြစ်ပေသည်။

ကျောင်းအမည်ပေးပုံ

ထိုခေတ်၊ ထိုအခါက အခြားဘာသာဝင်များ၏ သာသနာပြုကျောင်းများ ခေတ်စားနေသော အချိန်ပင်ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် ရာမညတိုင်းသားများသည်လည်း မိမိတို့ဒေသဝယ် ဘာသာ၊ သာသနာအတွက် အကျိုးကျေးဇူးများစွာ ပြုခဲ့ဖူးသူ ပုဂ္ဂိုလ်တစ်ဦးဦးကို ဦးထိပ်ထား ဂုဏ်ပြုမှည့်ခေါ်ရန် စဉ်းစားခဲ့ကြ၏။

ထို့ကြောင့် ရာမညတိုင်းဝယ် နေတစ်ဆူ၊ လတစ်ပါး ထင်ရှားလှသော အဋ္ဌကထာဆရာကြီး အရှင်မဟာဗုဒ္ဓဃောသအား ဦးထိပ်ထား၍ ဦးရွှေအိုးအမှူးပြုသော **သာသနမရ** အသင်းဝင် မျိုးချစ်ပုဂ္ဂိုလ်ကြီးများက မိမိတို့ ကျောင်းတော်ကြီးကို အရှင်မဟာဗုဒ္ဓဃောသ အမျိုးသားကျောင်းဟု အမည်တွင်စေခဲ့တော့သည်။ (နောင်အခါ မုဒုံမြို့၌လည်း အလားတူပင် ရှင်အရဟံ အမျိုးသားကျောင်းတော်ကြီး တစ်ကျောင်း ထပ်မံပေါ်ပေါက်ခဲ့လေသည်။)

မြန်မာမျိုးချစ်ပုဂ္ဂိုလ် ဦးရွှေအိုး ၁၈၉၉ ခုနှစ် ဧပြီလက စိုက်ပျိုးခဲ့သည့် မာန်ကြီးပင်။

ခေါင်းလောင်းမတီး မောင်းတီး၍ နယ်ချဲ့ကို နှင်သည့်ကျောင်း

ဤကျောင်းကြီးနှင့် ပတ်သက်၍ ထပ်မံသိရှိရသည့် အချက်တစ်ချက်ကား ကြက်သီးမွေးညင်းထဖွယ်ရာပင်ကောင်းသေး၏။

"ကျွန်မတို့ ကျောင်းကြီးဟာ စတင်တည်ထောင်ခဲ့တဲ့အချိန်ကစပြီး ပြည်သူပိုင်သိမ်းတဲ့နှစ်အထိ နှစ်ပေါင်း ၆၀ ကျော်တိုင်တိုင် စာသင်ချိန်ပြောင်းတဲ့အခါတိုင်း ခေါင်းလောင်းမတီးဘဲ မောင်းတီးပြီး အချိန်ပြောင်းခဲ့ပါတယ်။ အဓိပ္ပာယ်ကတော့ မြန်မာတိုင်းရင်းသားတွေကို မတရားဖိနှိပ် ကျွန်ပြုနေတဲ့ အင်္ဂလိပ်နယ်ချဲ့ကို မောင်းထုတ်ကြဖို့ တာဝန်ဟာ တို့အားလုံးရဲ့ တာဝန်ပဲ။ ဒါကို မမေ့မလျော့ သတိအမြဲရှိကြဆိုတဲ့ အဓိပ္ပာယ်နဲ့ မောင်းတီးပြီး နှိုးဆော်ခဲ့တာပါရှင်"

ဆရာမကြီး ဒေါ်ခင်အေးမြင့်၏စကားကို နားထောင်ရင်း ကျွန်တော့်အတွေးထဲဝယ် ကဗျာကာရန်တို့သည် အစီအရီပေါ်ပေါက်လာ၏။

မြန်မာမှန်လျှင်
သူ့ဆန် သူ့ဟင်း၊ သူ့ထမင်း၌
ခံတွင်းမမြိန်၊ မတင်းတိမ်ဘဲ
စည်းစိမ်လောဘ၊ မတက်ကြလည်း
နှိမ့်ချပြစ်မှား၊ သူတစ်ပါးက
တရားမဲ့ကင်း၊ ကိုယ့်ပြည်တွင်းသို့
ချဉ်းနင်းကျူးကျော်၊ ရန်စသော်မူ
မြေပေါ်တစ်လက်မ၊ ခြေမချအောင်
တက်ကြွမှုန်းချေ၊ တိုက်ထုတ်ပေအံ့။ ။

သိပ္ပံမောင်ဝအပါအဝင် ထင်ရှားသော ကျောင်းသားဟောင်းများ

ဤကျောင်းတော်ကြီးမှ မွေးဖွားပေးခဲ့သော ထင်ရှားသည့် ကျောင်းသားဟောင်းများအကြောင်းကိုတော့ ဆရာမကြီးက ဤသို့ ပြောပြ၏။

"စာရေးဆရာ သိပ္ပံမောင်ဝခေါ် ဦးစိန်တင်၊ အိုင်စီအက်စ် ဦးညွှန့်၊ အငြိမ်းစား ငွေစာရေးမင်းကြီး ဦးသိန်းဟန်၊ အငြိမ်းစား ဗိုလ်မှူးချုပ်စိန်ဝင်း (အငြိမ်းစား ဝန်ကြီးချုပ် ဦးစိန်ဝင်း)၊ နိုင်ငံတော်ကောင်စီဝင်အဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့ဖူးသူ ဦးခင်မောင်၊ ပညာရေးတက္ကသိုလ်ပါမောက္ခဟောင်း ဦးအောင်သိန်းတို့ဟာ ကျွန်မတို့ ကျောင်းရဲ့ ကျောင်းသားဟောင်းတွေပါပဲ။ နောက်ပြီးတော့ အမေကြိုင် (နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေရဲ့ ဇနီး ဒေါ်ကြိုင်ကြိုင်)ဟာလည်း ကျွန်မတို့ကျောင်းရဲ့ ကျောင်းသူဟောင်းပါပဲရှင်။"

ဆရာမကြီးက ပြောပြောဆိုဆို သူ၏အံဆွဲအတွင်းမှ ဓာတ်ပုံများကို ထုတ်ယူကာ–

"ဟောဒီမှာလေ...သိပ်မကြာသေးခင်ကပဲ အမေကြိုင်ဟာ ကျွန်မတို့ကျောင်းကြီးကို ရောက်လာပါသေးတယ်၊ မာန်ကြီးပင်ကြီးရဲ့အရိပ်မှာ ကျွန်မတို့နဲ့အတူ အမှတ်တရ ဓာတ်ပုံတွေလည်း ရိုက်ခဲ့ပါသေးတယ်"

ဆရာမကြီးပြသော မှတ်တမ်းဓာတ်ပုံများကို ကျွန်တော် ကြည့်ရှုရပါသည်။ မာန်ကြီးပင်ကြီး အရိပ်ဝယ် အမေကြိုင်နှင့်အတူ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုံညီစွာ အမှတ်တရ ရိုက်ကူးထားသောပုံ၊ အမေကြိုင်က ပညာရည်ထူးချွန်သော မျိုးဆက်သစ် ကျောင်းသူကလေးတစ်ဦးအား ဆုချီးမြှင့်နေပုံ၊ ညွှန်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးနေပုံ၊ ကျောင်းနေဖက် သူငယ်ချင်းများနှင့် တွေ့ဆုံနေကြပုံများကို ကြည်နူးဖွယ်ရာ ကြည့်ရှုရပါသည်။

ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကြည်သိန်းက–

"ကျွန်တော်တို့ ကျောင်းရဲ့ ရာပြည့်အထိမ်းအမှတ်ပွဲတော်ကြီးအတွက်လည်း အမေကြိုင်က ကျောင်းသူဟောင်းတစ်ယောက်အနေနဲ့ ငွေကျပ်တစ်သိန်း လှူဒါန်းခဲ့ပါတယ်။ အခုတစ်ခေါက် ရောက်တော့လည်း ပညာထူးချွန်တဲ့ ကျောင်းသူလေးတွေကို ဆုချီးမြှင့်သွားခဲ့ပါသေးတယ်။"

ဝမ်းသာကြည်နူးစွာ ပြောပြနေသော သူတို့ကိုကြည့်၍ ကျွန်တော်လည်း ဝမ်းသာကြည်နူးမိပါသည်။

ကျွန်တော်သည် ရာပြည့်ခန်းမ ပြခန်းအတွင်းဝယ် ဆက်လက်လေ့လာရင်း ဤကျောင်းတော်ကြီးသို့ ရောက်ခဲ့ဖူးသော ပုဂ္ဂိုလ်များစာရင်းကို ဖတ်ရှုကြည့်ရာ–

ဒီပဲယင်းဝန်ဦးမြ၊ ဦးဘဖေ၊ သာယာဝတီဦးပု၊ လန်ဒန်သွား ကိုယ်စားလှယ် ဦးထွန်းရှိန်၊ အမ်အေဦးမောင်ကြီး၊ သူရိယဦးလှဖေ၊ မဟတ္တမဂန္ဒီ၊ ပဏ္ဍစ်နေရူး စသည့် အမည်များကို တွေ့ရသည်။

မျိုးချစ်မာန်ထန်သည်းလို့ မာန်ကြီးတဲ့တို့မြန်မာ

စာလုံးပေါင်း သတ်ပုံအရတော့ မန်ကျည်းပင်။
စကားပြော အခေါ်အဝေါ်အရ မကျီးပင်။
မျိုးချစ်မြန်မာကြီးများ၏ အလိုအရ မာန်ကြီးပင်။

ဤနေရာတွင် မန်ကျည်းပင်ကို မာန်ကြီးပင်ဟု မြန်မာတိုင်းရင်းသားတို့၏ စိတ်နေသဘောထား ထင်ဟပ်ပေါ်လွင်အောင် မှည့်ခေါ်အမည်ပေးခဲ့သော ရှေးမြန်မာကြီးတို့၏ တွေးခေါ်မြော်မြင်မှုသည် လက်တွေ့အနေအထားနှင့် လိုက်လျောညီထွေရှိလှပါပေသည်။

အမျိုး၊ ဘာသာ၊ သာသနာကို စောင့်ရှောက်လိုသည့် မြန်မာ့စိတ်၊ မြန်မာ့အတွေး၊ မြန်မာ့အမြင်ကို ပေါ်လွင်အောင် ထင်ဟပ်ပြနိုင်ရေးအတွက် ဤမာန်ကြီးပင်ကြီးဖြင့် သက်သေပြု တင်စားခဲ့သည်မှာ လျော်ကန်သင့်မြတ်လှပါပေသည်။

သတ္တိဗလ၊ စွမ်းထာမကို
မပြမသိ၊ ပြမှသိ၏
သိမှထိတ်လန့်၊ ရွံ့ကြောက်ခန့်၏
ခန့်မှရိုသေ...

ဟူ၍ မဃဒေဝလင်္ကာသစ်တွင် ဆိုမိန့်ခဲ့သည်နှင့်အညီ မြန်မာတို့၏ သတ္တိဗလ စွမ်းထာမကို ပြသင့်သည့်အချိန်တွင် ပြရပေလိမ့်မည်။

မြန်မာတို့သည် သတ္တိလည်းရှိ၏။ အစွမ်းအစလည်းရှိ၏။ မြန်မာ့မြေသည် မြေသယံဇာတ၊ ရေသယံဇာတတို့ဖြင့် ကြွယ်ဝလှဘိ၏။

ထို့ကြောင့် ခြောက်တိုင်းလည်း မကြောက်၊ မြှောက်တိုင်းလည်း မမြောက်တတ်သော အတွေးမှန်၊ အသိမှန်ဖြင့် ယနေ့ကာလဝယ် မြန်မာတို့သည် ပို၍ပင် မာန်ကြီးသင့်ပေပြီ။

ခေါင်းလောင်းမတီးဘဲ မောင်းတီးကာ နယ်ချဲ့ကို နှင်ခဲ့သည့် ရှေးကာလအခေါ် ရှင်မဟာဗုဒ္ဓဃောသ အမျိုးသား အထက်တန်းကျောင်း၊ ယနေ့ကာလအခေါ် အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်း မော်လမြိုင်မြို့မှ အပြန်တွင် မျိုးချစ်မာန် ထန်သည်း၍ မာန်ကြီးသည့် ရှေးမြန်မာကြီးများကို ဂုဏ်ပြုသောအားဖြင့် အောက်ပါကဗျာတစ်ပုဒ်ကို ရေးဖွဲ့မိပါတော့သည်။

မျိုးချစ်မဟာ ကျောင်းတော်သာ

*** မျိုးချစ်မာန် ထန်သည်းလို့**
မာန်ကြီးတဲ့ တို့မြန်မာ။
*** အစဉ်အလာ ထုတ်ပြောပြရလျှင်ဖြင့်**
ရှင်မဟာဗုဒ္ဓဃောသရယ်လို့
ရာမည မွန်ပြည်နယ်ရဲ့
အလွန်စည်ထယ် ကျောင်းတော်ကြီးဆီက
အံ့ချီးစရာ ဂုဏ်လျှံညီးပါတဲ့
မာန်ကြီးပင် အသရေ ဖြိုးလိုက်ပါဘိ
မျိုးချစ်သူ ဦးရွှေအိုးရယ်က
စိုက်ပျိုးခဲ့ပါ။
*** နှစ်ပေါင်းရယ် တစ်ရာ**
ကျော်ပါခဲ့ အရိပ်ကောင်း။
*** ပေါင်းစည်းညီညာ**
ကောင်းချီးဝေဖြာ ရပ်အနှံ့အကျိုးပေမို့
မောင်းတီးကြေညာ တပ်လှန့်နှိုးခဲ့လေတဲ့
အမျိုးချစ်သူ မြန်မာကြီးတို့ကိုဖြင့်
သတိုးအနှစ်သရဖူ ရတနာထီးအပ်ထိုက်ပါရဲ့
"သူ့အောက်၌ မနေချင်
သူ့လက်တွင် မပျော်ပိုက်
အသေခံ မြေလှန်တိုက်မယ်တဲ့"
စရိုက်မှန် မြန်မာမျိုးရယ်လို့
ကမ္ဘာသိရန် အတန်တန်ကြိုးခဲ့တဲ့ပြင်
ဇာတိမာန် အပြန်ပြန်နှိုးခဲ့ပေသပေါ့
(ဪ...အဘိုးတို့၊ အဖေတို့၊ အမေတို့ရဲ့) မျိုးချစ်တဲ့ ကျောင်း။ ။

ဆွေးနွေးမှာကြား

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်း ကော်မတီ ညှိနှိုင်းအစည်းအဝေး(၄/၂၀၀၃)သို့ တက်ရောက်ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

➪ ရှေ့ဖုံးမှ

ရှေးဦးစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်က အဖွင့်အမှာစကားပြောကြားရာတွင် တပ်မတော်အစိုးရက နိုင်ငံတော်တာဝန်ကို ယူသည့်အချိန်ကစပြီး အမျိုးသားစည်းလုံးညီညွတ်မှု ပြန်လည်ဖြစ်ထွန်းအောင် အထူးသဖြင့် တိုင်းရင်းသားများ နေထိုင်ရာ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်အောင် အလေးထား ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ ဥပဒေဘောင်အတွင်း ဝင်ရောက်လာအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းကြောင့် နယ်စပ်ဒေသများတည်ငြိမ်အေးချမ်းပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားများနှင့် လက်တွဲဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသည့် တိုင်းရင်းသားများ၏ နယ်စပ်ဒေသများ မျှမျှတတ ဖွံ့ဖြိုးတိုးတက်အောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကြီးကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည့်အတွက် လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး ပန်ဆန်း၊ မိုင်းလား၊ လောက်ကိုင်၊ ပန်ဝါ စသည့် နယ်စပ်မြို့များသည် ရန်ကုန်မြို့တော်ကြီးနှင့် မခြား ထူးထူးခြားခြား တိုးတက်ပြောင်းလဲလာခဲ့ကြောင်း။

တားဆီးကာကွယ်

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း အောင်မြင်ပြီး နယ်စပ်ဒေသများ ပိုမို ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တိုင်းရင်းသား အဖွဲ့အစည်းများ၏ နိုင်ငံတော်အစိုးရအပေါ် ယုံကြည်အားထားမှုသည်လည်း ပိုမိုခိုင်မာလာနေပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ ရရှိထားသည့် ငြိမ်းချမ်းရေး မပျက်ပြားစေရန် အထူးအလေးထား ထိန်းသိမ်းသွားရန်လိုအပ်မည်ဖြစ်သကဲ့သို့ ငြိမ်းချမ်းရေး ပျက်ပြားမည့် အခြေအနေမျိုး ပေါ်ပေါက်လာပါက တားဆီးကာကွယ် ထိန်းသိမ်းကြရန် လိုအပ်မည်ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတကာ အခြေအနေကို ကြည့်လျှင် အယူအဆရေး၊ လူ့အခွင့်အရေး၊ ဘာသာရေး၊ လူမျိုးစုအရေး အကြောင်းအမျိုးမျိုးပေါ်တွင် မူတည်ပြီး ဖြစ်ပေါ်လာသော သဘောထားကွဲလွဲမှုများကို အခြေခံပြီး မြှောက်ပင့်အားပေးမှုများ၊ ချီးမြှောက်မှုများ၊ ဖိအားပေး အကျပ်ကိုင်မှုများ၊ ဆန့်ကျင်ပိတ်ဆို့မှုများ စသည့် ခွဲခြားဆက်ဆံမှုအမျိုးမျိုးကို လုပ်ဆောင်နေခြင်းကြောင့် ပြည်သူများ သေကျေပျက်စီးပြီး ဒုက္ခဆင်းရဲ ကြုံတွေ့နေရသော အနိဋ္ဌာရုံမြင်ကွင်းများကို တွေ့မြင်နေရကြောင်း၊ ယခုတလော နိုင်ငံတကာ ဖြစ်ရပ်များကိုကြည့်လျှင်လည်း သူတစ်ပါးကို အားကိုးပြီး ကယ်တင်ရှင်များ လက်ထဲရောက်မှသာ မိမိနိုင်ငံ အစွမ်းကုန် ကြီးပွားတိုးတက်မည်ဆိုသည့် မျှော်လင့်ချက်များသည် နဖူးတွေ့ ဒူးတွေ့ ကြုံရသော အခါတွင် စိတ်ကူးယဉ်အိပ်မက်ကဲ့သို့ ပျက်ပြယ်ရပြီး မိမိနိုင်ငံ၊ မိမိလူမျိုးသာ စစ်ဘေးဒုက္ခ၊ ရောဂါဘယဘေးဒုက္ခ၊ ငတ်မွတ်ဆင်းရဲခြင်း ဘေးဒုက္ခဆိုသည့် ဘေးဒုက္ခမျိုးစုံနှင့် ရင်ဆိုင်ခံစားနေကြရမှုများသည် သင်ခန်းစာယူဖွယ်များပင်ဖြစ်ကြောင်း။

ယခုလည်း အနောက်နိုင်ငံကြီးအချို့ အထူးသဖြင့် အမေရိကန်နိုင်ငံက မြန်မာနိုင်ငံအပေါ် ဩဇာလွှမ်းမိုးခြယ်လှယ်နိုင်ရေး ဦးတည်ပြီး စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်ကာ ပြည်သူများ ဆင်းရဲဒုက္ခ ကြုံတွေ့ရအောင်၊ အမျိုးသားစီးပွားရေးဘဝ ထိခိုက်နစ်နာအောင် အစီအစဉ်တကျ ဖန်တီးလုပ်ဆောင်နေသည်ကို ကြုံတွေ့နေရကြောင်း။

ဆက်လက်ကြိုးပမ်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် လွတ်လပ်သော အချုပ်အခြာအာဏာကို စွန့်လွှတ်ပြီး သူတပါး ဩဇာအာဏာလောင်းရိပ်အောက်ကို ရောက်ရှိသည့်အဖြစ်မျိုး မည်သည့် အခြေအနေမျိုးတွင်မှ အရောက်မခံနိုင်ကြောင်း၊ ပြည်ပမှ မည်သို့ပင် ဖိအားပေးပေး ပြည်သူများ၏ ပင်ကိုအရည်အသွေး စွမ်းအား၊ လုံ့လ ဝီရိယစွမ်းအား၊ စုစည်းညီညွတ်သည့် စွမ်းအားများဖြင့် ပြည်သူ့အကျိုးစီးပွားဖြစ်ထွန်းရေးကို ဆက်လက်ကြိုးပမ်းမည်ဖြစ်ကြောင်း၊ ငြိမ်းအေးချမ်းမြေ့စွာ ဥပဒေဘောင်အတွင်းတွင် လုပ်ကိုင် စားသောက်နေထိုင်လိုကြသော ပြည်သူများအပေါ် အန္တရာယ်ကျရောက်မည့်အဖြစ်မျိုးကို မည်သည့်အခါမှ အရောက်ခံ၍ မဖြစ်ကြောင်း၊ နှစ်ပေါင်းထောင်ချီပြီး ဥမကွဲ သိုက်မပျက် ပေါင်းစည်းနေထိုင်လာခဲ့ကြသော တိုင်းရင်းသားပြည်သူများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေးယိုယွင်းမှု၊ ပြည်ထောင်စု ကြိုးပြတ်ကွဲမှု အဖြစ်ဆိုးများ မဖြစ်ရေးအောင်လည်း နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက တားဆီးကာကွယ်သွားကြရမည် ဖြစ်ကြောင်း။

နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ၁၉၈၉ခုနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပြီး ပထမပိုင်းတွင် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သော တိုင်းရင်းသား အဖွဲ့အစည်းများ၏ ဒေသများကို ဦးစားပေးပြီး ဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်ခဲ့ရာတွင် မျှော်မှန်းသည်ထက် ပိုမိုအောင်မြင်ခဲ့ကြောင်း၊ ဤအောင်မြင်မှုများပေါ် အခြေခံပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုင်းနှင့်ပြည်နယ်အားလုံး နယ်စပ်ဒေသ အစွန်အဖျားပါမကျန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြန့်ကြက်ပြီး ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အတွင်း တည်ရှိပြီး ဖြစ်သော တိုင်းနှင့်ပြည်နယ် (၁၄)ခု စလုံးတွင် ဖွံ့ဖြိုးမှုကွက်လပ်များ ပြည့်ဆည်းနိုင်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအပြင် ထပ်မံပြီး ဖွံ့ဖြိုးရေး အထူးဒေသကြီး (၂၄)ခုစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် စီမံကိန်းများကို တစ်ဆက်တစ်စပ်တည်း ဆက်လက် အကောင်အထည်ဖော်လျက်ရှိကြောင်း။

ဖြည့်ဆည်းပေးနေ

ထို့ပြင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် အုပ်ချုပ်မှု အလှမ်းဝေးခဲ့၍ ကွက်လပ်လို ကျန်နေသေးသော နေရာဒေသ(၄၃)ခုတွင်လည်း အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးမွေးမြူရေး စသည့် ဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံလိုအပ်ချက်များကို အထူးအစီအမံများဖြင့် ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ထို့အပြင် သဘာဝပတ်ဝန်းကျင် ပျက်ယွင်းမှုကို ထိန်းသိမ်းနိုင်ရန်နှင့် ရွှေ့ပြောင်းတောင်ယာ လုပ်ကိုင်စားသောက်နေထိုင်ကြသော နယ်စပ်ဒေသ တိုင်းရင်းသားများ၏ ဆင်းရဲနွမ်းပါးမှုကို လျှော့ချပြီး လူနေမှုဘဝ နိမ့်ကျမှုများကို မြှင့်တင်ပေးရန် ရွှေ့ပြောင်းတောင်ယာစနစ်အစား ကုန်းမြင့်လယ်ယာစနစ်ကို ကူးပြောင်းအကောင်အထည်ဖော်သည့် ကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်စိုက်ပျိုးရေး စီမံကိန်းကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဤကဲ့သို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ လူနေမှုဘဝ မြင့်မားရေးကို တစ်နိုင်ငံလုံး လွှမ်းခြုံပြီး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေခြင်းကြောင့် တိုင်းရင်းသားများအကြား ဆူကြို့နိမ့်မြင့် ကွာဟချက် လျော့နည်းပပျောက်လာသကဲ့သို့ ဒေသခံတိုင်းရင်းသားများ အနေဖြင့်လည်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် နိုင်ငံတော်အစိုးရနှင့်ပြည်သူ ကြည်ဖြူစွာလက်တွဲ ကြိုးပမ်းဆောင်ရွက်နေသည့်အတွက် ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ် တိုးတက် ဖြစ်ထွန်းနေခြင်းသည် ပြည်ထောင်စုကြီး ထာဝရခိုင်မြဲရေးအတွက် အဓိကမဏ္ဍိုင်ပင် ဖြစ်ကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ ဖြိုး တိုး တက်မှု အကောင် အထည်ဖော်ရေး လုပ်ငန်း ကော်မတီ ညှိနှိုင်း အစည်းအဝေး (၄/၂၀၀၃)တွင် နယ်စပ်ဒေသနှင့် တိုင်း ရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

လမ်းတံတား

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့်ပတ်သက်ပြီး လမ်းတံတားကဏ္ဍသည် ဖွံ့ဖြိုးမှု နောက်ကျခဲ့သော နယ်စပ်ဒေသများ၏ အဓိကလိုအပ်ချက်ဖြစ်၍ နိုင်ငံတော်က အထူးဦးစားပေး ဆောင်ရွက်ခဲ့ရာတွင် ယနေ့အထိ ဘဏ္ဍာငွေကျပ် ၂၄၄၁၁ သန်းကျော်ကုန်ကျခဲ့ပြီး နယ်စပ်ဒေသအသီးသီးတွင် မြေလမ်း ၂၇၆၄ မိုင်၊ ကျောက်ခင်းလမ်း ၁၆၁၄ မိုင်နှင့် ကတ္တရာလမ်း ၂၃၀၂မိုင် ဖောက်လုပ်နိုင်ခဲ့ပြီး လမ်းဟောင်း ၂၉၆၅ မိုင်ကိုလည်း အဆင့်မြှင့် ပြုပြင်ထိန်းသိမ်းပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် တံတားကြီး ၄၂စင်း၊ တံတားငယ် ၆၅၆စင်းနှင့် ကြိုးတံတား ၁၆ စင်းတို့ကို တည်ဆောက်ပေးနိုင်ခဲ့ခြင်းကြောင့် ဒေသတစ်ခုနှင့်တစ်ခု ကူးလူးဆက်သွယ်မှု မြန်ဆန်လာကာ တိုင်းရင်းသား အချင်းချင်း ချစ်ကြည်ရင်းနှီးမှုများ တိုးတက်ဖြစ်ထွန်းလာနေပြီ ဖြ ကြောင်း။

ပညာရေးကဏ္ဍနှင့် ပတ်သက်၍ နိုင်ငံတော်က ယနေ့အထိ နယ်စ ဒေသပညာရေးကဏ္ဍအတွက် ဘဏ္ဍာ ငွေကျပ် ၃၂၂၁ သန်းကျော် အကု အကျခံပြီး ဆောင်ရွက်ပေးခဲ့ရာတွ မူလတန်းကျောင်း ၆၂၇ကျောင်း အလယ်တန်းကျောင်း ၆၁ကျောင်းနှ အထက်တန်းကျောင်း ၆၂ကျော တည်ဆောက်ဖွင့်လှစ်ပေးနိုင်ပြီး ဖြ ကြောင်း၊ ၁၉၈၉-၉၀ ပညာသင်နှ တွင် မူလတန်းကျောင်းသားနှ အလယ်တန်းကျောင်းသား မ စလောက်သာရှိခဲ့ပြီး ယခုအခါ နယ်စ ဒေသများတွင် မူလတန်းကျောင်းသာ ၆၇၇၈၅ဦး၊ အလယ်တန်းကျောင် သား ၂၈၁၉၆ဦးနှင့် အထက်တန ကျောင်းသား ၅၅၃၄ဦး၊ စုစုပေါင် ၁၀၁၅၁၅ဦး တက်ရောက်သင်ကြာ နေပြီးဖြစ်၍ နယ်စပ်ဒေသ ပညာရေ ကဏ္ဍကို အရှိန်အဟုန်ဖြင့် ဆောင်ရွက ပေးနိုင်နေပြီဖြစ်ကြောင်း။

စာမတတ်သူပပျောက်ရေး

စာမတတ်သူ ပပျောက်ရေးအတွ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှ ချက်အရ နယ်စပ်ဒေသများရှိ ကျော နေသက်လွန် တိုင်းရင်းသားမျ စာတတ်မြောက်အောင် နွေရာ "အ"သုံးလုံး ရက်တိုသင်တန်းများ နယ်စပ်ဒေသအသီးသီးတွင် ဖွင့်လှ သင်ကြားပေးနေကြောင်း၊ ယခုအချိ အထိ သင်တန်းသား ၃၁၈၇၉ဦးက သင်ကြားပေးနိုင်ခဲ့ပြီး ဆက်လက်မ လည်း သင်တန်းများ ဖွင့်လှ သင်ကြားပေးသွားမည်ဖြစ်ကြောင်း

နယ်စပ်ဒေသမှ လူ့စွမ်းအားအရင အမြစ် ဖွံ့ဖြိုးသော တိုင်းရင်းသာ လူငယ်များ မွေးထုတ်ပေးနိုင်အော ဘဏ္ဍာငွေကျပ် ၈၅၅ သန်းကျေ အကုန်အကျခံ၍ နယ်စပ်ဒေသအသ သီးတွင် တိုင်းရင်းသား လူငယ်ဖွံ့ဖြိ ရေးသင်တန်းကျောင်း ပေါင်း ၁ ကျောင်းနှင့် အမျိုးသမီး အိမ်တွင်း ပညာသင်တန်းကျောင်း ၁၃ ကျောင်

တောင်ကြီးမြို့ မြင်ကွင်းပသာဒ

မြန်မာနိုင်ငံအရပ်ရပ်မှ ဘုရားဖူးပြည်သူများ၊ ကမ္ဘာအရပ်ရပ်မှ ကမ္ဘာလှည့်ဧည့်သည်များ၊ လေ့လာသူများသည် ရှမ်းပြည်နယ်တောင်ပိုင်းသို့ လာရောက်လည်ပတ်ကြသည့်အခါတွင် ပြည်တွင်း၊ ပြည်ပ၌ ထင်ရှားကျော်ကြားလျက်ရှိသည့် ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦးဘုရား၊ ပင်းတယမြို့ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရားများသို့ အလေးထား သွားရောက်ဖူးမြော်ကြသည်။ ပုံတွင် ရှမ်းပြည်နယ်တောင်ပိုင်း၏ မြို့တော် တောင်ကြီးမြို့ဝန်းကျင် စိမ်းလန်းစိုပြည်သော တောင်တန်းများ၊ စေတီပုထိုးများနှင့် ခေတ်မီလှပမြို့အင်္ဂါရပ်နှင့်အညီ တည်ဆောက်ထားသော တောင်ကြီးမြို့၏ မြင်ကွင်းပသာဒကို တောင်ကြီးမြို့ အရှေ့ဘက်ရှိ တောင်တန်းများပေါ်တွင် တောင်မှမြောက်သို့ သွယ်တန်းလျက်ရှိသော ရွှေဘုန်းပွင့်စေတီတည်ရှိရာ နွားလားဥသဘတောင်ပေါ်မှ ဤသို့ တွေ့မြင်ခံစားရသည်။ ဓာတ်ပုံမှတ်တမ်း-သွင်အေး(ကြေးမုံ)

...ဖွဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ...က်မှု အကောင်အထည်ဖော်ရေး လုပ်ငန်း
(သတင်းစဉ်)

တိုးတက်ဖြစ်ထွန်းလာနေပြီ ဖြစ်ကြောင်း။

ပညာရေးကဏ္ဍနှင့် ပတ်သက်၍ နိုင်ငံတော်က ယနေ့အထိ နယ်စပ်ဒေသပညာရေးကဏ္ဍအတွက် ဘဏ္ဍာငွေကျပ် ၃၂၂၁ သန်းကျော် အကုန်အကျခံပြီး ဆောင်ရွက်ပေးခဲ့ရာတွင် မူလတန်းကျောင်း ၆၂၇ကျောင်း၊ အလယ်တန်းကျောင်း ၆၁ကျောင်းနှင့် အထက်တန်းကျောင်း ၆၂ကျောင်း တည်ဆောက်ဖွင့်လှစ်ပေးနိုင်ပြီး ဖြစ်ကြောင်း၊ ၁၉၈၉-၉၀ ပညာသင်နှစ်တွင် မူလတန်းကျောင်းသားနှင့် အလယ်တန်းကျောင်းသား မဆိုစလောက်သာရှိခဲ့ပြီး ယခုအခါ နယ်စပ်ဒေသများတွင် မူလတန်းကျောင်းသား ၆၇၇၈၅ဦး၊ အလယ်တန်းကျောင်းသား ၂၈၁၉၆ဦးနှင့် အထက်တန်းကျောင်းသား ၅၅၃၄ဦး၊ စုစုပေါင်း ၁၀၁၅၁၅ဦး တက်ရောက်သင်ကြားနေပြီးဖြစ်၍ နယ်စပ်ဒေသ ပညာရေးကဏ္ဍကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးနိုင်နေပြီဖြစ်ကြောင်း။

စာမတတ်သူပပျောက်ရေး

စာမတတ်သူ ပပျောက်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ နယ်စပ်ဒေသများရှိ ကျောင်းနေသက်လွန် တိုင်းရင်းသားများ စာတတ်မြောက်အောင် နွေရာသီ "အ"သုံးလုံး ရက်တိုသင်တန်းများကို နယ်စပ်ဒေသအသီးသီးတွင် ဖွင့်လှစ်သင်ကြားပေးနေကြောင်း၊ ယခုအချိန်အထိ သင်တန်းသား ၃၁၈၇၉ဦးကို သင်ကြားပေးနိုင်ခဲ့ပြီး ဆက်လက်၍လည်း သင်တန်းများ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း။

နယ်စပ်ဒေသမှ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးသော တိုင်းရင်းသားလူငယ်များ မွေးထုတ်ပေးနိုင်အောင် ဘဏ္ဍာငွေကျပ် ၈၅၅ သန်းကျော် အကုန်အကျခံပြီး နယ်စပ်ဒေသအသီးသီးတွင် တိုင်းရင်းသား လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်းပေါင်း ၁၉ ကျောင်းနှင့် အမျိုးသမီး အိမ်တွင်းမှုပညာသင်တန်းကျောင်း ၁၃ကျောင်း၊ ရန်ကုန်နှင့်မန္တလေးတွင်ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခုအသီးသီး ဖွင့်လှစ် ပျိုးထောင်ပေးလျက်ရှိကြောင်း။

ထူးခြားဖြစ်ထွန်းမှု အနေဖြင့်လည်း ယင်းဒီဂရီကောလိပ်နှစ်ခုမှ ဘွဲ့ရလူငယ်များ နှစ်ကြိမ်စီ မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်၍ ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရာတွင် ဒေသအလိုက် ကျန်းမာရေးအဆင့်အတန်း ကွာဟမှု လျော့နည်းသွားစေရန်၊ မြို့ပြနှင့် ကျေးလက်ကျန်းမာရေး ကွာဟမှု လျော့နည်းသွားစေရန် ရည်မှန်းချက်ထား ဆောင်ရွက်ပေးနေကြောင်း။

နိုင်ငံတော်အနေဖြင့် ယနေ့အထိ နယ်စပ်ဒေသ ကျန်းမာရေးကဏ္ဍအတွက် ဘဏ္ဍာငွေ ကျပ် ၁၄၄၇သန်းကျော် အကုန်အကျခံပြီး အကောင်အထည်ဖော်ခဲ့ရာတွင် ဆေးရုံ ၅၂ရုံ၊ ဆေးပေးခန်း ၈၂ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၂၈ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၁ခုတို့ကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဖြစ်၍ နယ်စပ်ဒေသ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးနိုင်နေပြီဖြစ်ကြောင်း။

စွမ်းအင်ကဏ္ဍ

စွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍ နိုင်ငံတော်က ယနေ့ထိ ဘဏ္ဍာငွေကျပ် ၈၉၇သန်းကျော် အကုန်အကျခံပြီး နယ်စပ်ဒေသစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးခဲ့ရာ နယ်စပ်မြို့ ရှစ်မြို့ကို အငယ်စားနှင့် အလတ်စား ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ပေးနိုင်ခဲ့ပြီး မီးစက် ၂၅၁လုံး တပ်ဆင်ပေးခြင်းဖြင့် မြို့၊ ရွာ ၁၈၆ခု တွင်လည်း မီးလင်းနေပြီဖြစ်ကြောင်း။



ပြည် ထဲ ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်း အစည်းအဝေး(၄/၂၀၀၃) တွင် မူးယစ်ဆေးဝါး ပပျောက်ရေး အတွက် ပန်းတိုင်သစ် စီမံကိန်းကို ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် အောင်မြင်မှု၊ နယ်စပ်ဒေသ ဘိန်းမစိုက်ပျိုးသူများအတွက် ပံ့ပိုးဆောင်ရွက်ပေးနေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

စိုက်ပျိုးရေးကဏ္ဍနှင့် ပတ်သက်၍ စီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှု လုံးဝချုပ်ငြိမ်းစေရန် ဆိုသည့် ရည်မှန်းချက်နှင့်အညီ နယ်စပ်ဒေသ တိုင်းရင်းသားများအတွက် စိုက်ပျိုးရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်အောင် နိုင်ငံတော်က ပံ့ပိုးကူညီပေးလျက်ရှိကြောင်း၊ ယနေ့အထိ နိုင်ငံတော်က ဘဏ္ဍာငွေကျပ် ၁၂၁၅ သန်းကျော် အကုန်အကျခံပြီး နယ်စပ်ဒေသအသီးသီးတွင် စိုက်ပျိုးရေးရုံး ၃၁ရုံး၊ စိုက်ပျိုးရေးစခန်း ၁၁၅ခု၊ တည်ဆောက်ဆဲနှင့် တည်ဆောက်ပြီး ဆည် ၄၀ခု၊ တိုင်းတာပြီး ဆည် ၁၇ခု၊ တူးမြောင်းလေးခုနှင့် ထွန်စက်စခန်း ၁၁ခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်သဖြင့် နယ်စပ်ဒေသများတွင် လယ်ယာကဏ္ဍ တိုးတက်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း၊ ဆက်လက်ပြီး နယ်စပ်ဒေသ မြေပြန့်များတွင် မြေလွတ်မြေရိုင်းများ ဖော်ထုတ်မှုနှင့် ကုန်းမြင့်ဒေသများတွင် ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်မှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဤသို့ ဆောင်ရွက်ပေးနေမှုကြောင့် ဒေသခံ တိုင်းရင်းသားများအနေဖြင့် စိုက်ပျိုးရေးကို အခြေခံသော စီးပွားဖြစ်လုပ်ငန်းများ တိုးမြှင့်လုပ်ကိုင်လာနိုင်ပြီး ယခင်က အသက်မွေးဝမ်းကျောင်းအဖြစ် မှီခိုနေရသော ဘိန်းစိုက်ပျိုးထုတ်လုပ်မှုများကို စွန့်လွှတ်နေပြီဖြစ်ကြောင်း၊ ယခင် ဘိန်းစိုက်ပျိုးရာဒေသများဖြစ်သော ဒေသများတွင် ယခုဆိုလျှင် ဘိန်းအစားထိုး စိုက်ပျိုးရေး စီမံကိန်းကြီးများ ဖြစ်ထွန်းနေသည့်အတွက် "ဝ"ဒေသ၊ ပန်ဆန်း၊ မိုင်းမော၊ နမ့်တစ်၊ ဝမ်ဟုန်နှင့် တာချီလိတ်ဒေသများတွင် မြင်တွေ့ရသကဲ့သို့ ကိုးကန့်ဒေသနှင့် ပန်ဝါဒေသများတွင် ဘိန်းအစားထိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းနေသည်ကို အားရဖွယ် တွေ့မြင်နေရပြီ ဖြစ်ကြောင်း။

မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းနှင့်ပတ်သက်ပြီး နိုင်ငံတော်က ၁၅နှစ် စီမံကိန်း ရေးဆွဲချမှတ်ကာ အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် အကောင်အထည်ဖော်ခဲ့ရာမှ အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်ရန်အတွက် မူးယစ်ဆေးဝါးပပျောက်ရေး **ပန်းတိုင်သစ်စီမံကိန်း** ကို ဖြည့်စွက်ချမှတ် အကောင်အထည် ဖော်လျက်ရှိရာ ထူးထူးခြားခြား အောင်မြင်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

နယ်စပ်ဒေသ အမျိုးသမီးငယ်များကဏ္ဍနှင့် ပတ်သက်၍ အစွန်အဖျားနယ်စပ်ဒေသများသည် ဖွံ့ဖြိုးမှု နောက်ကျခဲ့ပြီး ယခင်က ပညာပေးစည်းရုံးမှုများလည်း အားနည်းခဲ့ခြင်းကြောင့် ဒေသခံ အမျိုးသမီးငယ်များသည် ဗဟုသုတနည်းပါးပြီး အသက်မွေးဝမ်းကျောင်းပညာရပ်များလည်း မတတ်မြောက်သည့်အတွက် လူပွဲစားများ၏ လိမ်လည်ဖြားယောင်းမှုကြောင့် တစ်ဖက်နိုင်ငံကို သွားရောက်အလုပ်လုပ်ကြရာတွင် ဒုက္ခမျိုးစုံကြုံတွေ့သည်ကို တွေ့ရှိနေကြောင်း၊ ထို့ကြောင့် ကိုယ်ပိုင် တတ်မြောက်ထားသော အိမ်တွင်းမှု ပညာရပ်များနှင့် မိမိနိုင်ငံအတွင်း၌ပင် အသက်မွေးဝမ်းကျောင်းမှုပြုနိုင်အောင် နယ်စပ်ဒေသ အသီးသီးတွင် အမျိုးသမီးအိမ်တွင်းမှု ပညာသင်တန်းကျောင်းပေါင်း ၁၃ကျောင်း ဖွင့်လှစ်ပျိုးထောင်ပေးနေခြင်း ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း နယ်စပ်ဒေသမှ အမျိုးသမီးငယ်များကို ထိန်းသိမ်း စောင့်ရှောက်ပေးနေသည့်အတွက် နယ်စပ်ဒေသမှ အမျိုးသမီးငယ်များအကြား၊ အသိ၊ အမြင်နှင့် ခံယူချက်တိုးတက်ပြီး နိုင်ငံတော်အပေါ် အားကိုးအားထားမှုများ ပြန်လည်ဖြစ်ထွန်းလာနေပြီ ဖြစ်ကြောင်း။

မြှောက်ပင့်သွေးထိုး

ယင်းကဲ့သို့ မိမိတိုင်းပြည်၊ မိမိလူမျိုး အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် မျိုးချစ်စိတ်အခြေခံ၊ ပြည်ထောင်စုစိတ်ဓာတ်အခြေခံနှင့် ဆောင်ရွက်နေသည်ကို မရှုဆိတ်မနာလိုသည့် အနောက်နိုင်ငံကြီးများက ၎င်းတို့အလိုတော်ရိ အမျိုးသစ္စာဖောက်များကို မြှောက်ပင့်ပေးပြီး ၎င်းတို့ ဩဇာခံနိုင်ငံဖြစ်လာအောင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ ပိတ်ဆို့မှု၊ ဖိအားပေးမှု၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် မြှောက်ပင့်သွေးထိုးမှုများ ပြုလုပ်နေကြသည်ကို ကြုံတွေ့နေကြရပြီဖြစ်ကြောင်း။

တစ်ဖက်ကလည်း တိုင်းရင်းသား အချင်းချင်း စည်းလုံးညီညွတ်မှု ပြိုကွဲအောင် မကောင်းသော ကြံရွယ်ချက်၊ အောက်တန်းကျသော အစီအမံများဖြင့် ဖန်တီးလုပ်ဆောင်နေမှုများသည် အလွန်ရွံရှာဖွယ် ကောင်းလှကြောင်း၊ သူတစ်ပါးအပေါ် မကောင်းကြံရွယ်သူများသည် တစ်နေ့နေ့တွင် ယင်းဒဏ်များကို ၎င်းတို့ ပြန်ပြီးခံကြရမည်မှာ မလွဲဧကန်ပင် ဖြစ်ကြောင်း။

ထို့ကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက်
စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❁

ရှမ်းပြည်နယ်(တောင်ပိုင်း)၏ မြို့တော်တောင်ကြီးနှင့် မြို့ကျက်သရေဆောင် စူဠာမုနိစေတီတော်

သတင်းဆောင်းပါး - သိန်းဝင်းလတ်၊ ဓာတ်ပုံမှတ်တမ်း - သွင်အေး(ကြေးမုံ)

ရန်ကုန် ဩဂုတ် ၂၀

ကြေးမုံသတင်းအဖွဲ့သည် ဩဂုတ် ၅ရက် နံနက်က ဟဲဟိုးလေယာဉ်ကွင်းမှတစ်ဆင့် တောင်ကြီးမြို့သို့ တက်ခဲ့ကြသည်။

ရှမ်းပြည်နယ်တောင်ပိုင်းရှိ မြို့တော်တောင်ကြီးကို အရှေ့ဘက်မှ တောင်ချွန်းကြီးက အုပ်မိုးလျက်ရှိပြီး တောင်တန်းများပေါ်တွင်လည်း စေတီများ တင့်တယ်သပ္ပာယ်စွာ တွေ့မြင်ရသည်။ စေတီပုထိုးဟူသည် ဗုဒ္ဓမြတ်စွာသာသနာ၏ အထိမ်းအမှတ်ဖြစ်သကဲ့သို့ ဗုဒ္ဓမြတ်စွာသာသနာ၏ တိုးတက်မှု၊ စည်ပင်မှုကိုလည်း ထိုစေတီပုထိုးတို့ကို ဖူးမြော်ကြည့်ရှု၍ အကြမ်းဖျင်း သုံးသပ်နိုင်ပေသည်။

ရှမ်းပြည်နယ်၏ မြို့တော်ဖြစ်သော တောင်ကြီးမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ၄၇၁၂ ပေ မြင့်သော ရှမ်းပြည်နယ်(တောင်ပိုင်း) ရှမ်းရိုးမတောင်တန်းပေါ်တွင် ငွားငွားစွင့်စွင့် တည်ရှိပေသည်။

မြန်မာသက္ကရာဇ် ၁၂၀၀ခန့်က နောင်တွင် တောင်ကြီးဟု သမုတ်မည့်နေရာ၌ ပအိုဝ်းရွာကလေးတစ်ရွာ ရှိခဲ့သည်။ ထိုရွာ၏အမည်မှာ **ဒုံတောင်တီ** ဟု အမည်ရသည်။ **တောင်တီ** ကိုရှမ်းအသံဖြင့် **တွမ်တီး** ဟုခေါ်သည်။ တည်ပင်(ဝါ)တည်ပင် ပေါက်ရာရွာဟု ဆိုလိုသည်။ ထိုရွာနှင့် အနီးတစ်ဝိုက်တွင် ပင်လုံရွာ၊ ရှမ်းရွာ၊ မိန်မြိန်ရွာနှင့် ဝါးကြားရွာများရှိသည်။

မြို့တော်ဖန်တီး

၎င်းအပြင် ရေကန်လေးကန်နှင့် အင်းကြီးတစ်အင်းလည်းရှိပေသည်။ နယ်ချဲ့အင်္ဂလိပ်အစိုးရသည် တောင်ကြီးမြို့ကို ၁၂၅၃ခုနှစ် (၁၈၉၀ပြည့်နှစ်)တွင် တည်ထားခဲ့ကြောင်း၊ ပတ်ဝန်းကျင်ရှိ အင်းနှင့် ကန်များကို ပြုပြင်ဆည်ဖို့ကာ တောင်ကြီးကို မြို့တော်ဖြစ်ရန် ဖန်တီးခဲ့ကြောင်း သိရှိရသည်။

သက်ကြီးရွယ်အိုတစ်ဦး၏ ပြောကြားချက်အရ ၁၂၅၁ ခုနှစ်တွင် တောင်ကြီးမြို့တည်ကြောင်း မှတ်သားရသည်။ ၎င်းအဆိုအမိန့်များကို အခြေခံ၍ သုံးသပ်ကြည့်ရာ နယ်ချဲ့အင်္ဂလိပ်သည် အထက်မြန်မာပြည်ကို ၁၂၄၇ ခုနှစ်တွင် သိမ်းပိုက်ပြီး ရှမ်းပြည်နယ်သို့တက်လာကာ ရေးဦးစွာ ညောင်ရွှေမြို့နယ် မိုင်းသောက်ကျေးရွာဒေသတွင် စတင်ရုံးစိုက်ခဲ့ကြောင်း သိရသည်။

သက်တမ်းနှစ်တစ်ရာကျော်

မိုင်းသောက်ဒေသမှတစ်ဖန် ယခုတောင်ကြီးမြို့တည်ရာဒေသတစ်ဝိုက်သို့ ၁၂၅၁ခုနှစ်ခန့်၌ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်နိုင်ရာ၏။ ထိုအချိန်ကတောင်ကြီးမြို့၏ အရှေ့ဘက်တောင်တန်းများပေါ်၌ မိရဲ၊ သထုံ၊ ဝိနယ အစရှိသည့် ပအိုဝ်းရွာများရှိသည်။ **ဝိနယ** ဟူသော ပအိုဝ်းရွာ၏ အဓိပ္ပာယ်သည် **မြို့ဟောင်း** ဟု အဓိပ္ပာယ်ရသည်။ **ဝိနယ**တွင် ရုံးစိုက်ပြီးနောက် ၁၈၉၄ခုနှစ်တွင် ယခုတောင်ကြီးမြို့နေရာသို့ ရွှေ့ပြောင်းတည်ခြင်း ဖြစ်နိုင်ပေသည်။ ထို့ကြောင့် တောင်ကြီးမြို့၏ သက်တမ်းသည် အနှစ် ၁၀၀ကျော်ပြီဖြစ်ကြောင်း မှတ်တမ်းတင်ရမည်ဖြစ်သည်။

ရှမ်းပြည်နယ်တောင်ပိုင်းမြို့တော် တောင်ကြီးတွင်ရှိသော များပြားလှစွာသော စေတီပုထိုး၊ ရုပ်ပွားတော်များ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်တိုက်များကိုကြည့်၍ သာသနာအမှန်ပင် ထွန်းကားလှကြောင်း သိနိုင်ပေသည်။ များပြားလှသည့် စေတီပုထိုး၊ ရုပ်ပွားတော်များမှ စာရေးသူ လက်လှမ်းမီခဲ့သမျှ တင်ပြခြင်းဖြစ်ပေသည်။

ရွှေဘုန်းပွင့်စေတီသည် တောင်ကြီးမြို့ အရှေ့ဘက်ရှိ တောင်တန်းများပေါ်တွင် တောင်မှမြောက်သို့ သွယ်တန်းလျက်ရှိသော ဘုရားတောင်၊ တောင်ချွန်း၊ နွားလားဥသဘတောင်၊ ကြက်မောက်တောင်၊ မြစိမ်းတောင် စသည့် တောင်များအနက် နွားလားဥသဘ တောင်ထိပ်တွင် တည်ထားသော စေတီဖြစ်သည်။

ယင်းစေတီကို ၁၃၃၁ခုနှစ် တော်သလင်းလပြည့်ကျော် ၁ ရက် (၁၇-၉-၆၉) စနေနေ့ နံနက် ၆း၁၀ နာရီအချိန်တွင် အရန်စေတီရှစ်ဆူနှင့်တကွ ယက္ကန်းစင်တောင် ဆရာတော်က အုတ်မြစ်ချ တည်ထားခဲ့သည်။

ထို့အတူ ဓာတ်ပေါင်းစုစေတီ၊ ရွှေမုဋ္ဌောစေတီ၊ ရုပ်တော်မူဘုရား၊ အောင်တော်မူစေတီ၊ ရတနာဇေယျစေတီတို့ကို ဖူးမြော်နိုင်ပေသည်။

ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးမြို့၏ အရှေ့တောင်ဘက် အင်္ဂါထောင့်အရပ် တောင်ကြီး-ဟိုပုံး သွားရာ မော်တော်ကားလမ်းမကြီး၏နံဘေး၊ တောင်ကြီးဂေါက်ကလပ်အနီး၌ ကုန်းတော်မြတ်တစ်ခု ရှိပေသည်။ ကုန်းတော်အကျယ်အဝန်းသည် ၁၁ ဒသမ ၈၂ ဧကရှိပြီး ကုန်းတော်အမြင့်သည် ပေ ၃၀၀ခန့်မြင့်သည်။ ကုန်းတော်ထက် မြေမျက်နှာပြင် မြေပြန့်အကျယ်အဝန်းသည် ၁ ဒသမ ၅ဧက ရှိပေသည်။

ထိုကုန်းတော်မြတ်သည် စေတီဘုရား တည်ထားကိုးကွယ်ရန် လျော်ကန်သင့်မြတ်သော ဘူမိနက်သန် အောင်မြေဖြစ်သည်နှင့်အညီ စူဠာမုနိလောကချမ်းသာ စေတီတော်မြတ်ကို ကြည်ညိုဖွယ်ရာ ဖူးတွေ့နိုင်ရန် တည်ထားရေးအတွက် စေတီတော်၏ ဝတ္ထုကံမြေနေရာ စေတီယဘူမိ၊ စေတီယဝတ္ထုအဖြစ် ထိုကုန်းတော်ကို ရွေးချယ်ခဲ့ကြသည်။

၁၉၆၈ခုနှစ်တွင် တောင်ကြီးမြို့ ပထမတောင်ကျောင်းကြီးတိုက် ဆရာတော် ဘဒ္ဒန္တ နရိန္ဒ (အဂ္ဂမဟာပဏ္ဍိတ)နှင့် တောင်ကြီးမြို့ မြို့မဂိုဏ်းထောက် မင်္ဂလာရာမကျောင်း ဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓတို့ ဦးစီးနာယကပြုသော ဌာနဆိုင်ရာနှင့် မြို့မိ၊ မြို့ဖများက ကြီးမားသော ကြေးသွန်းဗုဒ္ဓရုပ်ပွားဆင်းတုတော် မြတ်တစ်ဆူ သွန်းလုပ်ပူဇော်ရန်နှင့် ဘုရားဆင်းတုတော်အား ဉာဏ်တော် ၁၁ တောင်၊ နှစ်မိုက်လေးသစ် သွန်းလုပ်ရန်၊ ဘွဲ့အမည်ကို **ပြည်လုံးချမ်းသာ ဗုဒ္ဓရုပ်ပွားတော်** ဟူသော ဘွဲ့တော်ပေးရန် စီစဉ်ဆောင်ရွက်အားထုတ်ခဲ့ကြသည်။ သို့သော် အကောင်အထည်မပေါ်၊ မဖော်ဆောင်နိုင်ခဲ့ပေ။ နှစ်ပေါင်း ၂၇နှစ်ကြာပြီးနောက်မှ ဘူမိနက်သန်ကုန်းတော်မြတ်သည် **စူဠာမုနိ လောကချမ်းသာ စေတီတော်** မြတ်ကြီးအတွက် ဘူမိနက်သန် အောင်မြေမှန် ဖြစ်လာခဲ့ပေသည်။

အင်းလေးဖောင်တော်ဦး

ရှမ်းပြည်နယ်တောင်ပိုင်းသို့ လာရောက်လည်ပတ်ကြသည့် ပြည်တွင်း၊ ပြည်ပဘုရားဖူး ဧည့်သည်များသည် ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦးဘုရား၊ ပင်းတယမြို့ ရွှေဥမင်သဘာဝ လိုဏ်ဂူဘုရားများသို့ သွားရောက်ဖူးမြော် ကြည်ညိုကြသကဲ့သို့ မြို့တော်တောင်ကြီးတွင် မြန်မာ့အနုပညာလက်ရာတို့ဖြင့် သပ္ပာယ်ကြည်ညိုဖွယ်ဖြစ်စေမည့် စေတီတော်တစ်ဆူ တည်ထားကိုးကွယ်ရန် ရည်သန်၍ တာဝန်ရှိပုဂ္ဂိုလ်များသည် ၁၉၉၃ခုနှစ်တွင် စတင်စီစဉ်ဆောင်ရွက်ခဲ့သည်။

၁၉၉၃ခုနှစ် ဒီဇင်ဘာလတွင် တာဝန်ရှိသူများ ပုဂံမြို့သို့ သွားရောက်၍ အာနန္ဒာစေတီ၊ ရွှေစည်းခုံစေတီ၊ နဂါးရုံစေတီ၊ မြင်းပြဂူစေတီ၊ တစ်ဝဂူ(ရှစ်မျက်နှာ)ဘုရား၊ ငါးမျက်နှာဘုရား၊ မြင်းကပါဂူပြောက်ကြီးဘုရား၊ လောကနန္ဒာစေတီ၊ ပုဂံမြို့သစ်ရှိ ရှစ်မျက်နှာဘုရား၊ စိမ်းညက်အစ်မ၊ စိမ်းညက်ညီမဘုရား၊ မနူဟာအနီး သီဟိုဠ်ပုံစေတီနှင့် မြေပုံသာစေတီတို့ကို လေ့လာခဲ့ကြသည်။

ထူးခြားသပ္ပာယ်

ထိုသို့လေ့လာခဲ့သည့် ဘုရားများအနက်မှ **အမြင့်သဗ္ဗညု၊ ထု မမှုရ၊ အနု အာနန္ဒာ**ဟူသည့် စကားနှင့်အညီ ပန္နက်ပုံစံအလှဆုံး၊ ဗိသုကာလက်ရာ အကောင်းဆုံး၊ မြန်မာမှုအနုပညာလက်ရာ အမြောက်ဆုံး ဘုရားတစ်ဆူအဖြစ် အပြောက်အမွမ်းတို့ဖြင့် ထူးခြားသပ္ပာယ်လှသော ကျန်စစ်သားမင်းကြီး၏ ကောင်းမှုတော်ဖြစ်သည့် **အာနန္ဒာ စေတီတော်** ပုံစံကိုယူ၍ တည်ထားကိုးကွယ်ရန် သတ်မှတ်အတည်ပြုခဲ့သည်။

ထို့နောက် ဘုရားကို မုခ်လေးဘက်ပါ ကွန်းတောင်ပေါက်ဂူဘုရားဖြစ်သော အာနန္ဒာဂူ ဘုရားပုံစံအတိုင်း စူဠာမုနိလောကချမ်းသာဘုရားကို တည်ထားကိုးကွယ်ခဲ့သည်။

ပအိုဝ်းတိုင်းရင်းသားများသည် ရိုးသားခြင်း၊ ကြိုးစားခြင်း၊ ခွဲ၊ လုံ့လ၊ ဝီရိယရှိသူများဖြစ်ကြပြီး အေးချမ်းစွာနေထိုင်လိုသူများ ဖြစ်ကြသည်။

တစ်မူးရလို့ တစ်ပဲလှူ တို့ရှမ်းတောင်သူ တူနိုင်ရိုးလား ဆိုသည့် ဆိုးရိုးစကားနှင့်အညီ အလှူဒါနဖြင့် ပျော်မွေ့ကြသူများဖြစ်ကြောင်းကို တောင်ကြီးမြို့တစ်ဝိုက်ရှိ စေတီ၊ ပုထိုး၊ ဘုရားများက သက်သေတည်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။ **(ကြေးမုံ)**

ပဋ္ဌာန်းအထူးသင်တန်း ပို့ချမည်

ရန်ကုန် ဩဂုတ် ၂၀

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ (ဗန်းမော်ဆရာတော်ကြီး)က ဩဂုတ် ၂၈ရက်(ကြာသပတေးနေ့)မှစ၍ ဥပုသ်နေ့ မှအပ နေ့စဉ်ညနေ၃နာရီမှ ၄နာရီအထိ ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီးရှိ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ အဘိဓမ္မာရတနာဃရ အဘိဓမ္မာ ဓမ္မဗိမာန်တော်ကြီးတွင် ပဋ္ဌာန်းအထူးသင်တန်းကို ဓမ္မဒါနပို့ချမည်ဖြစ်ရာ ရဟန်းရှင်လူ မည်သူမဆို တက်ရောက်သင်ကြားနိုင်ကြောင်းသိရသည်။ (က-ပ)

သားငါးဖွံ့ဖြိုး ဖြည့်အကျိုး

စီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှု လုံးဝချုပ်ငြိမ်းစေရန်ဆိုသည့် ရည်မှန်းချက်နှင့်အညီ နယ်စပ်ဒေသ တိုင်းရင်းသားများအတွက် စိုက်ပျိုးရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်ရန် နိုင်ငံတော်က ပံ့ပိုးကူညီပေးလျက်ရှိသည်။ ပုံတွင် ရှမ်းပြည်နယ် အရှေ့ပိုင်း အထူးဒေသ(၄) မိုင်းလားမြို့တွင် ဘိန်းအစားထိုး သီးနှံပင်များ စနစ်တကျစိုက်ပျိုးထားစဉ်။ ဓာတ်ပုံ-ကျော်ဇေယျ(သတင်းစဉ်)

❀ စာမျက်နှာ ၉မှ

ကောင်းမြတ်သော ရည်ရွယ်ချက်နှင့် အပြုသဘောဆောင်သော ကြိုးပမ်းဆောင်ရွက်မှုများကို အရှိန်အဟုန်မပျက် ဆက်လက်လုပ်ဆောင် သွားကြရန် လိုကြောင်း။

ထို့ပြင် ယနေ့ကမ္ဘာကြီးတွင် ဖြစ်ပျက်နေသည့် ဖြစ်စဉ်ဖြစ်ရပ်များကို ကြည့်မည်ဆိုလျှင် လူများသည် ရက်စက်ကြမ်းကြုတ်မှုများ၊ ကြမ်းတမ်းသောစိတ်ရိုင်းများဝင်ပြီး တစ်ယောက်ချင်း လုပ်ကြံသတ်ဖြတ်မှုများ၊ အစုအဖွဲ့လိုက် သေကျေအောင် လုပ်ကြံသတ်ဖြတ်မှုများ၊ ရက်စက်သည့် လုပ်ရပ်များစသည်ဖြင့် တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အနိုင်အထက်ပြုကျင့်မှုများသည် စိတ်မကောင်းဖွယ်ရာ နေ့စဉ်နှင့်အမျှ မြင်တွေ့နေရကြောင်း၊ လူများ၏ စိတ်ပိုင်းဆိုင်ရာများ ကြမ်းကြုတ်ခက်ထန်ပြီး မေတ္တာတရား ခေါင်းပါးမှုများ တစ်နေ့တခြား ပိုမိုဆိုးရွားစွာဖြစ်ပေါ်နေသည်ကို ကြုံနေရကြောင်း။

အရှိန်အဟုန်မပျက်

မြန်မာနိုင်ငံအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး မျှော်မှန်းချက်ဖြင့် အချင်းချင်း လူသားချင်း စာနာစိတ်ဖြင့် ဒေသဖွံ့ဖြိုးအောင်၊ လူနေမှုအဆင့်မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်ပေးနေသည့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းကြီးကို အရှိန်အဟုန်မပျက် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်အဆင့် တာဝန်ရှိသူများ

လမ်း၊တံတားကဏ္ဍသည် ဖွံ့ဖြိုးမှုနောက်ကျခဲ့သော နယ်စပ်ဒေသများ၏ အဓိက လိုအပ်ချက်ဖြစ်၍ နိုင်ငံတော်ကအထူးဦးစားပေးဆောင်ရွက်လျက်ရှိသည်။ ပုံတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ချင်းရွှေဟော်ဒေသ၌ တည်ဆောက်ပေးထားသော တံတားတစ်စင်းကို တွေ့ရစဉ်။ ဓာတ်ပုံ-ခရမ်းစိုးမြင့်(ကြေးမုံ)

ကိုယ်တိုင် အောက်ခြေအထိ မနေမနားကွင်းဆင်းဆောင်ရွက်ပြီး တွေ့ရှိချက်များကို မှန်မှန်ကန်ကန် သုံးသပ်ကာ လိုအပ်ချက်များဖြည့်ဆည်းရန် မှာကြားလိုကြောင်း။

ထို့ကြောင့် နယ်စပ်ဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်မှု ပိုမိုမြင့်မား ကောင်းမွန်စေရေးအတွက် ဒေသအလိုက် တာဝန်ရှိသူများကလည်း အောက်ခြေဆင်းပြီး လုပ်ငန်းများ၊ တာဝန်ရှိသူများနှင့် ထိတွေ့ဆောင်ရွက်ရန်နှင့် ဖြည့်ဆည်းပေးသင့်သည်များကို ဖြည့်ဆည်းပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ အလားတူ ဒေသခံတာဝန်ရှိသူများအပိုင်းကလည်း ကဏ္ဍအလိုက် အသီးသီးတာဝန်ကျေပွန်အောင် ဆောင်ရွက်ကြရန်နှင့် လိုအပ်ချက်များကိုကိန်းဂဏန်းအချက်အလက် မှန်မှန်ကန်ကန် တင်ပြဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

အထူးဦးစားပေး

နိဂုံးချုပ်အနေဖြင့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ၁၉၈၉ခုနှစ်မှ ၁-၇-၂၀၀၃ ရက်အထိ နိုင်ငံတော်က ခွင့်ပြုပေးခဲ့သော ရန်ပုံငွေမှာ ကျပ်သန်းပေါင်း ၄၅၇၆၂ ဒသမ ၈၇နှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာသန်း ၅၀၀ ခန့် ရှိပြီးဖြစ်သည်ကိုကြည့်လျှင် နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ငွေကြေးများစွာသုံးစွဲပြီး အထူးဦးစားပေးဆောင်ရွက်နေသည် ဆိုသည်မှာ ထင်ရှားနေကြောင်း၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စု တည်တံ့ခိုင်မြဲရေးတို့ကို ပိုမိုဖြစ်ထွန်းစေကာ မူးယစ်ဆေးဝါးပပျောက်ရေးကိုလည်း ပိုမိုဖြစ်ထွန်းစေမည်ဖြစ်၍ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းကြီး အောင်မြင် ဖြစ်ထွန်းအောင် အရှိန်အဟုန်မြှင့်ပြီး ဆက်လက်အကောင်အထည်ဖော်ရင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြိုခွဲမည့် အန္တရာယ်မှန်သမျှကိုလည်း အားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကာကွယ်တွန်းလှန်သွားကြရန် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြရာတွင် ယနေ့အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌအနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးမှုဆိုင်ရာ မူဝါဒများ ရှင်းလင်းမှာကြားပြီး ဖြစ်သည့်အတွက် မိမိအနေဖြင့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ရန်ပုံငွေသုံးစွဲမှု အခြေအနေများ၊ နယ်စပ်ဒေသ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးဆောင်ရွက်မှု၊ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ရန်ပုံငွေခွင့်ပြုပေးမှုနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို အကျဉ်းချုပ်တင်ပြသွားမည်ဖြစ်ကြောင်း။

လုပ်ငန်းများ

၁၉၈၉-၉၀ ဘဏ္ဍာရေးနှစ်မှ ယနေ့အထိ နယ်စပ်ဒေသအသီးသီးတွင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည့် လုပ်ငန်းများကို အကျဉ်းချုပ်တင်ပြလိုကြောင်း၊ **လမ်းတံတားလုပ်ငန်းကဏ္ဍ** အနေဖြင့် မြေလမ်း ၂၇၆၄/၄မိုင်၊ ကျောက်ခဲလမ်း ၁၆၁၄/၂မိုင်၊ ကတ္တရာလမ်း၃၀၂/၇မိုင်၊ လမ်းပြုပြင်ထိန်းသိမ်းခြင်း ၂၉၆၅/၃မိုင်၊ တံတားကြီး၄၂စင်း၊ တံတားငယ် ၆၅၆စင်း၊ ကြိုးတံတား၁၆ စင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ **ကျန်းမာရေးလုပ်ငန်းကဏ္ဍ**အနေဖြင့် ဆေးရုံ ၅၂ရုံ၊ ဆေးပေးခန်း၈၂ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၂၈ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၁ခု တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ပညာရေးလုပ်ငန်းကဏ္ဍအနေဖြင့် အခြေခံပညာမူလတန်းကျောင်း ၆၂၇ ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း ၆၁ကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်း ၆၂ကျောင်းတို့ကို တည်ဆောက်ပေးနိုင်ခဲ့ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍအနေဖြင့် စိုက်ပျိုးရေးရုံ ၃၁ရုံ၊ စိုက်ပျိုးရေးစခန်း ၁၁၅ခု၊တည်ဆောက်ဆဲနှင့် တည်ဆောက်ပြီးဆည် ၄၀ခု၊ တိုင်းတာပြီးဆည် ၁၇ခု၊ တူးမြောင်း လေးခုနှင့် ထွန်စက်စခန်း ၁၁ခုတို့ကိုဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

သစ်တောလုပ်ငန်းကဏ္ဍအနေဖြင့် သတ်မှတ်ပြီး ကြိုးဝိုင်းသစ်တော လေးခုနှင့် စီစဉ်ဆဲကြိုးဝိုင်းသစ်တော လေးခု၊ သစ်စက် ၁၂ခု၊ သစ်တောပျိုးဥယျာဉ် ခုနစ်ခုတို့ကို တည်ဆောက်ပေးနိုင်ခဲ့ကြောင်း။

မွေးမြူရေးလုပ်ငန်းကဏ္ဍအနေဖြင့် မွေးမြူရေးခြံ၁၉ခြံ၊ တိမွေးကုရုံ ၄၁ရုံ၊ နွားနှင့်မြည်းမျိုးဖြန့်ဖြူးပေးခြင်း ၁၁၁ ကောင်တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

စွမ်းအင်လုပ်ငန်းကဏ္ဍ အနေဖြင့် နယ်စပ်မြို့ရှစ်မြို့ကို အငယ်စားနှင့် အလတ်စား ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ပေးနိုင်ခဲ့ပြီး မြို့၊ရွာ ၁၈၆ ခုကိုလည်း မီးစက် ၂၅၁လုံးတပ်ဆင်ပေးခြင်းဖြင့် မီးလင်းအောင်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ပြည်သူ့ဆက်ဆံရေးလုပ်ငန်းကဏ္ဍ အနေဖြင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ ၉၇ရုံကို တည်ဆောက်ပေးနိုင်ခဲ့ကြောင်း။

ဆက်သွယ်ရေးလုပ်ငန်းကဏ္ဍ အနေဖြင့် စာတိုက် ၄၇ခု၊ ကြေးနန်းရုံး ၃၅ရုံးနှင့် တယ်လီဖုန်းလုပ်ငန်းပေါင်း ၈၀တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ခွင့်ပြုချက်ရရှိ

ဆက်လက်ပြီး နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးဆောင်ရွက်မှုနှင့် ပတ်သက်၍ နယ်စပ်ဒေသ အသီးသီးတွင် တိုင်းရင်းသားလူငယ် ဖွံ့ဖြိုးရေး သင်တန်းကျောင်းပေါင်း ၁၉ ကျောင်းဖွင့်လှစ်ပြီး တိုင်းရင်းသားလူငယ်များကို ပညာသင်ကြားပေးလျက်ရှိရာ ယခုပညာသင်နှစ်တွင် မူလတန်း ၃၆၃ဦး၊ အလယ်တန်း ၁၁၂၀ဦးနှင့် အထက်တန်း ၅၆၃ဦး စုစုပေါင်း ၂၀၄၆ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း၊ နောက်ထပ် လူငယ် ဖွံ့ဖြိုးရေးသင်တန်းကျောင်း လေးကျောင်းကိုလည်း လားရှိုး၊ပင်လုံ၊ ဘားအံနှင့် ပခုက္ကူတို့တွင် ဖွင့်လှစ်နိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ထန်တလန်၊ တွန်းဇံ၊ ကလေးနှင့် ဖလမ်း လူငယ်သင်တန်းကျောင်း လေးကျောင်း တိုးချဲ့ဖွင့်လှစ်ခွင့်ပြုချက် ရရှိပြီးဖြစ်၍ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထို့အပြင် နတလအထောက်အပံ့ခံကျောင်းများအဖြစ် ဘူးသီးတောင်၊ မောင်တော၊ ကျောက်တော်၊ ပလက်ဝ၊ မိုင်းဆတ်၊ လေရှီး၊ လဟယ်၊ မိုင်းပျဉ်း၊ ဖလမ်း၊ မင်းတပ်၊ ကန်ပက်လက်ရှိ ပရဟိတကျောင်းများနှင့် မတူပီရှိ ထေရဝါဒ မိဘမဲ့ကျောင်းသားစုစုပေါင်း ၆၂၉ဦးအတွက်ကိုလည်း ဆန်ထောက်ပံ့ပေးလျက်ရှိကြောင်း။

အဆိုပါ သင်တန်းကျောင်းများက ပညာရည်မြင့်မားသည့် တိုင်းရင်းသားလူငယ်များကို တက္ကသိုလ်ပညာ ဆက်လက် သင်ကြားနိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်နှစ်ခုကို ရန်ကုန်နှင့်မန္တလေးမြို့များတွင် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာတွင် ရန်ကုန်ဒီဂရီကောလိပ်တွင်ကျောင်းသား ၁၈၅ ဦးနှင့် မန္တလေးဒီဂရီကောလိပ်တွင် ကျောင်းသား ၂၀၆ဦးဖြစ်၍ စုစုပေါင်း တိုင်းရင်းသား လူငယ် ၃၉၁ဦးတို့သည် ဝိဇ္ဇာ/သိပ္ပံ အင်ဂျင်နီယာ(AGTI) ပညာရပ်များ ဆည်းပူးသင်ကြားနေပြီဖြစ်ကြောင်း။

ဘဝရပ်တည်ရေး

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ် ဖွံ့ဖြိုးရေး သင်တန်းကျောင်းများမှ အခြေခံပညာ အထက်တန်းစာမေးပွဲ နှစ်ကြိမ် ကျရှုံးသူများနှင့် ပညာဆက်လက်သင်ကြားရန် အခြေအနေမရှိသူများ ဘဝရပ်တည်ရေးအတွက် အသက်မွေးမှုပညာ လေ့ကျင့်ရေးကျောင်း/စက်ပြင်အလုပ်ရုံကို စစ်တွေမြို့၌ ၁၂-၉-၂၀၀၁ ရက်မှ စတင်ဖွင့်လှစ်သင်ကြားပေးလျက် ရှိကြောင်း၊ သင်တန်းအနေဖြင့် စက်ပြင်အတတ်ပညာ၊ လျှပ်စစ်ဂဟေဆက်ပညာနှင့် အခြေခံလျှပ်စစ် အီလက်ထရောနစ်ပညာရပ်များကို သင်တန်းကာလ ခြောက်လသတ်မှတ်သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း။ ဤသင်တန်းတွင် လက်ရှိသင်တန်းသား ၉၅ဦး တက်ရောက် သင်ကြားလျက်ရှိပြီး ယနေ့အထိ တိုင်းရင်းသားလူငယ် ၁၅၉ဦးအား လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း။

ထို့အပြင် နယ်စပ်ဒေသ အမျိုးသမီးငယ်များ တစ်ဖက်နိုင်ငံကို သွားရောက်အလုပ်လုပ်ကြသောအခါအကျင့်စာရိတ္တ ပျက်ပြားမှု၊လူမှုရေးအရ နစ်နာမှုမဖြစ်စေရန်အဓိကရည်ရွယ်ပြီး နယ်စပ်ဒေသ အသီးသီးတွင် အမျိုးသမီးအိမ်တွင်းမှု ပညာသင်ကျောင်းများ ဖွင့်လှစ်ပျိုးထောင်ပေးလျက်ရှိရာ ယခုဆိုလျှင် (၁၃)ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည့်အပြင် ဗန်းမော်တွင်လည်း ထပ်မံ၍ တစ်ကျောင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း။

မူးယစ်ဆေးဝါးပပျောက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအနေဖြင့် ငွေကျပ် ၂၅၈၀ ဒသမ ၄၆ သိန်း အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ကြောင်း စသည်ဖြင့် ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ☆

ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) သုတေသန နည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသန ဦးစီးဌာန (အောက်မြန်မာပြည်) သုတေသန နည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဗိုလ်ကလမ်းရှိ ဆေးသုတေသနဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ရန်ကုန်မြို့ပေါ်ရှိ ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများနှင့်တာဝန်ရှိသူများ၊ သုတေသီပညာရှင်များ၊သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများဖြစ်ကြသော ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့်တက္ကသိုလ်များမှ ပညာရှင်များတက်ရောက်ကြသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၇၃ ဦး တက်ရောက်ကြသည်။ (သတင်းစဉ်)

အမှာစကား

ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) သုတေသနနည်းပညာ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့် အမှာစကားပြောကြားစဉ်။(သတင်းစဉ်)

☆ **စာမျက်နှာ ၁၀ မှ**

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က ရှမ်းပြည်နယ်တွင် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးနိုင်ရေးအတွက် လက်ဖက်စိုက်ပျိုးနေမှု အခြေအနေများကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင်က မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ပန်းတိုင်သစ်စီမံကိန်းကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်အောင်မြင်မှု အခြေအနေများ၊ နယ်စပ်ဒေသ၌ ဘိန်းမစိုက်ပျိုးသူများအတွက် ပံ့ပိုးဆောင်ရွက်ပေးနေမှုနှင့် ဆက်လက်ပံ့ပိုးဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေက နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် လမ်း၊ တံတားများ၊ အဆောက်အအုံများဆောက်လုပ်နေမှု အခြေအနေနှင့် တိုင်းရင်းသားလူငယ် ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ အဆင့်မြှင့်တိုးချဲ့ဖွင့်လှစ်ရေးအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသူများက မိမိတို့၏ လုပ်ငန်းဆပ်ကော်မတီအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

နိဂုံးချုပ်အမှာစကား

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးမှာကြားကာ နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ တိုင်းရင်းသားခေါင်းဆောင်များ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လျက်ရှိသဖြင့် လုပ်ငန်းများ မျှော်မှန်းသည်ထက် အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း။

နားလည်သဘောပေါက်လာ

ဤကဲ့သို့ နိုင်ငံတော်အစိုးရက စိတ်ရင်းစေတနာအပြည့်အဝထားရှိပြီး ကြိုးပမ်း ဆောင်ရွက်ပေးနေသည်နှင့်အမျှ နယ်စပ်ဒေသနေ တိုင်းရင်းသားလူမျိုးများကလည်း နိုင်ငံတော်အစိုးရ၏ ကျေးဇူးတရားကို ပိုမိုသိမြင်နားလည်သဘောပေါက်လာကြပြီ ဖြစ်ကြောင်း။

ဤကဲ့သို့ ပိုမိုနားလည် သဘောပေါက်လာသည်နှင့်အမျှ နယ်စပ်ဒေသနေ တိုင်းရင်းသား လူမျိုးများ၏ စိတ်ဓာတ်ရေးရာ တိုးတက်ပြောင်းလဲမှုများဖြစ်ထွန်းလာပြီး ယခင်ခေတ်ကာလက ရှိနေခဲ့သည့်သံသယစိတ်များ ကွယ်ပျောက်ကာ နိုင်ငံတော်အစိုးရအပေါ် မိဘသဖွယ်အားကိုးယုံကြည်စိတ်များ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း။

တပေါင်းတစည်းတည်းပါဝင်

အနာဂတ်ကာလ နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်သို့ လျှောက်လှမ်းရာ၌ နယ်စပ်ဒေသနေ တိုင်းရင်းသားလူမျိုးများအားလုံး တပေါင်းတစည်းတည်း ပါဝင်လာရန်လိုအပ်ကြောင်း။

နိုင်ငံတော်၏ မျှော်မှန်းချက်အောင်မြင်ဖြစ်ထွန်းရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကိုနိုင်ငံတော်ဘဏ္ဍာငွေမြောက်မြားစွာ ကုန်ကျခံပြီး အကောင်အထည်ဖော် ဆောင်ရွက်နေသကဲ့သို့ ရည်မှန်းသည့်အတိုင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စိတ်ဓာတ်ရေးရာ ပြောင်းလဲတိုးတက်မြင့်မားရေး အကျိုးရလဒ်ကောင်းများပီပီပြင်ပြင် ဖြစ်ထွန်းလာရန်လိုကြောင်း။

တက်ညီလက်ညီကြိုးပမ်း

ထို့ကြောင့် မျှော်မှန်းချက်များ အောင်မြင်ဖြစ်ထွန်းရေးအတွက်နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများ၊ ဒေသဆိုင်ရာကော်မတီများအားလုံးက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရဲတပ်ဖွဲ့ ပညာသင်စရိတ်ထောက်ပံ့

ရန်ကုန် ဩဂုတ် ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့စည်းရုံးရေးကော်မတီမှတွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ ကျိုင်းတုံမြို့နယ်ရဲတပ်ဖွဲ့၊ ကျိုင်းတုံမူးယစ်(အထူး)၊ သတင်းတပ်ဆွယ်နှင့် မှုခင်းတပ်ဆွယ်မှ တပ်ဖွဲ့ဝင်များ၏သား၊သမီး၊ ကျောင်းသား၊ ကျောင်းသူများအား ၂၀၀၂-၂၀၀၃ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ခြင်း အခမ်းအနားကို ဩဂုတ် ၁၆ ရက် နံနက် ၁၀ နာရီက တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့စည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘကြည်နှင့် ကျိုင်းတုံခရိုင်၊ မြို့နယ်စည်းရုံးရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင်မိသားစုများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ရဲတပ်ဖွဲ့မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘကြည်က အဖွင့်အမှာစကားပြောကြားပြီး တက္ကသိုလ်အဆင့် ၂၉ ဦး၊ အထက်တန်းအဆင့် ၃၈ ဦး၊ အလယ်တန်းအဆင့် ၆၅ဦး၊ မူလတန်းအဆင့် ၆၃ဦး၊ စုစုပေါင်းကျောင်းသား၊ ကျောင်းသူ ၁၉၅ဦးအား ပညာသင်စရိတ် ကျပ် ၂၁၀၅၀၀ ထောက်ပံ့ပေးအပ်သည်။

(က-ပ)

၃ ဂုံ မြို့ သစ်



ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် (၇၀) ရပ်ကွက် အထက (၃) ခွဲ၊ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဩဂုတ် ၁၃ ရက်က ကျင်းပရာ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်ပညာရေးမှူး ဦးမျိုးမြင့်ကျော်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

စံပြစာစီစာကုံးများ စာအုပ်ထုတ်ဝေ

ရန်ကုန် ဩဂုတ် ၂၀

မြန်မာစာစီစာကုံးကို စတင်ရေးသားကြမည့် ကျောင်းသား၊ကျောင်းသူများအတွက်ဝါကျတည်ဆောက်ပုံ၊ ကတ္တား၊ ကြိယာ၊ နာမဝိသေသနနှင့် ကြိယာဝိသေသန၊ ဝါကျနှစ်ကြောင်းဆက်စပ်ရေးသားပုံ၊ စကားဆက် စကားလုံးများကို ရှင်းလင်းလွယ်ကူစွာ ဖော်ပြထားသည့် ဦးဝမ်ထိန်၏ စံပြစာစီစာကုံးများ စာအုပ်ကို ပတ္တမြားငမောက်စာပေ အမှတ် ၁၆၈/၃၃လမ်း ရန်ကုန် ဖုန်း-၂၈၃၃၈၇ က ဖြန့်ချိလိုက်ကြောင်း သိရသည်။ **(အပေါ်ပုံ)** (က-ပ)

ဗုဒ္ဓဒေသနာတော် အင်္ဂလိပ်ဘာသာသင်တန်း ပို့ချမည်

ရန်ကုန် ဩဂုတ် ၂၀

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာအသင်းချုပ်တွင် (၁၄)ကြိမ်မြောက် ဗုဒ္ဓဒေသနာတော်နှင့်မင်္ဂလသုတ်(အင်္ဂလိပ်ဘာသာဖြင့်)သင်တန်းကို ဩဂုတ် ၃၀ရက် မွန်းလွဲ ၁၂နာရီခွဲမှစတင်၍ ဓမ္မဒါနဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ပဋိပတ္တိဌာန တွဲဖက်ပါမောက္ခဆရာဦးလှမြင့်နှင့် သဒ္ဓမ္မဇောတိကဓဇ ဗိုလ်မှူးကြီး(ငြိမ်း) ဒေါက်တာတင်သိန်းလွင်တို့က သင်ကြားမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြောင်းသိရသည်။ (က-ပ)

အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ တတိယအကြိမ် အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲကို ယနေ့နံနက် ၇ နာရီတွင် မန္တလေးမြို့ အမှတ်(၃)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ တပ်မတော်အရာရှိကြီးများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ အနုပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး(ခေတ်ပေါ်တေး) အဆိုပြိုင်ပွဲ ကျင်းပသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၁-၈-၂၀၀၃ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၈:၁၀ ၆။ အရေးပြိုင်ပွဲ

၈:၁၅ ၇။ အကပဒေသာ

၈:၃၀ ၈။ International News.

၈:၄၅ ၉။ Let's Go.

၉:၀၀၁၀။အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ English For Everyday Use.

၄:၄၅ ၄။ တေးဂီတအစီအစဉ်

၄:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)

၅:၁၅ ၆။ **အိပ်မက်လှိုင်းများ (အပိုင်း-၁) (နိုင်းနိုင်း၊ကျော်ရှိန်း၊ဇာနည်၊ နဝရတ်၊ဆုမြတ်ရွှေစင်၊ ချောရတနာ) [ဒါရိုက်တာ-တင်သန်းဦး] (ကရင်ဘာသာစကားဖြင့်)**

၅:၃၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၅:၄၅ ၈။ မြန်မာစာ မြန်မာစကား

၆:၀၀ ၉။ ၂၀၀၃ခုနှစ်၊ကောဒသမ (၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် မဟာဂီတ (အခြေခံပညာ၁၀-၁၅) (အမျိုးသား၊အမျိုးသမီး)

၆:၁၅၁၀။ တေးဂီတအစီအစဉ်

၆:၃၀၁၁။ ညနေခင်းသတင်း

၇:၀၀၁၂။ မိုးလေဝသအခြေအနေ

၇:၀၅၁၃။ Milo Success in Soccer.

၇:၁၀၁၄။ ဘဝနိဂုံးပြုံးပန်းတစ်ရာ

၇:၂၅၁၅။ပေါင်းတည်မြတ်စွယ်တော်ပူဇော်ပွဲ

၇:၃၅၁၆။ မြန်မာ့ရိုးရာတူရိယာပစ္စည်းပြပွဲ (အပိုင်း-၆)

၇:၄၅၁၇။ နိုင်ငံ့ဖွံ့ဖြိုးပြည့်အကျိုး

၈:၀၀၁၈။ ပြည်တွင်းသတင်း

၁၉။ နိုင်ငံတကာသတင်းများ

၂၀။ မိုးလေဝသအခြေအနေ

၂၁။ **ဒသမအကြိမ်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ရာမာယဏဇာတ်တော်ကြီး (ပထမဆု)(ရောဝတီတိုင်း) (ပထမပိုင်း)**

၂၂။ နောက်တစ်နေ့အစီအစဉ်

၂၃။ အစီအစဉ်ပြီး၏။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကြက်မောက်တောင်ဆည် ရေကူပေးရေးစီမံကိန်း တောင်ရေချောင်း ရေလှောင်တမံ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၀

မန္တလေးတိုင်း မိတ္ထီလာမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မန္တလေးတိုင်း စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ၊ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၁၉ရက် နံနက်ပိုင်းတွင် မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများကိုလည်းကောင်း၊ ညနေပိုင်းတွင် မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ်ရှိ ကြက်မောက်တောင်ဆည် ရေကူပေးရေးစီမံကိန်း အမှတ်(၂)ဆည်ဖြစ်သည့် တောင်ရေချောင်းရေလှောင်တမံတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နံနက် ၁၀နာရီမိနစ် ၄၀တွင် မိတ္ထီလာခရိုင် သာစည်မြို့နယ် သဲပုတ်ကုန်းကျေးရွာအနီးရှိ တောင်သူ ဦးချက်၏ ဦးပိုင် အမှတ်(၅၈) စပါးစိုက်လယ်မြေသို့ ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်နှင့် တာဝန်ရှိသူများ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှတာဝန်ရှိသူများက ညောင်ရမ်းမင်းလှဆည်၏ အမှတ်(၇) လက်တံမြောင်းမှ ဆည်ရေဖြင့် စပါးစိုက်ပျိုးနေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က စပါးစိုက်လယ်မြေများ လျာထားချက်နှင့်အညီ စိုက်ပျိုးရေး၊ ဆည်ရေပေးစနစ်ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ရေးတို့ကိုမှာကြားပြီး မိုးစပါးများ အောင်မြင် ဖြစ်ထွန်းနေမှုနှင့် ကောက်စိုက်လုံမေများ ကောက်စိုက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ နံနက် ၁၁နာရီခွဲတွင် မိတ္ထီလာခရိုင် လှိုင်းတက်ကျေးရွာသို့ရောက်ရှိကြသည်။ ယင်းနောက် လှိုင်းတက်ကျေးရွာမှ ဆင်ရွာ၊ မြိုင်သာနှင့် အင်တိုင်းသာ ကျေးရွာများတစ်လျှောက် ကျေးရွာချင်းဆက်လမ်းအတိုင်း ထွက်ခွာကြရာ အင်တိုင်းသာကျေးရွာအနီး၌ ဆည်တည်ဆောက်နိုင်မည့် နေရာရှာဖွေထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး အသေးစိတ် တိုင်းတာတွက်ချက်ရန်နှင့် လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး စမုံရေထိန်းတမံသို့ ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က စမုံရေထိန်းတမံ၏ လက်ဝဲ/လက်ယာမြောင်းများ အခြေအနေနှင့် ဆည်ရေသောက်ဧရိယာများ အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျောက်ပန်းတောင်း–မိတ္ထီလာ လမ်းအတိုင်း ဆက်လက်ထွက်ခွာခဲ့ကြရာ ညနေ ၃နာရီတွင် မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် ကျောက်ပန်းတောင်း–မိတ္ထီလာလမ်းအနီး တောင်ရေချောင်းရေလှောင်တမံ ကားလမ်းဖြတ်ကူး ဥမင်တူးဖော်ရာ နေရာသို့ ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် တောင်ရေချောင်း ရေလှောင်တမံ ဆက်သွယ်တူးမြောင်း ဥမင်လိုဏ်တူးဖော်နေမှုကို ဥမင်အတွင်းဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကြက်မောက်တောင်ဆည်သို့ ရေဖြည့်ပေးမည့် တူးမြောင်းတူးဖော်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ဆက်သွယ်တူးမြောင်းဥမင် အမြန်ဆုံးပြီးမြောက်ရေး၊ တောင်ရေချောင်းရေလှောင်တမံမြေသားတမံကို ဆည်ရေပိတ်နိုင်ရန် ဆောင်ရွက်ရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းစီမံပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တောင်ရေချောင်းရေလှောင်တမံ မြေသားတမံ မြေကြီးလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျောက်ပန်းတောင်း–မိတ္ထီလာ လမ်းအတိုင်း ဆက်လက်ထွက်ခွာခဲ့ကြရာ ညနေ ၄နာရီမိနစ်၂၀တွင် ကြက်မောက်တောင်ဆည်သို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကြက်မောက်တောင်ဆည်တွင် ရေဝင်ရောက်နေမှု အခြေအနေနှင့် ကြက်မောက်တောင်ဆည် ဝန်းကျင်ဒေသ၌ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြကာ ပုဂံ–ညောင်ဦးမြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကြက်မောက်တောင်ဆည်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



နိုင်ငံ့ဂုဏ်ရည်စာပေတိုက်မှ ဗုဒ္ဓစာဥယျာဉ်(၂) ထုတ်ဝေ

ရန်ကုန် ဩဂုတ် ၂၀

စာရေးဆရာကြီး ငွေဥဒေါင်း (ဦးကြီးမောင်)၏ ဗုဒ္ဓစာပန်းချီဖြင့် စာပေရသ၊ ဓမ္မရသကို ထိတွေ့ခံစားကြသူများ ဗုဒ္ဓစာပေဖြင့် နှလုံးမွေ့လျော်လိုကြသူများအတွက် ဗုဒ္ဓစာဥယျာဉ် အမှတ်(၂)ကို နိုင်ငံ့ဂုဏ်ရည် စာပေတိုက်က ထုတ်ဝေဖြန့်ချိထားသည်။ **(ယာပုံ)** စာရေးဆရာ မောင်ဆန္ဒ (လယ်ဝေး)၏ ထူးခြားဆန်းသစ်သော တင်ပြချက်ဖြင့် ဓမ္မရသ ဝတ္ထုတို၁၇ပုဒ်ကို ပန်းချီနိုပိုဦး၏ ယွန်းပန်းချီဟန် အလှမျက်နှာဖုံးအတွင်း သရုပ်ဖော်ပန်းချီ ဝေဝေဆာဆာစီစဉ်ထားသော အဆိုပါစာအုပ်ကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက် ဖုန်း–၃၇၄၅၃၂၊ ၇၂၅၅၃၀၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်အရောင်းဆိုင်၊ အမြို့မြို့အနယ်နယ်ရှိ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းကိုယ်စားလှယ်များထံတွင် တစ်အုပ်လျှင် ကျပ် ၁၀၀၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (က–ပ)



ဘုရင့်နောင်တံတား ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် ဩဂုတ် ၂၀

ရန်ကုန်မြို့ရှိ ဘုရင့်နောင်တံတား၏ မရမ်းကုန်းမြို့နယ်ဘက် ချဉ်းကပ်လမ်း၌ ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပွားခြင်း၊ လှိုင်သာယာမြို့နယ်ဘက် ချဉ်းကပ်လမ်း၌ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများ မကြာခဏဖြစ်ပွားနေခြင်းတို့ကို နည်းလမ်းရှာ ကာကွယ်ဖြေရှင်းနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့တွင် ရန်ကုန်မြို့ (၅၁)လမ်း ကြို့မဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး အစည်းအဆေးခန်းမ၌ကျင်းပရာ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) တပ်ထိန်းချုပ် ဗိုလ်ချုပ်စောလှ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ပညာပေးရေးနှင့်စည်းကမ်းသတ်မှတ်ရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ လက်ထောက်စစ်ရေးချုပ် ဒုတိယဗိုလ်မှူးကြီးဆန်းမြင့်၊ ကြို့မဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်နှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှတာဝန်ရှိသူများ၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဘုရင့်နောင်တံတား လမ်းပိတ်ဆို့မှုများ၊ ယာဉ်မတော်တဆ ထိခိုက်မှုများ မဖြစ်ပွားစေရေးနှင့် ခရီးသည်တင် ဘတ်စ်ကားမှတ်တိုင်များ စနစ်တကျရှိရေးတို့ကို ညှိနှိုင်းဆွေးနွေးကြသည်။အစည်းအဝေးအပြီးတွင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) တပ်ထိန်းချုပ် ဗိုလ်ချုပ်စောလှနှင့် တာဝန်ရှိသူများသည် ဘုရင့်နောင်တံတားနှင့် ချဉ်းကပ်လမ်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။ **(ဝဲပုံ)**

(သတင်းစဉ်)

ပီအမ်ဂျီအဖုံးတွင်း ကံထူးရှင်ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၀

Peace Myanmar Group Co.,Ltd. မှ ၂၀၀၂ ခုနှစ် ဇူလိုင်လမှစတင်၍ သောက်သုံးသူများအတွက် ပြုလုပ်လျက်ရှိသော ကျပ်သိန်း ၁၀၀၀ အဖုံးတွင်း ကံစမ်းပွဲတော် အစီအစဉ်တွင် အထူးဆုကြီး စိန်လက်စွပ်ငါးဆု၊ ကျပ် ၁၀သိန်းဆုကြီး ၁၀ဆုအနက်မှ ဒုတိယမြောက် စိန်လက်စွပ် ကံထူးရှင် ဦးလှမြင့်ဦး၊ မှတ်ပုံတင်အမှတ် [၈/မကန(နိုင်) ၀၀၆၈၄၄]၊ အဝေမ်း(၂) စားသောက်ဆိုင်၊ အမှတ် က/၄၇၊ နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၊ ပွဲကြီးရပ်ကွက်၊ မကွေးမြို့အား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၇ရက် နံနက်ပိုင်းက ရန်ကုန်မြို့ Million Coils Cafe (Yangon International) တွင် ကျင်းပသည်။

အခမ်းအနားတွင် ဈေးကွက်ဒါရိုက်တာ ဦးသိန်းဝင်းက အခမ်းအနားတက်ရောက်လာကြသူများကို နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် စတုတ္ထမြောက် ကျပ်၁၀သိန်း ကံထူးရှင်အား ပီအမ်ဂျီကုမ္ပဏီမှ ဒါရိုက်တာ ဦးမင်းအောင်က ချီးမြှင့်ပေးအပ်သည်။ **(ဝဲပုံ)** (က–ပ)

ဩဂုတ် ၁၆ရက်က ကျင်းပသော တောင်ဥက္ကလာပမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနား၌ ၂၀၀၂–၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ခြောက်ဘာသာဂုဏ်ထူးရှင် မအိမွန်ဝင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ရှုကြည်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(က–ပ)

နိုင်ငံတော်၏ စေတနာအသီးအပွင့် နတ်သားတောရေလှောင်တမံ

သတင်းဆောင်းပါး-ဝင်းမြင့် (အင်းစိန်)
ဓာတ်ပုံမှတ်တမ်း-အောင်မိုး (ကြေးမုံ)

ရန်ကုန် ဩဂုတ် ၂၀

နိုင်ငံတော်အစိုးရသည် ယနေ့ချိန်အခါတွင် နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် တည်ဆောက်အကောင်အထည်ဖော်ဆောင်နေရာ၌ တိုင်းနယ်မြေတစ်ခုကိုသာရွေးချယ်ပြီး ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးနေခြင်းမျိုးမဟုတ်ဘဲ နယ်စပ်ဒေသအစွန်အဖျားဒေသများပါမကျန်ပြည်ထောင်စုကြီးတစ်ခုလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာအောင် အလေးပေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို ပြည်သူအားလုံးအသိပင် ဖြစ်ပေသည်။

နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးအောင် တည်ဆောက် အကောင်အထည်ဖော်ရာတွင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍ စသည်တို့ တစ်ပြေးညီ တိုးတက်ဖြစ်ထွန်းရန် လိုအပ်လှပေသည်။ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းမှုသည် လယ်ယာစိုက်ပျိုးရေး ထုတ်ကုန်လုပ်ငန်းအပေါ်၌လည်း များစွာတည်မှီသည်။ လယ်ယာစီးပွား အောင်မြင်ဖြစ်ထွန်းရေးအတွက် ပဓာနကျသည့် အခြေခံလိုအပ်ချက်ကြီးတစ်ရပ်မှာ သဘာဝ၏ စွမ်းအားစုတစ်ခုဖြစ်သည့် ရေသယံဇာတများ တိုးမြှင့်ဖော်ထုတ် သုံးစွဲနိုင်ရေးသည် အဓိကအခန်းကဏ္ဍက ပါဝင်နေပေသည်။

စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ဖြစ်ထွန်းစေရန် ရေသယံဇာတတိုးပွားဖြစ်ထွန်းတည်ရှိမှု အခြေအနေပေါ်တွင် များစွာမူတည်သည်။ ရေသည်အဓိကမဏ္ဍိုင်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်၏ အခြေခံအင်အားစုကြီးတစ်ခုဖြစ်သည့် တောင်သူလယ်သမားများ၏ စီးပွားရေးဘဝမြှင့်တင်ရန် အဓိကလိုအပ်ချက်တစ်ခုဖြစ်သော ရေရရှိရေးအတွက် တပ်မတော်အစိုးရလက်ထက် ၁၉၈၈ ခုနှစ်မှ ယနေ့အထိ ပြည်ထောင်စုတစ်ဝန်း၌ ရေလှောင်တမံပေါင်း ၁၅၀၊ မြစ်ရေတင်လုပ်ငန်း ၂၆၅ ခုတို့ကို တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။

၁၄၉ ခုပြည့်မြောက်ဖွင့်လှစ်ခဲ့သည့် ရေလှောင်တမံမှာ ၂၀၀၃ ခုနှစ် ဇူလိုင် ၁၈ရက်က ဖွင့်လှစ်လိုက်သော မန္တလေးတိုင်း မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် နတ်သားတောရွာအနီးရှိ နတ်သားတောရေလှောင်တမံဖြစ်သည်။ ယင်းရေလှောင်တမံသည် မြန်မာပြည် အလယ်ပိုင်းအတွက် တိုးတက်ဖြစ်ထွန်းလာသည့် ဒေသဖွံ့ဖြိုးမှု အဆောက်အအုံတစ်ခုလည်း ဖြစ်ပေသည်။ ယင်းသို့သော ဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းလာသည့် အစဉ်အလာကောင်းအပေါ်အခြေခံပြီး လယ်ယာစီးပွားတွင် စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ဖြစ်ထွန်းရေးနှင့် ၎င်းအပေါ်အားထားပြီး မိမိတို့ဘဝ ကြီးပွားတိုးတက်အောင် ဆောင်ရွက်နေကြသည့် ကျေးလက်နေ ပြည်သူများ၏ အကျိုးစီးပွား ဖြစ်ထွန်းလာရအောင် ရေလှောင်တမံ၊ မြစ်ရေတင်နှင့်ရေရရှိရေး စီမံကိန်းများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် တည်ဆောက်ပေးလျက်ရှိသည်။

တပ်မတော် အစိုးရလက်ထက် ယနေ့အထိ မြင်းခြံခရိုင် တစ်ခုတည်းတွင် နတ်သားတော၊ မြို့သာ၊ ဇီးတော၊ ပင်းချောင်း၊ ဝဲလောင်၊ တောင်သာ၊ မြောက်ပင်လယ်၊ တောင်ပင်လယ်နှင့် ကျောက်တစ်လုံးရေလှောင်တမံ စသည့် ရေလှောင်တမံပေါင်း ၁၄ ခုကို တည်ဆောက်ပေးနိုင်ခဲ့ပြီး ရေရရှိနိုင်သမျှ နေရာများကို ရှာဖွေကာ ဆည်တမံများကို ထပ်မံတည်ဆောက်ပေးလျက်ရှိသည်။

နတ်သားတော ရေလှောင်တမံတည်ရှိရာ ငါန်းဇွန်မြို့နယ်ဒေသသည် ပူပြင်းခြောက်သွေ့သည့် မိုးနည်းရပ်ဝန်းအရပ်ဖြစ်သည့်အလျောက် စိုက်ပျိုးဖြစ်ထွန်းမှု အားနည်းခဲ့ရသည့် အခြေအနေဆိုးများကို ဖယ်ရှားနိုင်ရလေအောင် ရေလှောင်တမံများ၊ မြစ်ရေတင်စီမံကိန်းများကို ဆောင်ရွက်ပေးလိုက်နိုင်ခြင်းကြောင့် တောင်သူများ ရေကြောင့်ခံစားနေရသည့် သောကများ ကင်းဝေးသွားပြီး မိမိတို့၏ လုပ်အား၊ အချိန်နှင့်အရင်းအနှီးများ ဆုံးရှုံးရသည့်ဘဝက လွတ်မြောက်၍ သီးနှံများအောင်အောင်မြင်မြင် စိုက်ပျိုးလာနိုင်တော့မည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်ကြီးသန်းရွှေသည် မိုးခေါင်ရေရှားပြီး ပူပြင်းခြောက်သွေ့သည့် မြန်မာနိုင်ငံအလယ်ပိုင်း အညာဒေသတစ်ခွင်၌ စိုက်ပျိုးရေရရှိရေး၊ သောက်သုံးရေရရှိရေး၊ ဒေသစိမ်းလန်းစိုပြည်ရေးအတွက် ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးတို့ကို ခိုင်ခိုင်မာမာချမှတ်ပေးခဲ့ပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်စေခဲ့သည်။

မန္တလေးတိုင်းတွင် ၁၉၈၈ ခုနှစ်မှစ၍ ယခု ဖွင့်လှစ်လိုက်သည့် နတ်သားတောရေလှောင်တမံအပါအဝင် ဆည်တမံပေါင်း ၃၇ခုကို ငွေကျပ် သန်းပေါင်း ၇၇၅၄ သန်းကျော် အကုန်အကျခံကာ တည်ဆောက်ပေးထားပြီးဖြစ်ပြီး စိုက်ပျိုးမြေဧက ၃ သိန်း ၂ သောင်း ၉ ထောင်ကျော်ခန့်ကို အကျိုးပြုနေပြီဖြစ်သည်။

ယခုမိုးစပါးစိုက်ပျိုးရာသီတွင် မန္တလေးတိုင်းအနေဖြင့် မိုးစပါး ၆၈၆၆၇၅ ဧက စိုက်ပျိုးသွားမည်ဖြစ်သည်။ မိုးစပါးစိုက်ပျိုးရေးတွင် မန္တလေးတိုင်းအတွင်းရှိ ဆည်/ကန်ကြီး ၉၅ခုနှင့် ကျေးရွာဆည်ကန်ငယ် ၁၃၂၇ခု တို့၏ အကျိုးကျေးဇူးဖြင့် ဧက ၄၅၉၄၁၀ စိုက်ပျိုးမည်ဖြစ်သဖြင့် ၆၆ ဒသမ ၉ ရာခိုင်နှုန်းသည် ဆည်ရေ ကန်ရေကြောင့်ဖြစ်သည်။ ထို့ပြင် ယခုနှစ် တိုင်းအတွင်း၌ နွေစပါး ၁၉၈၈၇၄ ဧက ကိုလည်း ယင်း ဆည်၊ ကန် မြစ်ရေတင်လုပ်ငန်းတို့ဖြင့် ရေပေးသွင်းစိုက်ပျိုးသွားမည်ဖြစ်သည်။

မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်ရှိ နတ်သားတောရေလှောင်တမံ ရေထိန်းမျှော်စင်ကို ဤသို့တွေ့ရသည်။ [ဓာတ်ပုံမှတ်တမ်း-အောင်မိုး(ကြေးမုံ)]

ငါန်းဇွန်မြို့နယ် နတ်သားတောရေလှောင်တမံ၏ ရေထုတ်ပြွန်။
[ဓာတ်ပုံမှတ်တမ်း-အောင်မိုး(ကြေးမုံ)]

နတ်သားတောရေလှောင်တမံသည် မန္တလေးတိုင်း မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်နတ်သားတောရွာ၏ မြောက်ဘက်နတ်သားတောချောင်းနှင့် ရွှေလင်ဗန်းချောင်းကိုပိတ်၍ တည်ဆောက်ထားသော ရေလှောင်တမံဖြစ်ပြီး ပတ်ဝန်းကျင်ရှိ လယ်မြေဧက ၁၅၀၀ ကို အကျိုးပြုလျက်ရှိသည်။

နတ်သားတောရေလှောင်တမံ ပေါ်ထွန်းလာရန် နိုင်ငံတော်က ဖန်တီးအကောင်အထည်ဖော်ပေးခဲ့ပြီးဖြစ်သည်။ ယင်း ဖန်တီးအကောင်အထည်ဖော်ပေးသည့်အခြေအနေကောင်းများကို တောင်သူလယ်သမားများက ထိထိရောက်ရောက်အသုံးချပြီး တစ်ဧကစပါးတင်း ၁၀၀၊ အစေ့ထုတ်ပြောင်းတင်း ၈၀၊ မြေပဲတင်း ၅၀၊ နှမ်းတင်း ၂၀၊ နေကြာတင်း ၅၀၊ မတ်ပဲတင်း ၂၀၊ ပဲတီစိမ်းတင်း ၂၀၊ ပဲစင်းငုံ ၂၅တင်း၊ ချည်မျှင်ရှည်ဝါပိဿာ ၄၀၀၊ ကြံတန်ချိန် ၃၀ အထွက်နှုန်းများရရှိအောင် အရည်အသွေးနှင့် အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးကာ နိုင်ငံတော်၏ စီးပွားရေးကို အထောက်အကူပြုနိုင်ရန် ကြိုးစားလုပ်ဆောင်ကြရန် လိုအပ်လှပေသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် တိုင်းရင်းသားပြည်သူများအပေါ် ကဏ္ဍပေါင်းစုံမှ စီမံဆောင်ရွက်ပေးမှုများ၏ စေတနာအသီးအပွင့်တစ်ခုဖြစ်သည့် နတ်သားတောရေလှောင်တမံကြောင့် မန္တလေးတိုင်းအတွက်လည်းကောင်း၊ ငါန်းဇွန်မြို့နယ်အတွက်လည်းကောင်း၊ ဒေသခံပြည်သူများအတွက်လည်းကောင်း စိုက်ပျိုးရေရရှိခြင်း၊ သောက်သုံးရေရရှိခြင်း၊ ဒေသစိမ်းလန်းစိုပြည်ခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ခြင်းတို့ကို ရရှိခံစားနေကြရပြီးဖြစ်ပြီး လယ်ယာကဏ္ဍစီးပွားလည်း ဖွံ့ဖြိုးတိုးတက်မြင့်မားလာမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့ ခြောက်နှစ်မြောက် တရားပွဲ

ရန်ကုန် ဩဂုတ် ၂၀

မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့ တည်ထောင်ကုသိုလ်ပြုခြင်း ခြောက်နှစ်မြောက် အထိမ်းအမှတ်အဖြစ် ဩဂုတ် ၂၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီခွဲတွင် ဗဟန်းမြို့နယ်၊ အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အထိမ်းအမှတ်ပွဲတွင် ဘဒ္ဒန္တသီရိန္ဒာဘိဝံသတိပိဋကရေ၊ အဂ္ဂမဟာပဏ္ဍိတ (ယောဆရာတော်)က တရားဒေသနာတော် ချီးမြှင့်၍ လှူဒါန်းမှု အစုစုကို ရေစက်ချမည်ဖြစ်သည်။ အလှူရှင်များ၊ ပရဟိတ ကုသိုလ်ပြုခြင်းကို စိတ်ပါဝင်စားသူများ၊ ဓမ္မမိတ်ဆွေများနှင့် အသင်းချုပ် အသင်းဝင်များ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်းသိရသည်။ **(က-ပ)**

ယနေ့ခေတ်ဂျာနယ်

ရန်ကုန် ဩဂုတ် ၂၀

၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အထောက်အကူပြု လမ်းညွှန် ယနေ့ခေတ်ဂျာနယ်ကို ရွှေနန်းမှန်ကူစာအုပ်တိုက် ဖုန်း-၂၄၅၀၂၄မှ ရောင်းဈေး ကျပ် ၁၅၀ ဖြင့် ဖြန့်ချိလိုက်သည်။ အဆိုပါဂျာနယ်တွင် တက္ကသိုလ်ဝင်တန်း၊ ဘာသာစုံစာမေးပွဲ အထောက်အကူပြုဆောင်းပါးများကို ဝါရင့်ဆရာကြီးများက ရေးသားပြုစုပြီး လစဉ် ၁ရက်နေ့နှင့် ၁၅ရက်နေ့တိုင်း ထုတ်ဝေလျက်ရှိသည်။ **(အပေါ်ပုံ) (က-ပ)**

ငယ်ပေါင်းကြီးဖော်မြန်မာစာနှင့် အရေးအသားပြဿနာများ စာအုပ်ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၀

မောင်ခင်မင်(ဓနုဖြူ)၏ ငယ်ပေါင်းကြီးဖော် မြန်မာစာနှင့် အရေးအသားပြဿနာများစာအုပ်သည် ကျောင်းသားတစ်ယောက် မြန်မာစာကို သူငယ်တန်းက စသင်ရသည်။ အတန်းတိုင်းမှာ မြန်မာစာပါသည်။ ဆယ်တန်းအောင်တော့လည်း မြန်မာစာကို တက္ကသိုလ်တွင် ဆက်သင်ရသည်။

ထို့ကြောင့် မြန်မာစာဆိုသော ဘာသာရပ်သည် ကျောင်းသားမှန်သမျှ ငယ်ပေါင်းကြီးဖော် သူငယ်ချင်းကြီးသဖွယ်ဖြစ်ကြောင်းကို ကောင်းသန့်စာပေ အမှတ် (၂၀၉) ပ-ထပ်(ယာ) ၃၈ လမ်း(ထက်) ရန်ကုန်မြို့၊ ဖုန်း-၇၂၂၀၃၅မှ တန်ဖိုးကျပ် ၅၀၀ ဖြင့် ဖြန့်ချိထားသည်။**(အောက်ပုံ) (က-ပ)**

သင်္ဘောသားသင်တန်းများဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၀

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများအသင်းမှမြန်မာသင်္ဘောသားများအရည်အချင်းပြည့်ကမ္ဘာ့အဆင့်မီသင်္ဘောသားများဖြစ်ရေးရေး၍ Maritime English Classအမှတ်စဉ်(၁၄)ကိုစက်တင်ဘာ၁ရက်တွင်ဖွင့်မည်။ Safety Awareness သင်တန်းအမှတ်စဉ် (၆)ကို စက်တင်ဘာ ၂ရက်တွင် ဖွင့်မည်ဖြစ်ပြီး ကုန်းပတ်အရာရှိများအတွက် Officer Incharge of a Navigational Watch သင်တန်း အမှတ်စဉ်(၁)ကို စက်တင်ဘာ ၉ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။တက်ရောက်လိုပါက အမှတ်(၅၃) (၃၇)လမ်း (စာပေဗိမာန်အနီး) ဖုန်း-၃၇၅၈၂၀၊ ၃၈၁၅၉၈သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

မင်္ဂလာဈေးမိသားစု၏ (၁၃)ကြိမ်မြောက်ဝါတွင်းသံဃဒါနဆွမ်းလောင်းအသင်းမှ ရန်ကုန်တိုင်းအတွင်း ၁၄ မြို့နယ်၊ ကျောင်းတိုက် စစကျောင်းမှ သံဃာတော် ၄၀၅၃ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်း၊ ဆွမ်းဆန်အိတ်၊ သကၤန်းနှင့် ဆေးဝါးများလောင်းလှူဒါနပြုပွဲကို ဩဂုတ် ၂၀ရက်က မင်္ဂလာဈေးမွှာရုံတွင် ပြုလုပ်ရာ ဆွမ်းလောင်းအသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အမှုဆောင်များ၊ ဈေးသူ၊ ဈေးသားများ ဆွမ်းဆန်လောင်းလှူကြစဉ်။ (၃၂)

မဟာသတင်းဂျာနယ် အတွဲ(၁)၊ အမှတ်(၉၉)ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၀

မဟာသတင်းဂျာနယ် အတွဲ(၁) အမှတ် (၉၉)ကို မဟာအနုပညာရင်ပြင်မှ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အောက်ဝဲပုံ)** မဟာသတင်းဂျာနယ်တွင် စွန်ရဲ၏ တွေ့ကြုံခဲ့ရ လူ့ဘဝ(၃၃)၊ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၏ သီကုံးပန်းသွင် နေ့တိုင်းဆင်လော့(၄)၊ ပါရဂူ၏ မြန်မာ့ယဉ်ကျေးမှုပင်စည်ကြီး၊ ကာတွန်းမြင့်စိုးလေး၏ ဂျာနယ်တောမှာ ဆောင်းပါးတို့နှင့်အတူ ငြိမ်းအေးအိမ်၏ မဟာအခန်းဆက် ဝတ္ထုရှည် အဝါရောင်ဆောင်းရက်များ၏ မိုးစက်ပုံပြင်၊ တက္ကသိုလ်ထွန်းနောင်၏ အခန်းဆက်ဆောင်းပါး၊ စာတွေထဲက အသောကနဲ့ ရုပ်ရှင်ထဲက ASOKA တို့အပြင်၊ ရည်မွန် (ယဉ်ကျေးမှု တက္ကသိုလ်)၏ IMPRESS ဖြစ်စရာကောင်းသည့် ဆရာမလေးအကြောင်းတို့ ဖော်ပြပါရှိကြောင်း သိရသည်။

(က-ပ)

ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၀

၂၀၀၃ခုနှစ် (၁၂)ကြိမ်မြောက် ကာကွယ်ရေးဝန်ကြီးဌာန ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံးညွှန်ကြားရေးမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၆ရက် ညနေ၃နာရီခွဲက ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းအားကစားကွင်း (မင်္ဂလာဒုံ)၌ကျင်းပရာ ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းဌေး၊ ဒုတိယညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီး လှဌေးနှင့် ဦးစီးအရာရှိများ၊ တပ်နယ်၊တပ်ရင်း၊တပ်ဖွဲ့များမှ အရာရှိ စစ်သည်မိသားစုဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အစီအစဉ်အရ ဗိုလ်လုပွဲ ပွဲစဉ်ကို ယှဉ်ပြိုင်ကစားကြပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အသင်းလိုက် ပထမဆုနှင့်ဒုတိယဆုရရှိသောဘောလုံးအသင်းများ၊ နေရာအလိုက် အကောင်းဆုံးဆုရရှိသော အားကစားသမားများနှင့် အသန့်ရှင်းဆုံး ဘောလုံးအသင်းဆုရရှိသော အသင်းတို့ကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်၍ ပထမဆုရရှိသောအသင်းအား ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းဌေးက တံခွန်စိုက်ဒိုင်းဆုကြီး ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ဝန်ထမ်းမိသားစုများ၏ ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးလှမြင့်ဦးသည် ဩဂုတ် ၁၅ရက်က ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ကျင်းပသော ဝန်ထမ်းမိသားစုများ၏ ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး တက္ကသိုလ်ဝင်စာမေးပွဲ၌ ငါးဘာသာဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော မနန်းဥမ္မာအား ဂုဏ်ပြုဆုချီးမြှင့်သည်။

ဂုဏ်ပြုဆုများချီးမြှင့်

ဆက်လက်၍ ပါမောက္ခချုပ် ဗိုလ်မှူးကြီးအောင်ဆန်းဝင်းနှင့် ဒုတိယပါမောက္ခချုပ်တို့က အတန်းလိုက် ပညာရည်ချွန်ဆုရ ကျောင်းသား၊ ကျောင်းသူ ၁၆ဦးတို့အား ဂုဏ်ပြုဆုများကို ချီးမြှင့်ကြသည်။

အဆိုပါ အခမ်းအနားသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဝန်ထမ်းများနှင့် ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများတက်ရောက်ကြသည်။

(သတင်းစဉ်)

ဆဲဗင်းဒေးနယူးစ်ဂျာနယ် အတွဲ (၂)၊ အမှတ်(၂၂)ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၀

မြန်မာနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံများရှိ ရှားပါးလိပ်မျိုးနွယ်များ မျိုးတုံးသေကျေခြင်းမှ ကာကွယ်စောင့်ရှောက်ထိန်းသိမ်းမှုများစတင်အဝေးပြေးကားလက်မှတ်ခများ ဈေးနှုန်းကျဆင်း၊ နိုင်ငံတကာ ငွေကြေးအကျပ်အတည်းများမှ သင်ခန်းစာ အချို့အကြောင်း ဒေါက်တာစိန်မောင်ဟောပြော၊ မိတ်ဆွေဟန်ဆောင်ပြီး ခြိမ်းခြောက်လုယက်မှုများ အဖြစ်မခံ၊ စက္ကူဈေးမြင့်သော်လည်း ဗလာစာအုပ်ဈေးမတက်၊ ပထမဆန်ရောင်းဝယ်ရေးကုမ္ပဏီ ဖွဲ့စည်းလုပ်ကိုင်မည် စသည့်ပြည်တွင်း မျက်မှောက်ရေးရာသတင်းများဖြင့် 7 Day News ဂျာနယ် အတွဲ (၂)၊ အမှတ်(၂၂) ထွက်ရှိသည်။

(အပေါ်ယာပုံ)

သင်္ကာမကင်း လက်နက်ပွဲစားကို ဒုံးကျည်၅၀မှာယူစဉ် လက်ပူးလက်ကြပ်မိ၊ လေ့ကားတက်နိုင်သည့် ဘီးတပ်ကုလားထိုင် ကျန်းမာရေး အာဏာပိုင်များက ခွင့်ပြု၊ လက်ဖက်စိမ်းသည်ကင်ဆာကို ပိတ်ဆို့နိုင်ကြောင်း တွေ့ရ၊ ရေမြွှတ်သေနတ်ကြောင့် တရားရုံးရောက် စသည့်နိုင်ငံတကာ မျက်မှောက်သတင်းများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားသတင်းဝေဝေဆာဆာဖြင့် e-Empire Media House ဖုန်း-၇၀၃၈၀၃ က တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ကြောင်း သိရသည်။

(က-ပ)

အနုပညာဆိုင်ရာသင်တန်း တက်ရောက်နိုင်

ရန်ကုန် ဩဂုတ် ၂၀

အနုပညာရပ်များကို စနစ်တကျနှင့် ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်လိုသူများအတွက် သင်တန်းများကို နတ်သမီး အနုပညာလုပ်ငန်းစုက သင်ကြားပို့ချလျက်ရှိသည်။ ဂစ်တာတီး သင်တန်း၊ ပန်းချီဆွဲနည်းသင်တန်း၊ ဝတ္ထုရေးနည်းသင်တန်းများကို တတ်ကျွမ်းသော နိုင်ငံကျော် အနုပညာရှင်ကိုယ်တိုင် သင်ကြားပေးမည်ဖြစ်သည်။

စက်တင်ဘာလတွင် ဖွင့်လှစ်မည်ဖြစ်သော တန်းခွဲများအတွက် သင်တန်းသားများ လက်ခံလျက်ရှိရာ စိတ်ဝင်စားသူများသည် နတ်သမီးအနုပညာလုပ်ငန်းစု အမှတ် (၂၉၁) မြေညီထပ် လမ်း၄၀(အထက်လမ်း)ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၈၁၁၇၈သို့ ဆက်သွယ် တက်ရောက်နိုင်ကြောင်း သိရသည်။

(က-ပ)

အင်္ဂလိပ်စကားပြော၊ အရေး၊ အဖတ် သင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၂၀

Quality English Language Centre (Q.E.L.C) မှ နိုင်ငံတကာ ကျောင်းဝင်ခွင့် အင်္ဂလိပ်စာ စာမေးပွဲများဖြစ်သော TOEFL, IELTS, SAT(I), SAT(II), GRE တို့ကို သင်ကြားလျက် ရှိသည်။ ထို့အပြင် အင်္ဂလိပ်စာ စကားပြောသင်တန်း (BSE/IE), 4Skills English, Grammar သင်တန်း၊ Reading and Writing သင်တန်းများကိုလည်း သင်ကြားပေးလျက်ရှိသည်။ ကလေးများ အင်္ဂလိပ်စာ အခြေခံရရှိရန် English Skills Foundation(ESF)ကိုလည်းဖွင့်လှစ်သင်ကြားပြီး ဩဂုတ် ပထမဆုံးတန်းခွဲသစ်ကို ဩဂုတ်၂၃ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ ဆရာဦးမောင်မောင်သိန်း Q.E.L.C အမှတ်(၁၅၆)အနော်ရထာလမ်း လေးထပ် (4D) (၄၆)နှင့်(၄၇)လမ်းကြား ဗိုလ်တထောင်မြို့နယ် ဖုန်း-၇၂၄၅၂၀ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)



ယာဉ်မောင်းသူသို့ စိတ်အာဟာရစာအုပ်ထုတ်ဝေ

ရန်ကုန် ဩဂုတ် ၂၀

ဦးမောင်တိုတ် ပြုစုရေးသားသော ယာဉ်မောင်းသူသို့ စိတ်အာဟာရ စာအုပ်အား မျိုးဆက်သစ်စာပေ အမှတ် ၂၁၂/၂(ခ) ပထမထပ်၊ ၃၆လမ်း (အထက်)၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၂၄၉၉၄၁ က မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ကြောင်း သိရသည်။ **(ဝဲပုံ)** (က-ပ)

ဩဂုတ် ၁၇ ရက်က တာမွေမြို့နယ် ဂျီအီးစီ(ပညာရေး)ဝန်ထမ်းများ သမဝါယမအသင်းလီမိတက် ၂၀၀၂-၂၀၀၃ခုနှစ် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည် အစည်းအဝေးကို အထက(၁) ပင်လုံခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ မြို့နယ်ပညာရေးမှူး ဦးဝမ်းမောင်က အမြတ်ဝေစုငွေ ၂၆၃၃၃၈၇ကျပ်ကို အသင်းအုပ်ချုပ်မှု ဒါရိုက်တာ လက်ထောက် ပညာရေးမှူး ဦးဝင်းထိန်ထံ ပေးအပ်စဉ်။

(က-ပ)

၂၀၀၃ခုနှစ် ဩဂုတ် ၁၉ ရက် အင်္ဂါနေ့ထုတ် အတွဲ(၂) အမှတ်(၃) ဟာသဂျာနယ် မျက်နှာဖုံး။

(က-ပ)

အင်္ဂလိပ်ဘာသာ သင်တန်းများဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၀

Forward Language Centre တွင် ဆရာမ ဒေါ်ညွန့်ညွန့်ဝင်း B.A (English) M.Phil, M.A က တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၊ ဘွဲ့ရပြီး လုပ်ငန်းခွင်ဝင်ရောက်လိုသူများအတွက် အရေး၊ အကြား၊ အပြော၊ အဖတ် General English Proficiency Courses များကို ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။

စိတ်ပါဝင်သူများသည် Forward Language Centre အမှတ် (၈၃၃) ပထမထပ် မဟာဗန္ဓုလလမ်းနှင့် (၉) လမ်းထောင့် လမ်းမတော်မြို့နယ် ဖုန်း-၂၂၇၀၈၂ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၃၇၅) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၀

၁၉၉၆ ခုနှစ် ဧပြီလမှ စတင်ထုတ်ဝေခဲ့သည့် ပြည်မြန်မာသတင်းဂျာနယ်ကို စက္ကူဖြူအရျောစားဖြင့် သတင်းဦးစားပေး အသွင်သစ် ဆက်လက်ထုတ်ဝေလျက်ရှိရာ ဆလုံတိုင်းရင်းသားတို့၏ ဘဝကို ကမ္ဘာလှည့်တို့ လေ့လာနိုင်၊ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲများကို ခွဲစိတ်ကုသပေးနေ၊ ဈေးကောင်းရနေသော သစ်ခွ၊ စာရေးဆရာမ မြသန္တာနှင့် တွေ့ဆုံခြင်းစသည့် ပြည်တွင်းပြည်ပများဖြင့် ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၃၇၅)ကို သုတစွယ်စုံစာအုပ်တိုက် အမှတ် (၉) ရေကျော်လမ်း ပုဇွန်တောင်မြို့ နယ် ရန်ကုန်မြို့ ဖုန်း-၂၀၀၅၁၂နှင့်၂၀၂၀၈၉က တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။**(အောက်ပုံ)**(က-ပ)

Mastiff သားပေါက်များရောင်းရန်

ပြိုင်ပွဲ ပထမဆုရ Imported Old English Mastiff မေရီနှင့် ကင်းကောင်မှ ပေါက်သော အရိုးအဆစ်ကြီး ခွေးကြီးမျိုး နှစ်လသားပေါက်များ ရောင်းရန်ရှိသည်။

မောင်ဌေး
ထူးအော်တိုဆားဗစ်
(၂၅၃)ပြည်လမ်း၊မြေနီကုန်း
ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၀၀၉၈၇။

အရောင်အသွေးစုံ၊ အပွင့်အလှစုံသည့် (၃၂)နှစ်မြောက် လောကနတ် ပန်းချီပြပွဲ

ခံစားရေးဖွဲ့သူ–ဌေးကြည်
ဓာတ်ပုံမှတ်တမ်းတင်–ခင်မောင်ဝင်း(ကြေးမုံ)

ရန်ကုန် ဩဂုတ် ၂၀ (၁၉–၈–၂၀၀၃)နေ့မှအဆက်

လောကနတ်ပန်းချီပြခန်း၏ (၃၂) နှစ်မြောက် ပန်းချီပြပွဲကို ပန်းဆိုးတန်းလမ်းရှိ လောကနတ်ပန်းချီပြခန်းတွင် နိုဝင်ဘာ ၂၉ ရက်မှစတင်ပြသလျက်ရှိသည်။ ယင်းပန်းချီပြပွဲတွင် တင်သွင်းပြသထားသည့် ပန်းချီဆရာကြီးများ၏ လက်ရာစုံ၊ ရေးနည်းစုံ ပန်းချီကားများကို ပန်းချီဝါသနာရှင်များ သွားရောက်လေ့လာကြည့်ရှုနိုင်ရန်အတွက် ဆက်လက်တင်ပြလိုက်ရပေသည်။

ဆရာဦးကြည်ဝင်း၏ ဖယောင်းရောင်စုံဖြင့် ရေးခြယ်ထားသည့် **ကျောင်းသို့** ကားကလေးကလည်း ဆွဲဆောင်မှုအားက ကောင်းသည်။ ရဟန်းတော်နှစ်ပါး ဆွမ်းခံပြန်ကို နောက်ကျောဘက်မှ ရေးထားပြီး ဝဲဘက်မှ ပြိုပျက်နေသော်လည်း သဘာဝဘေးဒဏ်ကို ကြံ့ကြံ့ခံနေသည့် စေတီများနှင့် ယာဘက်မှ အုပ်ဆိုင်းနေသည့် သစ်ပင်ကြီး နှစ်ပင်သည် ရဟန်းတော်နှစ်ပါး၏ ကြွချီကို ပို၍ တည်ငြိမ်သွားစေသည်။

ဆရာဦးကြည်ဝင်း၏ ကျောင်းသို့ ပန်းချီကားကလေးသည် ရဟန်းတော်နှစ်ပါး ဆွမ်းခံပြန်ကို နောက်ကျောဘက်မှ ရေးထားပြီး ဝဲဘက်မှပြိုပျက်နေသော်လည်း သဘာဝဘေးဒဏ်ကို ကြံ့ကြံ့ခံနေသည့်စေတီများနှင့် ယာဘက်မှ အုပ်ဆိုင်းနေသည့် သစ်ပင်ကြီးနှစ်ပင်သည် ရဟန်းတော်နှစ်ပါး၏ ကြွချီကို ပိုမိုတည်ငြိမ်သွားစေသည်။ ဓာတ်ပုံ–ခင်မောင်ဝင်း(ကြေးမုံ)

ဆရာဦးကြည်ဝင်းကိုလည်း သူတင်သွင်းထားသည့် ပန်းချီကားများနှင့် ပတ်သက်၍ မေးမြန်းခဲ့သည်။ ဆရာ ဦးကြည်ဝင်းက "ကျွန်တော်အနေနဲ့ ဆီဆေးနှစ်ကားနှင့် ပက်စတယ်နှစ်ကား တင်သွင်းထားပါတယ်။ ပက်စတယ်ကို အခုမှ စရေးတာဖြစ်ပါတယ်။ အရောင်တွေကိုပေါ်လွင်အောင် အလျှော့အတင်း ကလေးတွေနှင့် အတတ်နိုင်ဆုံး ကြိုးစားရေးထားပါတယ်။ ရေးချက်ကို အသားပေးထားပါတယ်။ ဆီဆေးနှင့်တော့ မတူပါဘူး။ အခုတင်သွင်းထားတဲ့ ပုဂံ ဆီဆေးကားဆိုရင် ခါးခြစ် ရေးနည်းနှင့် ရေးထားတာ ဖြစ်ပါတယ်။ ခါးနှင့် ရေးတဲ့နေရာမှာ ခါးချက်တွေဟာ မှန်ရပါမယ်။ ခါးနှင့်ရေးတယ်ဆိုပေမယ့် စုတ်ချက်သဘောကို ကောင်းကောင်းနားလည်ရမှာဖြစ်ပြီး စုတ်ချက်သဘောနားမလည်ရင် လည်နေတတ်ပါတယ်။ ဆေးတွေကို တင်ရင်းတင်ရင်းနှင့် ဆေးတွေရောပြီးတော့ ပန်းချီကားလည်း ပျက်တော့တာပါပဲ။ စုတ်နဲ့ကတော့ ကျွန်တော်ရေးနေကျလို့ ဆိုရပါမယ်။ အနီးအဝေးတွေ မှန်ကန်အောင် သရုပ်မှန်ကိုရှာပြီး ရေးပါတယ်။ ကျွန်တော်က အနုစိတ်သမားဆိုတော့ ကျွန်တော့် ပန်းချီကားတွေကို အနုစိတ်ပဲ ရေးပါတယ်"ဟု ကြေးမုံသို့ ရှင်းပြသည်။

အမှောင်သန်းနေသည့်ဆည်းဆာထဲမှ တပင်ရွှေထီးထန်းတောနှင့် ထန်းတက်သမားသည် ကြည့်သူကို တစ်မျိုးတစ်ဘာသာ စွဲမက်စေသည်။
ဆရာဦးစောလှိုင်၏ တပင်ရွှေထီးထန်းတော(ဆီဆေး)
ဓာတ်ပုံ–ခင်မောင်ဝင်း(ကြေးမုံ)

မိမိတို့ သတင်းအဖွဲ့သည် ထူးထူးခြားခြား ရေးဆွဲတင်ပြထားသည့် ခေတ်သစ် ပန်းချီကားများကိုလည်း လိုက်လံကြည့်ရှုလေ့လာမိသည်။ ပန်းချီပွဲများ၌လည်းကောင်း၊ မဂ္ဂဇင်းစာမျက်နှာများ၌လည်းကောင်း၊ ခေတ်သစ်နည်းကို တစိုက်မတ်မတ် ရေးဆွဲလေ့ရှိကြသည့် ဆရာဖေညွှန့်ဝေ၊ ဆရာဘိုကြည်၊ ဆရာမှတ်သုံ၊ ဆရာနေမျိုးဆေးတို့၏ ကားများကို မြင်ရသကဲ့သို့ ပန်းချီဆရာမ နန်းနန်း၏ ကားများကိုလည်း ကြည့်ရှုခွင့်ရခဲ့သည်။

အဝေးရှိရေကန်ထဲမှ တံတားနှင့် သမ္ဗန် ကလေးသည် သစ်ပင်အိုကြီး၏ တည်ကြည်ခံ့ညားမှုကိုပိုမိုထင်ရှားစေသည့်အပြင် သစ်ပင်ခွကြားနှင့် ပင်စည်ပေါ်မှအလင်းသည်သစ်ခြောက်ပင်ကြီး၏ အိုမင်းခြင်း၊ ရင့်ရော်ခြင်းကို ပေါ်လွင်စေသည်။
ဆရာသန်းဝင်းထွန်း၏ သစ်ပင်အိုနှင့် တံတား(ဆီဆေး)
ဓာတ်ပုံ–ခင်မောင်ဝင်း(ကြေးမုံ)

ဆရာဖေညွှန့်ဝေသည် ယခုပွဲတွင် **အက်စ်စမိုး၊ လေထုညစ်ညမ်းမှု၊ မြေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှု** ကားများကို တင်သွင်းထားသည်။ ခေတ်သစ်နည်းသည် ပန်းချီဆရာ၏ စိတ်ခံစားချက်ကို အရောင်များ၊ မျဉ်းများ၊ ရေးချက်များတို့ဖြင့် ပုံဖော်ထားခြင်းဖြစ်သည်။ ယခုပြပွဲတွင် တင်သွင်းထားကြသည့် ခေတ်သစ် ပန်းချီဆရာများသည် မြန်မာဓလေ့၊ မြန်မာအငွေ့အသက်ကို မမေ့ကြပေ။ ထို့ကြောင့်လည်း ပန်းချီဝါသနာရှင်များအနေဖြင့် ခေတ်သစ် ပန်းချီကားများ၏ အရသာကို မျှဝေခံစားနိုင်ကြပေသည်။ မိမိတို့သည် ဆရာဖေညွှန့်ဝေနှင့်လည်း တွေ့ဆုံမေးမြန်း ခွင့်ရခဲ့ပါသည်။ ဆရာဖေညွှန့်ဝေက ၎င်းတင်သွင်း ပြသထားသည့် ပန်းချီကားများနှင့် ပတ်သက်ပြီး "ကျွန်တော့်အနေနှင့် ယနေ့ထွက်ရှိနေတဲ့ မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေကို ဖတ်ရှုတဲ့အခါ အနိဋ္ဌာရုံတွေကိုပဲ တွေ့မြင်ဖတ်ရှုနေရပါတယ်။ အဓိကကတော့ ကမ္ဘာကြီးဟာ ညစ်ညမ်းလာတယ်ဆိုတာပါပဲ။ အဲဒီလို ညစ်ညမ်းလာမှုဟာ သဘာဝကြောင့်ဖြစ်သလို လူတို့ရဲ့ ပယောဂကြောင့်လည်း ဖြစ်လာတာကို တွေ့မြင်နေရပါတယ်။ ကမ္ဘာကြီးဟာ မြေဆီလွှာတွေ ပြုန်းတီးလာတယ်၊ အိုဇုန်းလွှာတွေ ပါးလာတယ်၊ ကမ္ဘာကြီးပူနွေးလာတယ် စသည်ဖြင့်ပေါ့။ အဲဒါတွေကို ပန်းချီပညာနှင့် သရုပ်ဖော်ချင်တဲ့အတွက် အခုကားတွေကို ရသလောက်နှင့် ရေးဆွဲတင်ပြထားပါတယ်။ အကောင်းအထည်ကိုတော့ ထုနှင့်ထည်နှင့်မြင်ရမှာ မဟုတ်ပါဘူး။ အရောင်တွေ၊ အနုအရင့်ရေးချက်တွေ၊ အနီးအဝေးတွေကို အဆင်တန်ဆာထဲမှာထည့်ပြီး ရေးထားပါတယ်။ အောင်မြင်တာ၊ မအောင်မြင်တာကတော့ ကျွန်တော့်အပိုင်းပါပဲ"ဟု ရှင်းပြခဲ့သည်။



အတွေးထဲမှ မန္တလေးကို မျဉ်းဖြောင့်များ၊ တြိဂံများ၊ စတုဂံများ၊ အရောင်များဖြင့် ရေးပြလိုက်သောအခါ ရွှေဟောင်းမန္တလေး၊ နေပြည်တော်မန္တလေး၊ ဗုဒ္ဓဘာသာ သာသနာထွန်းကားရာမန္တလေးကို ဘွားခနဲ ရင်ဆိုင်တွေ့လိုက်ရသလို ခံစားမိသည်။
ဆရာဘခိုင်၏ မန္တလေး(ဆီဆေး) ပန်းချီကား။
ဓာတ်ပုံ–ခင်မောင်ဝင်း(ကြေးမုံ)

ဧည့်ပန်းချီဆရာများထဲမှ ဆရာဘခိုင်၏ **မန္တလေး**ကားကလေးကို မြင်ရသောအခါ ဆရာပေါ်ဦးသက်ကို ပြန်လည်သတိရမိသည်။ အတွေးထဲမှ မန္တလေးကို မျဉ်းဖြောင့်များ၊ တြိဂံများ၊ စတုဂံများ အရောင်များဖြင့် ရေးပြထားသည်မှာ ရွှေဟောင်းမန္တလေး၊ နေပြည်တော်မန္တလေး၊ ဗုဒ္ဓဘာသာ သာသနာထွန်းကားရာ မန္တလေးကို ဘွားခနဲ ရင်ဆိုင်တွေ့လိုက်ရသလိုခံစားရသည်။

ဆရာကြီးမြင့်စောသည် မကြာမီက လောကနတ်ပန်းချီပြခန်းတွင် ပြသသွားသော ကံ့ကော်တော ပန်းချီပြပွဲတွင် ခေတ်သစ်နည်းဖြင့် ရေးဆွဲထားသော **ရန်ကုန်ည**ကားများကို တင်သွင်းခဲ့သည်။ ယခုပြပွဲတွင် သရုပ်မှန်ရေးဆွဲထားသည့် **ဈေး**ကို တင်ပြထားသည်။ ဈေးသည် ရန်ကုန်မြို့၏ ပလက်ဖောင်းပေါ် စည်ပင်ထီးအောက်က ဈေးဖြစ်သည်။ အရောင်အသွေးရောကားဖွဲ့စည်းပုံပါ ကောင်းလှပေသည်။

ရဟန်းတော်တစ်ပါး မီးမလောင်ကျောင်းပေါ်ကြွသွားပုံ ရေးဆွဲထားသည့် **မီးမလောင်ကျောင်း**ပန်းချီကားကလေးမှာလည်း အတွေးရောအရေးပါ ကောင်းမွန်လှသည်။ အမှောင်ရိပ်ထဲမှ အလင်းထဲသို့ ကြွသွားပုံမှာ သံသရာအရှုပ်အထွေးမှ မဂ်လမ်းခရီးသို့ ကြွချီပုံ ပေါ်လွင်လှပါသည်။ လှေကားတစ်ဖက်တစ်ချက်မှ ခြင်္သေ့ကြီးနှစ်ကောင်၏ အားမာန်သည် မြန်မာဗိသုကာ၏ ခံ့ထည်မှုကိုပြသည်။ ရေးဆွဲသူက ဆရာကိုကိုအောင် ဖြစ်သည်။

ဆရာသန်းဝင်းထွန်း၏ **သစ်ပင်အိုနှင့်တံတား** ကလည်း တစ်မျိုးတစ်ဘာသာ။ အရွက်တစ်ရွက်မျှ မရှိတော့သော သစ်ခြောက်ပင်အိုကြီးသည် ကန်ထဲတွင် လှော်ခတ်လာသည့် ငှက်သမ္ဗန်ကလေးကို အပေါ်မှ စီးမိုးကြည့်နေသလား ထင်ရသည်။ အဝေးရှိ ရေကန်ထဲမှ တံတားနှင့် သမ္ဗန်ကလေးသည် သစ်ပင်အိုကြီး၏ တည်ကြည်ခံ့ညားမှုကို ပိုမိုထင်ရှားလာစေသည်။ သစ်ပင်ခွကြားမှ အလင်းရောင်ကလေးနှင့် ပင်စည်ပေါ်မှ အလင်းသည် သစ်ခြောက်ပင်ကြီး၏ အိုမင်းခြင်း၊ ရင့်ရော်ခြင်း၏ ဘဝကို ပေါ်လွင်ပါသည်။

ဆရာတင်အောင်ထိုက်၏ **လှေများ**မှာ ရန်ကုန်မြစ်အတွင်းမှ သဲများကို သယ်လာသည့် သမ္ဗန်များ ဖြစ်သည်။ ဆရာသည် ရေဆေးအကြည်ရေးချက် နိုင်နင်းသည်ကို တွေ့ရသည်။ လက်လုပ်လက်စား ဆင်းရဲသားတို့၏ ဘဝအားမာန် ရှန်းကန်မှုကို အနီးမှထည့်ဝါလှသည့် မြစ်ကူးတံတားကြီးကြောင့် ပိုမိုထင်ရှားလာသည်။ ညနေဆည်းဆာ၏ အလင်းရောင်ကြောင့် ဆရာ၏ ပန်းချီကားကလေးသည် ကြွရွနေတော့သည်။

လောကနတ်ပန်းချီကားပြခန်း၏ (၃၂)ကြိမ်မြောက် ပန်းချီပြပွဲကို မိမိတို့သတင်းအဖွဲ့သည်ပင် နှစ်ကြိမ်သွားရောက်ကြည့်ရှုမိသည်။ အရောင်အသွေးစုံ လက်ရာစုံသဖြင့် တစ်ခေါက်ရောက်ပြီးလျှင် နောက်တစ်ခေါက်ရောက်ချင်ပေမည်။ ပြပွဲရက်ကိုလည်း ၂၀၀၃ ခုနှစ် ဇူလိုင် ၂၉ ရက်မှစ၍ ဒီဇင်ဘာ ၃၁ ရက်ထိ ပြသလျက်ရှိပေရာ ရက်အရှည်ကြာဆုံး ပြပွဲကြီးတစ်ခုပင်ဖြစ်သည်။ ထို့ကြောင့် ပန်းချီဝါသနာရှင်များအတွက် အေးအေးဆေးဆေး အချိန်ယူကာ ကြည့်ရှုနိုင်မည့် ပန်းချီပြပွဲက ကြိုဆိုလျက်ရှိပါကြောင်း သတင်းစကားပါးလိုက်ရပေသည်။ ။
(ကြေးမုံ)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ
ဗိုလ်မှူးကြီးခင်မောင်မြင့် – ဒေါ်အေးအေးသန်းတို့၏သားကြီး
မောင်မြတ်ဆွေမြင့်
(Diploma in Business Management˚-˚AUSTRALIA)
Managing Director, EUGENIA Manufacturing International Co., Ltd.
နှင့်
ရန်ကုန်မြို့နေ
(ဗိုလ်မှူးကြီးချစ်ရီ – ဒေါ်တင်ကြည်)တို့၏သမီး
ဦးညွန့်လှိုင် – ဒေါ်ကြည်ကြည်ချစ်၊ ဦးချစ်အေးတို့၏ညီမငယ်
မအိနှင်းဖြူ B.Sc˚(Zoology)
MOGOKE TIGER Gems Co., Ltd.

တို့သည် ၂၀–၈–၂၀၀၃ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုး၊ မိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိ လူကြီးများ၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မြတ်ဆွေမြင့် – မအိနှင်းဖြူ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender) များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို အမေရိကန်ဒေါ်လာ (US Dollar)၊ ယူရိုငွေကြေး (Euro)၊ မြန်မာငွေ (Kyats)များဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender) များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	12(T) 5/MR(ML)2003-2004	Spare Parts for Diesel Electric Locomotives & Diesel Hydraulic Locomotives	1-Lot (51 Items)

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် – ၁၅–၁၀–၂၀၀၃ (ဗုဒ္ဓဟူးနေ့) (၁၂:၀၀)နာရီ
ချိပ်ပိတ်တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန် – ၁၅–၁၀–၂၀၀၃ (ဗုဒ္ဓဟူးနေ့) (၁၄:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၀–၈–၂၀၀၃ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၂၉၁၉၈၂၊ ၂၀၁၅၅၅၊ လိုင်းခွဲ–၆၀၂၊ ၆၀၅၊ ၆၁၂။





သဘော်သား ရှုဆေး

ခေါင်းမူး၊ သွေးတိုး၊ သွားနာ၊ ကြွက်နို့၊ ခါးနာ၊ နှင်းခူ၊ လိပ်ခေါင်း၊ အသားမာ၊ ယားနာ၊ ဂရင်ဂျီနာ၊ မျက်စိနာ ပျောက်သည်။
ဖြန့်–ဝင်းမြင့်၊ ၁၅လမ်း၊ ရန်ကုန် အဖြို့မြို့ဆိုင်တွင်ရှိသည်။ ဖုန်း–၂၂၆၃၈၂။

ခရုသင်းခြောက်မျိုး အထူးကုသမားတော်ကြီး ဦးကျော်ဟိုး

ဆရာကြီး ဦးကျော်ဟိုးသည် သထုံမြို့မှ ရန်ကုန်သို့ပြောင်းရွှေ့ပြီး ခရုသင်းခြောက်မျိုးနှင့် အတက်ရောဂါ ခုနစ်မျိုးတို့ကို ကုသပေးနေပြီဖြစ်ကြောင်း ရောဂါသည် အပေါင်းသိစေရန် ကြေညာအပ်ပါသည်။ သွေးတိုး၊ ဆီးချို၊ လေငန်းဆေးကိုရောင်းချနေပါပြီ။

သမားတော်ကြီးဦးကျော်ဟိုး၊ ဇင်ယော်လမ်း၊ အမှတ်(၃၇/၂) (၁၄)ရပ်ကွက်၊ မြင်သာအိမ်ရာ–၂၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။



ဂျပန်ဘာသာစကားကျွမ်းကျင်မှုစာမေးပွဲ

ဂျပန်နိုင်ငံ The Japan Foundation, Association of International Educationမှ ကမကထပြု ကြီးမှူး၍ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးတို့ ပူးပေါင်း စီစဉ် ကျင်းပမည်။

စာမေးပွဲကျင်းပမည့်ရက် – ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၇ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်နေရာ – ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
လျှောက်လွှာတင်ရက် – ၂၀၀၃ခုနှစ် သြဂုတ်လ ၁၂ရက်မှ ၂၀၀၃ခုနှစ် စက်တင်ဘာလ ၂၆ရက်နေ့အတွင်း
လျှောက်လွှာရရှိနိုင်သည့်နေရာ – ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
စစ်ဆေးမည့်အစီအစဉ် – Level 1, Level 2, Level 3, Leve 4 အဆင့်(၄)ဆင့်ခွဲ၍ (1) writing-vocabulary, (2) Listening and (3) reading-grammar စစ်ဆေးမည်။

အသေးစိတ်ကို အောက်ပါနေရာတွင် စုံစမ်းနိုင်ပါသည်။
ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် – ၅၁၅၂၃၆
မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် – ၀၂–၃၂၃၃၀

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
အင်္ဂါးယာဉ်ဌာန

အင်္ဂါးယာဉ်ဌာနတွင် ဖွင့်လှစ်သော အမျိုးသား၊ အမျိုးသမီး အခြေခံယာဉ်မောင်းသင်တန်းကို ၁–၉–၂၀၀၃နေ့တွင် ဖွင့်လှစ်ပါမည်။
- ၁၁–၈–၂၀၀၃နေ့တွင် စာရင်းပေးသွင်းနိုင်ပါသည်။
- အင်ဂျင်နီယာမှူးများနှင့် ဝါရင့်နည်းပြဆရာများက သင်ကြားပေးသည်။
- သင်မောင်းလိုင်စင်နှင့် "ခ"လိုင်စင်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးသည်။
- သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။

ဆက်သွယ်ရန် – **ပြည်လမ်း၊ (၈)မိုင်လမ်းဆုံနှင့် မြိုင်ဟေဝန်ပန်းခြံလမ်း၊ မရမ်းကုန်းမြို့နယ်၊**
ဖုန်း – **၆၆၀၈၅၁။**



ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၆(သမိုင်း)၊ မြေကွက်အမှတ် $\frac{၃၄}{၄}$ + $\frac{၃၃}{၈}$ ၊ဧရိယာ(၀ဒသမ၀၆၄)ဧကရှိ(အစိုးရမြေ)၊ အမှတ်–၂၆၊ သီရိမင်္ဂလာလမ်း၊ ၆ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ဟုခေါ်တွင်သောမြေကွက်ကို ဦးတင့်လွင်အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ နှစ်(၆၀)မြေငှားစာချုပ်ထုတ်ပေးမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်နေ့မှစ၍ တစ်ပတ်အတွင်း ဤဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့။

ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့်ရိုးရာဓလေ့ဌာန
(SEAMEO Regional Centre for History and Tradition)
သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့်ရိုးရာဓလေ့ဌာန (SEAMEO Regional Centre for History and Tradition)၏ အစီအစဉ်ဖြင့် အောက်ပါသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

